# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (ဝ၈၇)


## အထက(၁) လသာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းသားဟောင်းများ၏ (၂၅) ကြိမ်မြောက် (ငွေရတု) အာစရိယပူဇော်ပွဲကျင်းပ


စာ-၄


# ခရစ္စမတ်ပွဲတော် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲများကို ရန်ကုန်မြို့၌ ကျင်းပ၊ ပြည်သူများ ကြည့်ရှုအားပေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပထမဆုံးအကြိမ် ကျင်းပသော ရန်ကုန်မြို့ ခရစ္စမတ်ပွဲတော် အထိမ်းအမှတ်ကို ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကာ ရန်ကုန်မြို့တွင်း သုံးနေရာခွဲ၍ ကျင်းပရာ ဒီဇင်ဘာ ၂၅ ရက် နောက်ဆုံးညတွင် ပြည်သူများ လာရောက်ကြည့်ရှု အားပေးကြသည်။

ပထမဆုံးအကြိမ် ရန်ကုန်မြို့၌ ကျင်းပသော ခရစ္စမတ်ပွဲတော်ကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၅ ရက် **(ယနေ့)** အထိ နေ့စဉ် ညနေ ၆ နာရီခွဲမှ ည ၁၀ နာရီအတွင်း ကျင်းပခဲ့သည်။ ရန်ကုန်မြို့၌ ပထမဆုံးကျင်းပသည့် ခရစ္စမတ်ပွဲတော်ကို ဗိုလ်ချုပ်ဈေးရှေ့မှ သိမ်ဖြူလမ်းထောင့်အထိ၊ မောနေ္တလဘုရားကျောင်းရှေ့ (မဟာဗန္ဓုလပန်းခြံ)နှင့် သခင်မြပန်းခြံ (အလုံမြို့နယ်)တို့၌ သုံးနေရာခွဲ ကျင်းပခဲ့ရာ ပွဲတော်ကာလ သုံးရက်အတွင်း အဆိုပါကျင်းပရာ နေရာများ၌ ငြိမ်းချမ်းခြင်းအတွက် ဆုတောင်းပေးခြင်း၊ ခရစ္စမတ် ဓမ္မတေးသီချင်းများ သီဆိုချီးမွမ်းခြင်း၊ ခရစ္စမတ် Cantata သီဆိုခြင်း၊ တေးသရုပ်ဖော် တင်ဆက်ခြင်း၊ ခရစ္စမတ် နိပါတ်စဉ် ပြသခြင်း၊


*စာမျက်နှာ ၇ ကော်လံ ၁* ❐





ပထမဆုံးအကြိမ် ကျင်းပသော မောနေ္တလဘုရားကျောင်းရှေ့ ခရစ္စမတ်ပွဲတော်သို့ ပြည်သူများ လာရောက်အားပေး ကြည့်ရှုနေကြစဉ်။ ဓာတ်ပုံ-မင်းထက်

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## မန္တလေးမြို့ မက်သဒစ်အသင်းတော်ဘုရားကျောင်း၌ ခရစ္စမတ်ပွဲတော်အခမ်းအနား စည်ကားစွာကျင်းပ


စာ-၅


## ထိန်းသိမ်းစို့ မသေ့ လွတ်လပ်ရေးအမွေ


စာ-၆



KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

မြန်မာ့အလင်း

# နိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့

၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်မှုသည် နှစ်(၇၀)ပြည့်မည် ဖြစ်ပါသည်။ ကိုလိုနီဘဝမှ ရုန်းကန်လွတ်မြောက်လာသော နိုင်ငံတော်၏ လွတ်လပ်ရေး ဖြတ်သန်းမှုဘဝကို ပြန်သုံးသပ်ကြည့်မိပါသည်။ လွတ်လပ်ရေးမရမီ အကြိုကာလ၌ပင် နိုင်ငံတော်သည် ဝါဒရေးရာ ယှဉ်ပြိုင်မှုတို့ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားရေးတပ်ပေါင်းစု ဖြစ်သည့် ဖဆပလအဖွဲ့ချုပ်ကြီးသည် စစ်ဘေးစစ်ဒဏ်တို့ကြောင့် ထောင်းထောင်းကြေခဲ့သော နိုင်ငံတော်ကို အမြန်ဆုံးပြန်လည်ထူထောင် နိုင်ရန် တိုင်းပြည်လွတ်လပ်ရေးကို နယ်ချဲ့ဗြိတိသျှတို့နှင့် ဆွေးနွေးညှိနှိုင်း ရယူရန် ဆုံးဖြတ်ခဲ့ပါသည်။ ဗမာပြည် ကွန်မြူနစ်ပါတီသည် နယ်ချဲ့တို့နှင့် ညှိနှိုင်းရယူသော လွတ်လပ်ရေးသည် မစစ်မှန်ဟု ခံယူကြေညာရပ်တည် ခဲ့ပါသည်။ တိုင်းပြည်၏ ပကတိအခြေအနေကို အခြေခံ၍ လက်တွေ့ကျကျ ဆောင်ရွက်မည်ဟူသော ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသား ရေး အင်အားစုတို့နှင့် သဘောတရားအခြေခံ အင်အားစုတို့ သဘောထား ကွဲလွဲခဲ့ခြင်း ဖြစ်ပါသည်။ ဤသဘောထားကွဲလွဲမှုသည် လွတ်လပ်ပြီးစ နိုင်ငံတော်၌ ပြည်တွင်းစစ်မီးကို တောက်လောင်စေခဲ့ပါသည်။ နှစ်ပေါင်း (၇၀) ရှိပြီဖြစ်သော်လည်း ပြည်တွင်းစစ်မီးသည် အပြီးတိုင် ချုပ်ငြိမ်း သည်ဟု မဆိုနိုင်။ ပြည်တွင်းစစ်၏ ဒဏ်ရာ၊ ဒဏ်ချက်တို့ကို ရင်ဆိုင်နေ ရဆဲ ဖြစ်ပါသည်။

လွတ်လပ်ရေးသက်တမ်း နှစ် (၇၀)ပြည့်တော့မည်ဖြစ်သော ပစ္စုပ္ပန် ကာလကို သုံးသပ်ပါက လွတ်လပ်ရေးအကြိုကာလ၌ ရင်ဆိုင်ကြုံတွေ့ခဲ့ ရသော နိုင်ငံထူထောင်ရေးဆိုင်ရာ သဘောထားကွဲလွဲမှုမျိုးတို့ကို မတွေ့ရှိ ရတော့သည်မှာ အပေါင်းလက္ခဏာဆောင်သော သမိုင်းရေးတိုးတက်မှုဟု ခံယူပါသည်။ ဈေးကွက်စီးပွားရေးနှင့် ဒီမိုကရေစီလူ့အဖွဲ့အစည်း ထူထောင်ရေးတို့ကို နိုင်ငံရေးအင်အားစုတိုင်းက ဆုပ်ကိုင်ခံယူထားကြ ပါသည်။ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရန် တပ်မတော်အပါအဝင် နိုင်ငံရေး အင်အားစုတိုင်းက သဘောတူလက်ခံကြပြီး ဖြစ်ပါသည်။ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုအား မည်သို့မည်ပုံ ထူထောင်မည်ကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးရဦးမည် ဖြစ်သော်လည်း ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စု ထူထောင်ရမည်ဟူသော နိုင်ငံရေးဦးတည်ချက်ကိုမူ အခိုင်အမာချမှတ်ထားပြီး ဖြစ်ပါသည်။

နိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက တစ်ခဲနက်ရွေးချယ်တင်မြှောက်လိုက်သည့် လူထုအစိုးရသစ်က ဒုတိယအကြိမ် တာဝန်ယူကျင်းပရမည် ဖြစ်ပါသည်။ (၅၆) နှစ်ဟူသော အချိန်ကာလအတွင်း ပြည်သူလူထု၏ အချုပ်အခြာ အာဏာလွှဲအပ်ပေးခြင်းခံရသည့် လူထုအစိုးရသစ်က လွတ်လပ်ရေးနေ့ ကျင်းပရေးကို ဒုတိယအကြိမ် တာဝန်ယူကျင်းပရခြင်း ဖြစ်ပါသည်။ ဤအချက်က တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ကြိုးပမ်းခဲ့ရသည့် ဒီမိုကရေစီရေး လှုပ်ရှားရုန်းကန်မှုကို ဖော်ပြနေသည်သာမက တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ဒီမိုကရေစီရေးသန္နိဋ္ဌာန်ကိုလည်း မီးမောင်းထိုး ပြသနေပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ နှစ် (၇၀) ပြည့်မြောက် လွတ်လပ်ရေးနေ့သည် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ မဆုတ် မနစ်သော ဒီမိုကရေစီရေးသန္နိဋ္ဌာန်ကို ဖော်ကျူးဂုဏ်ပြုခြင်းဖြစ်ပါ ကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ၂၆ -၁၂- ၂၀၁၇ (အင်္ဂါနေ့)

| | | |
|---|---|---|
| ၆း၀၀ | - | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | Breakfast news |
| ၉း၂၀ | - | “New Year Ender 2017” (part-1) |
| ၁၁း၀၀ | - | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် **“တောကျီးကန်း(သို့)ခိုးဆိုးလုနိုက်(၂)”** |
| ၁၄း၂၀ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **“ တရားရှင်နှင့်ဓားဘုရင်”** (အပိုင်း-၃) |
| ၁၆း၃၅ | - | **“ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ”** (၁၅) |
| ၁၇း၀၅ | - | New Year Ender 2017 (Part-2) |
| ၁၈း၃၀ | - | **“အာဆီယံပစ္စုပ္ပန်နှင့် အနာဂတ်ပူးပေါင်းဆက်နွှယ်မှုနှင့် စီးပွားရေး စကြံလမ်းမများ”** (လာအို) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | **“လွတ်လပ်သောစာပေ လွတ်လပ်သောအသံ စာပေညီလာခံ ၂၀၁၇”** |
| | - | နိုင်ငံခြားဇာတ်လမ်းတွဲ **“တရားရှင်နှင့်ဓားဘုရင်”** (အပိုင်း- ၄) |
| | - | အနုပညာခန်းရိပ်သာ (ဂီတနက်သန် ဦးအုန်းလွင်နှင့် တွေ့ဆုံခြင်း) |

# ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း၏ သုံးနှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ထုံးဘို ရိတ်သိမ်း ချိန်လွန် နည်းပညာသင်တန်းကျောင်း၏ သုံးနှစ်ပြည့် အထိမ်း အမှတ်အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ထုံးဘိုဥယျာဉ်ခြံတွင် ရိတ်သိမ်းချိန် လွန်နည်းပညာသင်တန်းကျောင်း (Postharvest Technology Training Centre - PHTTC) ကို လည်းကောင်း၊ နေပြည်တော်တွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် Agro Machine Training Centre၊ Academic Exchange Activities of Mokpo National University နှင့် Good Agriculture Practice on Rice, Vegetable and Fruit Crops စသည့် စီမံကိန်းများဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိသည်။



KOICA ၏ အထောက်အပံ့ဖြင့် ပူးပေါင်းဆောင်ရွက် ခဲ့သည့် ရိတ်သိမ်းချိန်လွန်နည်းပညာ သင်တန်းကျောင်း (ထုံးဘို) တွင် စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် နည်းပညာပြန့်ပွား ရေးကို ဆောင်ရွက်ပေးနေသည့် စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများကို အဓိကထားပြီး သင်တန်းများ စဉ်ဆက်မပြတ် သင်ကြားပို့ချပေး လျက်ရှိရာ သုံးနှစ်တာကာလအတွင်း စီးပွားရေး လုပ်ငန်းရှင် ၈၀၀ ခန့်၊ ဝန်ထမ်း ၁၆၀၀ ခန့် စုစုပေါင်း ၂၄၀၀ ခန့်ကို သင်တန်းများ ပို့ချပေးနိုင်ခဲ့သည်။ အဆိုပါ သင်တန်းတက်ရောက်ထားပြီးသော ဝန်ထမ်း များမှတစ်ဆင့် ဆင့်ပွားမှု နည်းပညာပေးလုပ်ငန်းမှ တောင်သူ ၃၆၀၀ ကျော်ကို နည်းပညာများ လက်ဆင့်ကမ်း မျှဝေပေးနိုင်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

*ထင်သာမြင်သာ ပြုပြင်စရာ*

## ကျေးရွာချင်းဆက်လမ်းမှ ရေပြွန်တံတား ပြုပြင်ပေးစေလို



စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် မြစ်သေးခြင်းကျေးရွာ၊ နားတိုင်းဖန်းကျေးရွာနှင့် တုံးမွန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာ ချင်းဆက်လမ်းပေါ်မှ ကွန်ကရစ်ရေပြွန်တံတားသည် ကျေးရွာအုပ်စုများမှ ဗန်းမောက် မြို့နယ်နှင့် ဝန်းသိုမြို့နယ်သို့ သွားလာရန်အတွက် အားထားရသောလမ်း ဖြစ်သည်။

ကျေးရွာချင်းဆက်လမ်းဖြစ်သလို မြို့နယ်ချင်းဆက်လမ်းလည်းဖြစ်၍ သစ်တင် ယာဉ်ကြီးများ၊ ဆီတင်ယာဉ်ကြီးများ ဝန်နှင့်တံတားမမျှအောင် တင်ဆောင်သွားလာ နေသဖြင့် တံတားပျက်စီးခြင်းဖြစ်သည်။ ထို့ကြောင့် တံတားကို ရှောင်တိမ်းပြီး သွားလာနေရ၍ ခရီးမတွင်ဘဲ ခရီးထောက်လျက်ရှိသည်။

“အခု တံတားမကောင်းတော့ အများပြည်သူတွေပဲ ဒုက္ခဖြစ်ကြရတယ်၊ တံတားပေါ်ကို ဝန်ပိုတင်ထားတဲ့ သစ်ကားကြီးတွေနဲ့ ဆီတင်ကားကြီးတွေ မောင်းတော့ တံတားပျက်ပြီပေါ့၊ သွားလို့ရအောင် ကွင်းလမ်းဘက်ကနေ သွားတော့လည်း အဆင်မပြေပါဘူး”ဟု လမ်းအသုံးပြုသူ ဒေသခံတစ်ဦးက ပြောသည်။

ထို့ကြောင့် ဗန်းမောက်မြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးများဆောင်ရွက်ရန် သွားလာနေရသည့် အဆိုပါ လမ်းတံတားကို အမြန်ဆုံး ပြန်လည်ပြုပြင်ပေးရန် ဒေသခံများက မျှော်လင့်လျက်ရှိကြောင်း သိရ သည်။

**ကျော်စွာ (ဗန်းမောက်)**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၅-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ . ၂ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ . ၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




## တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်

"လူမျိုးရေးတရားဟာလည်း ငါ့လူမျိုးမှ ငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်။ ငါ့လူမျိုးသာ ကမ္ဘာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ ကိုယ့်လူမျိုးကိုယ်ချစ်ခင်သော်လည်း တခြားလူမျိုးများကို မုန်းတီးခြင်း၊ အထင်သေးခြင်း မဖြစ်ဘဲ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တစ်ဦးအကျိုး တစ်ဦး ဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးလည်း ဖြစ်ရမယ်"

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေး၌ မြွက်ကြားသည့် မိန့်ခွန်းကောက်နုတ်ချက်)

# ငလိုက်ဆင်စခန်းသည် အများပြည်သူ လာရောက်အပန်းဖြေသည့် နေရာဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်ရေး ဂရုပြု

နေပြည်တော် ဒီဇင်ဘာ ၂၅

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် ငလိုက်ကြိုးဝိုင်း အကွက်အမှတ် ၇၈ အတွင်း မြန်မာ့သစ်လုပ်ငန်းမှ ဖွင့်လှစ်ထားသည့် ငလိုက်စခန်းသာ ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ဆင်ထိန်းသိမ်းရေးစခန်းသို့ လာရောက်လည်ပတ် အပန်းဖြေသူများက အမှတ်တရ သစ်ပင်စိုက်ပျိုးနိုင်ရေးအတွက် ဝန်ဆောင်မှုပေးရန် ဆောင်ရွက်နေမှုများ၊ အများပြည်သူများ ဆင်စခန်းအတွင်း အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ဆင်များအား အစာကျွေးခြင်းနှင့် ဆင်စီးခြင်းများ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြသည်။**

**ဝန်ထမ်းများ ဖြည့်တင်းထား**

ထို့နောက် ရှင်းလင်းဆောင်တွင် စခန်း တာဝန်ရှိသူများက ငလိုက်ဆင်စခန်း အသစ်ထပ်မံ တိုးချဲ့ဖွင့်လှစ်မည့် ဧရိယာ ၅၅၃ ဧကအတွင်း လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အများပြည်သူများ လာရောက်လည်ပတ် အပန်းဖြေသည့် နေရာတစ်ခုဖြစ်သဖြင့် သန့်ရှင်းသပ်ရပ်ရေးကို အထူးဂရုပြုရန် လိုအပ်ကြောင်း၊ ရာသီအလိုက် ဆင်စီးဝန်ဆောင်မှုပေးမည့် အချိန်ကာလကို ကြိုတင်သတ်မှတ် ကြေညာထားရန် လိုအပ်ကြောင်း၊ လုပ်ငန်းစီမံခန့်ခွဲမှုအတွက် လိုအပ်သောဝန်ထမ်းများ ဖြည့်တင်းထားရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အသစ်ထပ်မံတိုးချဲ့မည့် ဆင်စခန်းဧရိယာအတွင်းရှိ သက်ကြီးကျွန်းစိုက်ခင်းများအတွင်း ခရီးရှည် ဆင်စီးဝန်ဆောင်မှုပေးရန် ရွေးချယ်ထားသည့် နေရာအားလည်းကောင်း၊ သဘာဝတောများမှ ဆင်ဖြင့် သစ်ထုတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံ အဆင့်ဆင့်အား သရုပ်ပြသမည့် နေရာအားလည်းကောင်း၊ ခရီးရှည် ဆင်စီးခြင်း ဝန်ဆောင်မှုပေးမည့် လမ်းကြောင်းအတွင်းရှိ သက်ကြီး အပူပိုင်းထင်းရှူးစိုက်ခင်းနှင့် ပိတောက်စိုက်ခင်းများအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ငလိုက်ဆင်စခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားစဉ်။ သတင်းစဉ်

# မတူညီသောအသိုင်းအဝိုင်းနှစ်ခုအကြား ရှင်းလင်းပြတ်သားသော သတင်းအချက်အလက်များ ရောက်ရှိရေးသည် လူမှုသဟဇာတဖြစ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် အရေးကြီးကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ပြောကြား

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြဿနာဖြစ်ပွားနေသည့် လူမှုအသိုင်းအဝိုင်းတွင် လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းတွင် ကျင်းပရာ UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက် အမှာစကားပြောကြားသည်။




**ပြဿနာဖြစ်ပွားနေသည့် လူမှုအသိုင်းအဝိုင်းတွင် လူမှုဝန်ထမ်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဆိုင်ရာ ဒုတိယအကြိမ် သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

**ပြည်သူ့အရေးဖြစ်**

ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ပဋိပက္ခဖြစ်ပွားမှုများရှိပြီး ခြိမ်းခြောက်မှုများ ရှိလာပါကြောင်း၊ ပြဿနာဖြစ်ပွားရခြင်းသည် အသိုင်းအဝိုင်းနှစ်ခုတွင် မတူညီမှုများရှိ၍ ဖြစ်ကြောင်း၊ မညီမျှမှုသည် ပဋိပက္ခဖြစ်ပွားမှု၏ အကြောင်းရင်းတစ်ခုဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ဆုတ်ယုတ်စေပါကြောင်း၊ ပြဿနာကို ငြိမ်းအေးအောင် ဆောင်ရွက်ရာတွင် ပြည်သူ့အရေး ဖြစ်၍ ပြည်သူများက ပါဝင်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မတူညီသော အသိုင်းအဝိုင်းနှစ်ခုကြား ငြိမ်းချမ်းမှုရရှိရေး ကိုယ်တိုင်ပါဝင်လာစေရန် ယနေ့သင်တန်းတက်ရောက်လာသူများက ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်ပြီး ဖြစ်ပေါ်လာသည့် ပြဿနာများတွင် တစ်နိုင်ငံလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး UEHRD ပြည်ထောင်စု စီမံကိန်းကြီးကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုစီမံကိန်း၏ ရည်ရွယ်ချက်တွင်လည်း ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေး ဆောင်ရွက်ရန် ပါဝင်ပါကြောင်း၊ လူမှုဝန်ထမ်းသမားများအနေဖြင့် ရပ်ရွာဒေသအရောက် သွားရောက်တာဝန်ထမ်းဆောင်ရာတွင် ပဋိပက္ခများ ထပ်မံမဖြစ်ပွားစေရေးကို တတ်ကျွမ်းထားသော လူမှုဝန်ထမ်းပညာရပ်များဖြင့် ဦးတည်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ယင်းနောက် Community and Family Services International (CFSI) အဖွဲ့၏ Executive Director ဖြစ်သူ Mr. Steven Muncy က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ ငါးရက်တာ ဖွင့်လှစ်သည့် သင်တန်းသို့ ရခိုင်ဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် လူမှုဝန်ထမ်းဦးစီးဌာန၏ ဝန်ထမ်း သင်တန်းသား၊ သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိသည်။

**သတင်းစဉ်**

# အထက(၁)လသာ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲနှင့် ကျောင်းသားဟောင်းများ၏ (၂၅)ကြိမ်မြောက်(ငွေရတု)အာစရိယပူဇော်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၅

**အထက(၁)လသာမှ ကျောင်းသား ဟောင်းများနှင့် အလှူရှင်များက ဆောက်လုပ်လှူဒါန်းသည့် လေးထပ်ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ လသာမြို့နယ်ရှိ အဆိုပါကျောင်း၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား ဟောင်းများ၊ ကျောင်းသားများ၊ အလှူရှင်များ တက်ရောက်ကြသည်။**



၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏(၂၅)ကြိမ်မြောက်(ငွေရတု) အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပစဉ်။
သတင်းစဉ်

**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျောင်းဆောင်သစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ယင်းနောက် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍အမှာစကား ပြောကြားသည်။

ယင်းနောက် ကျောင်းသားဟောင်းများအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအောင်လှိုင်က ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းပညာရေးညွှန်ကြားရေးမှူးရုံး (စီမံ၊ ဘဏ္ဍာ) ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းထံသို့ လေးထပ်ကျောင်းဆောင်သစ်ကြီးအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စစ်ပြီး ခေတ်ကျောင်းသားဟောင်းများအဖွဲ့မှ ကာတွန်းဦးစိန်ကြီးက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ပန်းချီကားအား အမှတ်တရလက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့အတူ ယနေ့ နံနက်ပိုင်းတွင် ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ (စင်ထရယ်) အထက (၁) လသာ ကျောင်းသားဟောင်းများ၏(၂၅)ကြိမ်မြောက် (ငွေရတု) အာစရိယပူဇော်ပွဲ အခမ်းအနားအား ရန်ကုန်မြို့ လသာမြို့နယ်ရှိ အဆိုပါကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

**ဩဝါဒစကားချီးမြှင့်**

အဆိုပါအခမ်းအနားသို့ ဆရာကြီး၊ ဆရာမကြီး ၆၅ ဦးတက်ရောက်ကန်တော့ခံကြကာ အဆိုပါကျောင်းတွင် အလယ်တန်းမှ အထက်တန်းအထိပညာသင်ကြားခဲ့သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ၁၉၆၅ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ကျောင်းသားဟောင်းများတက်ရောက်ကြပြီး ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုး၍ ထုံးတမ်းစဉ်လာနှင့်အညီ ရှိသေစွာ ဂါရဝပြုကန်တော့ကြရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးအေးသိန်းက ဩဝါဒစကားချီးမြှင့် ပြောကြားသည်။

ဆက်လက်၍ ဂါရဝပြုကန်တော့ လက်ဆောင်ပစ္စည်းများအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် တက်ရောက်လာကြသည့်ကျောင်းသားဟောင်းများက ဆရာကြီး၊ ဆရာမကြီးများထံရှိသေစွာ ဂါရဝပြုပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မိတ္ထီလာတွင် ဟိုတယ်၊ မိုတယ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ခရီးသွားများကို ဆွဲဆောင်နိုင်မည့် ဝန်ဆောင်မှုပေးခြင်းနှင့် အပန်းဖြေခရီးစဉ်များ ရေးဆွဲရန်လို

**မိတ္ထီလာ ဒီဇင်ဘာ ၂၅**

မိတ္ထီလာတွင် ဟိုတယ်၊ မိုတယ်လုပ်ငန်းများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် ဝန်ဆောင်မှုပေးခြင်းနှင့် အပန်းဖြေခရီးစဉ်များ ရေးဆွဲရန်လိုအပ်ကြောင်း မြို့နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်မြင့်က ပြောသည်။

"မိတ္ထီလာမှာရှိတဲ့ ဟိုတယ်၊ မိုတယ်တွေကို နိုင်ငံခြား ခရီးသွားဧည့်သည်က တကူးတက လာရောက်ပြီး တည်းခိုတာမျိုးက မရှိသလောက်ရှားတယ်၊ ပုဂံညောင်ဦး၊ တောင်ကြီး-အင်းလေး၊ နေပြည်တော်၊ မန္တလေး စတဲ့ ဒေသတွေကို သွားလာရင်း ဝင်ရောက်တည်းခိုတာမျိုးပဲ များတယ်။ မိတ္ထီလာမှာ နိုင်ငံခြားခရီးသွားဧည့်သည် တင်မကဘဲ ပြည်တွင်း ခရီးသွားဧည့်သည်တွေလည်း ဝင်ရောက်တည်းခိုလာချင်ပြီး ဟိုတယ် မိုတယ်လုပ်ငန်းတွေ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေဖို့ သူတို့ကို ဆွဲဆောင်နိုင်မယ့် ဝန်ဆောင်မှုပေးတာမျိုး၊ အပန်းဖြေခရီးစဉ်တွေရေးဆွဲဆောင်ရွက်တာမျိုးလုပ်ဖို့ လိုအပ်တယ်၊ မိတ္ထီလာမြောက်ကန်ထဲမှာ အပျော်ခရီး လိုက်ပါစီးနင်းနိုင်မယ့် ငှက်လှေလေးတွေ စီစဉ်ပေးတာမျိုး၊ မုန်တိုင်ကျေးရွာမှာရှိတဲ့ ရှေးဟောင်းဘုရားစေတီတွေဘက်ကို ဝင်ရောက်လေ့လာနိုင်အောင်နဲ့ ကူမဲနယ်ဘက်မှာ ရှိတဲ့ ပြက္ခရွှေတောင်တက် ခရီးစဉ်ငယ်လေးတွေကို စီစဉ်ပေးတာမျိုးတွေ လုပ်နိုင်မယ်ဆိုရင် မိတ္ထီလာကို အခြေစိုက်ပြီး လာရောက်တည်းခိုနေထိုင်မယ့် ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်တွေလည်း ပိုမိုဝင်ရောက်လာနိုင်မယ်ထင်ပါတယ်၊ အဲဒီလို ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာရင်း မိတ္ထီလာမှာရှိတဲ့ ဟိုတယ် မိုတယ်လုပ်ငန်းတွေ ပိုမိုဖွံ့ဖြိုးတိုးတက်လာသလို ဒေသခံတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုများပြားလာနိုင်ပါတယ်"ဟု မြို့နယ်ဟိုတယ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာ ခင်မောင်မြင့်က ပြောသည်။



မိတ္ထီလာကန်နှင့် အနီးဝန်းကျင်ရှိ ဆောက်လုပ်ဆဲအဆောက်အအုံများကို တွေ့ရစဉ်။

မိတ္ထီလာတွင် ပန်းလေပြေ(ဝန်ဇင်း)ဟိုတယ်၊ မိတ္ထီလာဟိုတယ်၊ ဟိုတယ်ထီလာ၊ ဟန်နီးဟိုတယ်၊ မဂ္ဂင်နန်းမိုတယ်၊ Grand Cosmas မိုတယ်၊ A1 မိုတယ်များ အပါအဝင် ဟိုတယ်၊ မိုတယ်နှင့် အဆင့်မြင့်တည်းခိုခန်း စုစုပေါင်း ၃၀ ကျော်ရှိပြီး ယခုအခါ မိတ္ထီလာကန်အနီးတွင် ဟိုတယ်၊ မိုတယ် အဆောက်အအုံသစ်များ တိုးချဲ့ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အမက ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ပန္နက်တင် မင်္ဂလာပြု

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲက ရမည်းသင်းမြို့နယ် ထန်းတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပရဝဏ်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးဦး၊ မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ထန်းတောကျေးရွာ အမက (၇၆) ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းအကျိုးဆောင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ရပ်မိရပ်ဖများ တက်ရောက်ပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်မင်္ဂလာပြုလုပ်၍ အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

အဆိုပါကျောင်းဆောင်သစ်မှာ ပေ (၆၀ × ၃၀) အုတ်ညှပ်တစ်ထပ်ကျောင်းဆောင်ဖြစ်သည်ဟု သိရပြီး မြတ်ကောင်းကင်ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သွားမည်ဟု သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အသင့် အတင့်မှ တိမ်ထူထပ်နေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာ နိုင်သည်။

**မိုး/ဇလ**

# ခရစ္စမတ်နေ့အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်းအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော် ပျဉ်းမနားမြို့ရှိ ခရစ်ယာန် အသင်းတော်များ စုပေါင်းကျင်းပသည့် ခရစ္စမတ်အထိမ်းအမှတ် ဝတ်ပြု ဆုတောင်းခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်းခရစ်ယာန် အသင်းတော်နှင့် အရှိုချင်းနှစ်ခြင်းအသင်းတော်တို့၌ ကျင်းပကြသည်။

**စည်ကားသိုက်မြိုက်စွာကျင်းပ**

အခမ်းအနားတွင် တက်ရောက်လာကြသူများက ဓမ္မတေးသီချင်းများ စုပေါင်းသီဆိုခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ကျမ်းစာဖတ်ကြားခြင်း၊ သိက္ခာတော်ရ ဆရာတော်များက ကောင်းချီးမင်္ဂလာမေတ္တာပို့ ဆုတောင်းခြင်း၊ ကျေးဇူးတင်စကားပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး ခရစ္စမတ်နေ့ အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြကြောင်း သိရသည်။

**သတင်းစဉ်**




**ခရစ္စမတ်အထိမ်းအမှတ် ဝတ်ပြုဆုတောင်းခြင်းအခမ်းအနားကို နေပြည်တော် ပျဉ်းမနားမြို့ရှိ မြန်မာနှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ကျင်းပစဉ်။**

# မန္တလေးမြို့ မက်သဒစ်အသင်းတော်ဘုရားကျောင်း၌ ခရစ္စမတ်ပွဲတော်အခမ်းအနား စည်ကားစွာကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၅**

၂၀၁၇ ခုနှစ် ခရစ္စမတ်ပွဲတော်(ခရစ်တော်မွေးနေ့)အခမ်းအနားကို မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၅ လမ်းထောင့် ကျုံးတောင်ဘက်ရှိ မက်သဒစ်အသင်းတော် (အထက်မြန်မာပြည်) မန္တလေး ဝယ်ခလီဆိုဆိုက်တီမက်သဒစ် အသင်းတော် ဘုရားကျောင်းတော်၌ ယနေ့ နံနက် ၉ နာရီက ကျင်းပရာ သိက္ခာတော်ရ ဆရာတော်များဖြစ်သော Rev: ဒေါက်တာဇော်ဝင်းအောင်၊ Rev: ဒေါက်တာလုံပိန်း၊ Rev: နိုင်းလူပ်နှင့် ဆရာတော်များ၊ မက်သဒစ်အသင်းတော် မှ တာဝန်ရှိသူများ၊ မက်သဒစ်အသင်းဝင် ခရစ်ယာန်ဘာသာဝင်များ၊ ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ၊ မိသားစုဝင်များ၊ Sunday School မှ ကလေးသူငယ် ကျောင်းသား ကျောင်းသူများ မိသားစုတို့နှင့်အတူ စုပေါင်း တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မက်သဒစ်အသင်းတော် သိက္ခာတော်ရဆရာတော်များ၊ ခရစ်ယာန်ဘာသာဝင်များ၊ အသင်းတော်လူငယ်များ၊ ဦးဘိုဘို KB လူငယ်များ ဦးဆောင်သော Sunday School ကလေးငယ်များ ဗိမာန်တော်သို့ ဝင်ရောက်လာခြင်း၊ ဝတ်ပြုဆုတောင်းကိုးကွယ်ခြင်း၊ လောကဝမ်းမြောက် ဓမ္မသီချင်း၊ သံစုံသီဆိုကြခြင်း၊ သိက္ခာတော်ရ ဆရာတော် Rev:ဒေါက်တာဇော်ဝင်းအောင်က အဖွင့်ဆုတောင်းခြင်း၊ နိပါတ်တော်တင်ဆက်ခြင်း၊ ဖွားမြင်သော ယေရှုဘုရားကြွလာ ဓမ္မသီချင်းနှင့် ကောင်းကင်ဘုံအကြောင်း တရားဒေသနာ၊ သမ္မာကျမ်းစာဖတ်ခြင်းတို့ကို အစီအစဉ်အတိုင်း သီဆိုချီးမွမ်း ဆုတောင်းကြကာ လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ဆရာတော်များ ဦးဆောင်၍ တက်ရောက်သူများက အထူးဆုတောင်းပေးကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကာ ခရစ္စမတ်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ဆင်နွှဲကျင်းပခဲ့သည်။ (ဝဲပုံ)

ခရစ္စမတ်ပွဲတော်ကို မန္တလေးမြို့ရှိ ခရစ်ယာန် အသင်းတော် ဘုရားကျောင်းအသီးသီးတို့တွင် ပျော်ရွှင်စွာကျင်းပ၍ ဘုရားကျောင်းတို့၌ ရောင်စုံမီးတန်းများ ထွန်းညှိကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# နွားထိုးကြီး-တောင်သာလမ်း ကတ္တရာလမ်းခင်းမည်

**နွားထိုးကြီး ဒီဇင်ဘာ ၂၅**

နွားထိုးကြီး-တောင်သာလမ်း ၁၉ မိုင်ကို နွားထိုးကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့က ရာသီမရွေးသွားနိုင်သော ကတ္တရာလမ်းအဖြစ် ဖောက်လုပ်မည်ဖြစ်ကြောင်း သိရသည်။

မြို့စည်ပင်က နွားထိုးကြီး-တောင်သာလမ်းကို မြို့တွင်း ပေ ၁၀၀၀ ကျော်ကို ကုမ္ပဏီအစီစဉ်နှင့် ငွေကျပ် ကိုးသန်းကျော်ဖြင့် ထပ်ပိုးလွှာခင်းရန် စတင်ဆောင်ရွက်နေပြီ ဖြစ်သည်။

အလားတူပင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၁၀ မိုင်ကို ကတ္တရာလမ်းဖောက်ရန် ငွေကျပ် သိန်းတစ်သောင်းကျော်နှင့် ဖောက်လုပ်မည် ဖြစ်သည်။

ယမန်နှစ်ကလည်း ငါးမိုင်ကျော်ကို ကတ္တရာလမ်းအဖြစ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လမ်းခင်းခဲ့သည်။ နွားထိုးကြီး-တောင်သာ လမ်း နွားထိုးကြီးနယ်ဆုံးထိ မကြာမီ ကတ္တရာလမ်းများခင်းနိုင်ပြီး လမ်းဖောက်တော့မည်ဖြစ်သည်။

**ဧွေးမြင့်မောင်**

# ဆောင်းတွင်းကာလ ဆီးနှင်းများ ကျဆင်းနေမှုကြောင့် ချင်းတောင်သွား လမ်းပေါ်တွင် ခရီးသွားယာဉ်များ သတိထားမောင်းနှင်ရန်လိုအပ်

တီးတိန် ဒီဇင်ဘာ ၂၅

**ခရီးသွားလာမှု ပိုမိုများပြားသည့် ဆောင်းရာသီ ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလအတွင်း ချင်းပြည်နယ်တွင် ကားလမ်းတစ်လျှောက် ဆီးနှင်းများ ကျဆင်းနေမှုနှင့် မြူမှိုင်းများ ထူထပ်နေမှုတို့ကြောင့် လမ်းမြင်ကွင်းပျောက်ပြီး အန္တရာယ်များ ဖြစ်ပေါ်တတ်သဖြင့် ချင်းတောင်သွားလမ်းပေါ်တွင် ပြေးဆွဲနေကြသော ခရီးသည်တင်ယာဉ်ကြီး၊ ယာဉ်ငယ် ယာဉ်မောင်းများအနေဖြင့် သတိထားမောင်းနှင်ကြရန် လိုအပ်ကြောင်း တိုင်းရင်းသား ဒေသခံများနှင့် ခရီးသွားပြည်သူများက သုံးသပ်ပြောဆိုကြသည်။**

**သတိထားသွား**

"နှစ်စဉ်နှစ်တိုင်း ဆောင်းတွင်းကာလ ချင်းတောင်ပေါ်မှာ ဆီးနှင်းတွေ ကျဆင်းသလို ကားတွေမှာလည်း နှင်းခွဲမီးပါပေမယ့် အဝေးကြီး လှမ်းမမြင်ရဘူး၊ ယာဉ်တစ်စီးနဲ့ တစ်စီး အနီးကပ်ရောက်မှ ရုတ်တရက်မြင်ရတယ်၊ ဒီနှစ်မှာ အခုထိတော့ ဆောင်းဦးရာသီမှာ လမ်းချော်လို့ ကားလဲမှုတွေ၊ ကားမှောက် မှုတွေတော့ မကြားသေးပါဘူး၊ အရင်နှစ်တွေတုန်းက ကားလဲ၊ ကားမှောက်တာတွေရှိခဲ့ပါတယ်၊ ဒီရာသီမှာ ချင်းတောင်တက်ကားတွေ အနေနဲ့ကတော့ သတိထားသွားလာတာ အကောင်းဆုံးပဲ" ဟု တီးတိန်မြို့ခံ ခရီးသွားပြည်သူတစ်ဦးက ပြောသည်။

**ကုန်စည်များအဓိကတင်ဆောင်**

ချင်းတောင်ခြေရှိ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မှ ချင်းတောင် ခရီးစဉ်တွင် ယခင်က ကလေးစက်မှုဇုန်ထုတ်ဟိုင်မွာလ်ဂျစ်ကားများမှာ မိုးတွင်းကာလများပါ ပြေးဆွဲခဲ့ရာမှ ယခု နောက်ပိုင်းတွင်မူ ဂျပန်နိုင်ငံထုတ်နှင့် ဥရောပနိုင်ငံထုတ် မော်တော်ကားများ ဖြစ်သည့် မီနီဘတ်စ်ကားများ၊ ခြောက်ဘီးကားနှင့် ၁၀ ဘီးကားများပါ ပြေးဆွဲလာကြသည်။ ထို့အပြင် လူစီးသီးသန့် ဇိမ်ခံကားများဖြင့် ပွင့်လင်းရာသီတွင် ပြေးဆွဲမှုများပြားလာခြင်းတို့ကြောင့် လူစီးသီးသန့် ဟိုင်မွာလ်ဂျစ်ကားများမှာမူ စီးနင်းလိုက်ပါသူနည်းပါးသွားပြီး ကုန်စည်များကိုသာ အဓိက တင်ဆောင်၍ ပြေးဆွဲလာရကြောင်း ချင်းတောင်တန်းယာဉ်လိုင်းမှ ယာဉ်မောင်း ကိုခိုင်ပူက ပြောသည်။

**အခက်အခဲကြုံတွေ့**

ချင်းတောင်ပေါ်သွား ကားလမ်းများသည် အောက်ခံမြေသား ကြံ့ခိုင်မှု အားနည်းပြီး သက်နုမြေသားဖြစ်၍ မိုးရာသီဆိုလျှင် မကြာခဏ တောင်ပြိုလမ်းပြိုကျမှုများသည့်အတွက် နှစ်စဉ် တောင်ပေါ်လမ်း အဆင့်မြှင့်တင်ရေး လမ်းမြေသားများ ခွဲ့ထွင်ပြုပြင်ရသည့် နေရာများသည့်အပြင် အချို့နေရာများတွင် ကားလမ်းကျဉ်းမြောင်းခြင်း၊ ကားလမ်းပေါ်တွင် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး မြေအစိုဓာတ်ကြောင့် မြေသားနိမ့်ကျမှုရှိခြင်း၊ မိုင်ရှည်ရှုံ့ဗွက်များ ပြည့်နှက်၍ ဗွက်ရုန်းသွားလာနေရသည့်အတွက် ခရီးသွားပြည်သူများမှာ ခရီးစဉ်ကြန့်ကြာမှုအခက်အခဲများဖြင့် ကြုံတွေ့နေကြရသည်။ ယခု ဆောင်းရာသီကာလတွင်လည်း နှင်းများကျဆင်းနေမှုကြောင့် ယာဉ်မောင်းနှင်သူများအနေဖြင့် သတိနှင့်ယှဉ်၍ မောင်းနှင်ရန်မှာ အထူးအရေးကြီးကြောင်း ဒေသခံ ခရီးသွား တိုင်းရင်းသားပြည်သူများ၏ ပြောပြချက်အရ သိရသည်။

**ချင်းတွင်းသား**




**ချင်းတောင်ဒေသ ကားလမ်းများ၌ ဆောင်းရာသီကာလ လမ်းခရီးခက်ခဲမှုကို တွေ့ရစဉ်။**

# ပင်းတယမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ဖွင့်

**ပင်းတယ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ညောင်ဝန်းကျေးရွာအုပ်စု ညောင်ဝန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်အား လွှဲပြောင်းပေးအပ်ခြင်းနှင့် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပရာ ကျောင်းဆောင်သစ်ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးညီညီ(ခ)ဦးညီလေးချမ်း၊ ကျောင်းဆောင်သစ် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းမင်းထွဋ်၊ ကျောင်းဆောင်သစ် အလှူရှင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို အလှူရှင်က လက်ထောက်မြို့နယ်ပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပင်းတယမြို့နယ် ညောင်ဝန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းဆောင်သစ်ကို ဇန်နဝါရီလတွင် စတင်ဆောက်လုပ်ခဲ့ပြီး အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ တစ်ထပ် သွပ်မိုး အုတ်ကာဖြစ်၍ ကုန်ကျငွေကျပ် သိန်း ၁၅၀ ဖြစ်ကြောင်း၊ ရန်ကုန်မြို့နေ အလှူရှင် ဒေါ်ကြည်ကြည်အေး(မိသားစု)တို့က ဆောက်လုပ်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ခင်မျိုးနွယ်(ပင်းတယ)**

# ထိန်းသိမ်းစို့ မသေ့ လွတ်လပ်ရေးအမွေ

■ အောင်မြင့်စိုး(ရေစကြို)

**မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့်ရပ်တည်နေထိုင်လာခဲ့သည့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံဖြစ်သည်။ ဗြိတိသျှတို့သည် မိမိတို့ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံအား ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ် သုံးကြိမ်ဆင်နွှဲ၍ သိမ်းပိုက်ကျွန်ပြုခဲ့သည်။ မသမာသော နည်းအမျိုးမျိုးဖြင့် မြန်မာနိုင်ငံ ကျွန်သက်ရှည်ရေး အစီအမံများချမှတ်ကာ ချယ်လှယ်သွေးစုပ် အမြတ်ထုတ်ခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ဖြိုခွဲရန်ရည်ရွယ်၍ ပရိယာယ်အမျိုးမျိုးသုံးကာ သွေးခွဲအုပ်ချုပ်ခဲ့ခြင်းသည် နယ်ချဲ့စနစ် အခြေခိုင်မြဲဖို့ပင်ဖြစ်သည်။ တောင်ပေါ်မြေပြန့် သွေးခွဲမှုများနှင့် ကန့်သတ်ချုပ်ချယ်ခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာတိုင်းရင်းသားတို့သည် သွေးခွဲမှုဒဏ်ကို နှစ်ပေါင်းတစ်ရာကျော်မျှ ခံစားခဲ့ကြသည်။**

### သူ့ကျွန်မခံလိုသောစိတ်ဓာတ်

မြန်မာလူမျိုးတို့၏ သမိုင်းကြောင်းတွင် ရှေးနှစ်ပေါင်းများစွာကပင် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိကြောင်း ထင်ရှားလှသည်။ အနော်ရထာမင်းလက်ထက် အေဒီ (၁၀၄၄) ခုနှစ်တွင် ပုဂံနေပြည်ကို ဗဟိုပြုသည့် ပထမမြန်မာနိုင်ငံတော်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှု အခြေခံကာ စုစည်းတည်ထောင်နိုင်ခဲ့သည်။ ဘုရင့်နောင်လက်ထက် အေဒီ (၁၅၅၁) ခုနှစ်၌ တောင်ငူနှင့် ဟံသာဝတီကို ဗဟိုပြုသည့် ဒုတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း၊ အေဒီ(၁၇၅၂) ခုနှစ် အလောင်းဘုရား ဦးအောင်ဇေယျလက်ထက်၌ ရွှေဘိုကို ဗဟိုပြုသည့် တတိယမြန်မာနိုင်ငံတော်ကို လည်းကောင်း စုစည်းတည်ထောင်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ခိုင်မြဲစေခဲ့သည်။ ၁၉ ရာစုတွင် ဗြိတိသျှတို့က ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲကာ ကျွန်ပြုသိမ်းပိုက်ခဲ့စဉ် မြန်မာတို့၏ သူ့ကျွန်မခံလိုသောစိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့်အတူ ဇာတိသွေး ဇာတိမာန်ဖြင့် နယ်ချဲ့တို့အား တွန်းလှန်ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာတို့သည် ဂျပန်နှင့်ပူးပေါင်း၍ အင်္ဂလိပ်တို့ကို တိုက်ခိုက်ခဲ့ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် လက်နက်ကိုင် တော်လှန်ခြင်းဖြင့်သာလျှင် လွတ်လပ်ရေးရမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ဂျပန်၏ အကူအညီရယူခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်တို့သည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် BIA ကို ယိုးဒယားနိုင်ငံ ဗန်ကောက်မြို့၌ ဖွဲ့စည်းခဲ့သည်။ ဂျပန်တပ်ဖွဲ့များနှင့် BIA တို့ ပူးပေါင်းကာ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေးတိုက်ပွဲဆင်နွှဲခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် ထက်သန်စွာဖြင့် တိုင်းရင်းသားတို့သည် BIA သို့ ဝင်ရောက်ကာ အတူတကွ တိုက်ပွဲဝင်ခဲ့ကြသည်။ သူ့ကျွန်မခံလိုစိတ်နှင့်အတူ မျိုးချစ်စိတ်ဓာတ် ထက်သန်စွာဖြင့် မြန်မာနိုင်ငံနေရာအနှံ့အပြား၌ တိုင်းရင်းသားတို့သည် ရရာလက်နက်ဆွဲကိုင်ကာ တိုက်ပွဲဝင်ခဲ့သည်။

### ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့

နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများက ပြင်းထန်လှသည်။ အသက် သွေးချွေးများစွာ ပေးဆပ်ခဲ့ရသည်။ နယ်ချဲ့ဗြိတိသျှတပ်များကို တွေ့ရာနေရာတွင် ရဲရဲဝံ့ဝံ့ ရှပ်ရှပ်ချွံချွံ အသေခံ၍ တိုက်ခိုက်ခဲ့ကြသည်။ နယ်ချဲ့လက်အောက် ကျရောက်ရခြင်းထက် လွတ်လပ်ရေးတိုက်ပွဲဝင်ရင်း သေရသည်က မြတ်သည်ဟု သူ့ကျွန်မခံ လိုသော စိတ်နှင့်အတူ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေး ဇာတိသွေး ဇာတိမာန်နှင့် ရဲဝံ့စွာ တိုက်ပွဲဝင်ခဲ့ကြသည်။ ရွှေတောင်တိုက်ပွဲသည် အထိခိုက် အကျအဆုံး အများဆုံးနှင့် အပြင်းထန်ဆုံး တိုက်ပွဲဖြစ်သည်။ တိုင်းရင်းသား စည်းလုံး ညီညွတ်မှုနှင့်အတူ BIA နှင့် ဂျပန်တပ်မတော်တို့က မြန်မာတစ်နိုင်ငံလုံးကို သိမ်းယူနိုင်ခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့ အကျအဆုံးများစွာဖြင့် ထွက်ပြေးဆုတ်ခွာခဲ့ကြသည်။ အင်္ဂလိပ်တို့ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားပြီးနောက် ၁၉၄၃ ခုနှစ် ဩဂုတ်လ တွင် ဂျပန်တို့က အတု အယောင် လွတ်လပ်ရေးကို ကြေညာပေးခဲ့သည်။ ယုံကြည်စိတ်ချမှုမရှိသည့် ဖက်ဆစ်ဂျပန်တို့အား ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်း လက်တွဲ၍ ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲ ဆင်နွှဲကာ ဖက်ဆစ်ဂျပန်တို့အား မြန်မာ့မြေပေါ်မှ အပြီးတိုင် မောင်းထုတ်နိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက် ပြန်လည်ရောက်ရှိခဲ့သည်။ လွတ်လပ်ရေးရယူလိုစိတ်ဖြင့် လွတ်လပ်ရေးတိုက်ပွဲကို ဆင်နွှဲကြသည့် မြန်မာတို့ကို ချက်ချင်းလွတ်လပ်ရေး မပေးလိုချေ။ မလွှဲသာ၍ လွတ်လပ်ရေး ပေးရပါကလည်း တောင်တန်းဒေသများကို ဆက်လက်အုပ်ချုပ်လိုသည့် ရည်ရွယ်ချက်ဖြင့် ပြည်မနှင့် တောင်တန်းဒေသခွဲခြားကာ စက္ကူဖြူစာတမ်း ခေါ်သည့် မြန်မာပြည်အုပ်ချုပ်ရေးမူဝါဒ သဘောထားကြေညာချက်ကို ၁၉၄၅ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာတိုင်းရင်းသားတို့ကမူ လွတ်လပ်ရေးကို အရယူရန် ဆန္ဒပြင်းပြလျက်ရှိခဲ့ သည်။

### လွတ်လပ်ရေးတောင်းဆိုမှု

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ (ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့) ဖဆပလကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ဖွဲ့စည်းကာ လွတ်လပ်ရေး ရရှိရန် တိုက်ပွဲဝင်ခဲ့သည်။ တိုင်းရင်းသားများက ဖဆပလကို တညီတညွတ်တည်း ထောက်ခံအားပေးမှုဖြင့် ပြည်တွင်းစည်းလုံးညီညွတ်ခြင်းကို သိရှိပြီးနောက် မြန်မာတို့၏ လွတ်လပ်ရေးတောင်းဆိုမှုကို ဆွေးနွေးရန် ဗြိတိသျှတို့က မြန်မာ့ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့ကို အင်္ဂလန်သို့ လာရန် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလတွင် ဖိတ်ခေါ်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂလန်သို့ ၁၉၄၇ ခုနှစ် ဇန်နဝါရီလဆန်းတွင် သွားရောက်ခဲ့ကြသည်။

ဇန်နဝါရီ ၁၃ ရက်မှ ၂၇ ရက်နေ့အတွင်း ဗြိတိသျှနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တို့ ဆွေးနွေးပွဲ ၁၀ ကြိမ်ကျင်းပပြီး မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရန် သဘောတူညီချက်များနှင့်အတူ အောင်ဆန်း-အက်တလီ စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ အင်္ဂလန်ဆွေးနွေးပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးပေးမည်ဆိုလျှင် ရှမ်းပြည်နယ်အပါအဝင် တောင်တန်းဒေသများကိုပါ တစ်ပေါင်းတည်း လွတ်လပ်ရေးပေးရန် တောင်းဆိုသည်။ ထိုကိစ္စအတွက် တောင်တန်းဒေသများ၏ သဘောထားကို မေးမြန်းရမည်ဆိုသည့် အောင်ဆန်းအက်တလီစာချုပ်ပါ အချက်ဖြင့် ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ်တွင် ခေါ်ယူကျင်းပခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ပင်လုံစာချုပ်ကို ချုပ်ဆိုလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပြသနိုင်ခဲ့သည်။ တောင်တန်းနှင့် ပြည်မတို့ ပူးပေါင်းခြင်းကြောင့် အုပ်ချုပ်ရေးအားဖြင့် တစ်စည်းတစ်လုံးတည်းဖြစ်ကာ ပြည်မနှင့်အတူ တောင်တန်းဒေသများကိုပါ လွတ်လပ်ရေးပေးရမည့်အခြေအနေသို့ ရောက်ရှိလာတော့သည်။

### လွတ်လပ်သောမြန်မာနိုင်ငံဖြစ်လာ

နယ်ချဲ့ ဗြိတိသျှတို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် သွေးခွဲသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့် ဗြိတိသျှတို့၏ သွေးခွဲအုပ်ချုပ်ရေးအကြံအစည်မှာ မအောင်မမြင်ဖြစ်ခဲ့ရသည်။ ထိုသို့ ပင်လုံညီလာခံမှ ချမှတ်ခဲ့သော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်ကို အခြေခံ၍ ဆက်လက်ကြိုးပမ်းခဲ့ရာ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံ ဖြစ်လာခဲ့လေသည်။ လွတ်လပ်ရေးအလံတင်အခမ်းအနားကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက် နံနက် ၄ နာရီ ၂၀ မိနစ်အချိန်တွင် အတွင်းဝန်ရုံး (ယခု ဝန်ကြီးများရုံး)နေရာ၌ ပြုလုပ်၍ လွတ်လပ်ရေးကြေညာစာတမ်း ဖတ်ကြားခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရှမ်းတိုင်းရင်းသား စဝ်ရွှေသိုက်အား လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ကြေညာခဲ့သည်။

## ၂၀၁၈ ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေတစ်ရပ်ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှ နိုင်ငံတော်နှင့် အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေး မြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

ကမ္ဘာသို့ ထုတ်ပြန်ခဲ့သည့် လွတ်လပ်ရေးကြေညာစာတမ်းမှာ-

**"ဤငါတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော ကြေညာချက်သည် ကမ္ဘာတစ်ဝန်းလုံး တစ်ဦးတစ်ယောက်မကျန် ကြားသိစေသတည်း"** ဟူ၍ ဖြစ်၏။

ထိုနေ့မှာပင် လွတ်လပ်ရေးအထိမ်းအမှတ် ကျောက်တိုင်ကို ရန်ကုန်မြို့ဆူးလေဘုရားအနီးရှိ မဟာဗန္ဓုလပန်းခြံတွင် လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် အုတ်မြစ်ချခဲ့သည်။ ကျောက်တိုင်ကြီးတွင်...

**"ဂြိုဟ်သက္ကရာဇ် တစ်ထောင့်သုံးရာကိုးခုနှစ်**
**ပြာသိုလဆုတ် ၉ ရက်၊ တနင်္ဂနွေနေ့တွင်**
**ဤငါတို့ မြန်မာပြည်သည် လုံးဝလွတ်လပ်သော**
**အချုပ်အခြာအာဏာပိုင်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး**
**အဖြစ် ကောင်းစွာရောက်သတည်း"**

ဟု ကမ္ပည်းကျောက်စာရေးထိုး၍ သမိုင်းမှတ်တမ်းဝင် လွတ်လပ်ရေး ကျောက်တိုင်ကြီးကို စိုက်ထူခဲ့သည်။

### အမျိုးသားရေးအသိစိတ်ဓာတ်

သူ့ကျွန်မခံလိုစိတ် မျိုးချစ်စိတ်ဓာတ်ထက်သန်ခြင်းတို့နှင့်အတူ မြန်မာနိုင်ငံ လွတ်လပ်ရေးကို အရယူပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းအတို့၏ ကျေးဇူးကားကြီးမားလှပေသည်။ သို့ဖြစ်၍ အမိမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံတို့ စည်းလုံးညီညွတ်ခြင်းဖြင့် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ကြရင်း အသက်သွေးချွေးများစွာတို့ ပေးဆပ်ကာ အရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို အဓွန့်ရှည် တည်တံ့ခိုင်မြဲအောင် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရမည် ဖြစ်ပေသည်။ ။

**"မြန်မာနိုင်ငံ လွတ်လပ်ရေးကို အရယူပေးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်အပေါင်းအတို့၏ ကျေးဇူးကား ကြီးမားလှပေသည်။ သို့ဖြစ်၍ အမိမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံတို့ စည်းလုံးညီညွတ်ခြင်းဖြင့် ဥမကွဲသိုက်မပျက် အတူတကွနေထိုင်ကြရင်း အသက်သွေးချွေးများစွာတို့ ပေးဆပ်ကာ အရယူပေးခဲ့သည့် လွတ်လပ်ရေးအမွေကို အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်"**

## လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲ စည်ကားစွာ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သန်လျင်မြို့ မြို့မတောင်ရပ်ကွက် ၂၀၁၈ ခုနှစ် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ ရက် နံနက်မှစတင်ကာ သီတာရေမြောင်းကြီးလမ်းမကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများမှ ဆုရရှိသူများအား ညနေပိုင်းတွင် ဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်သွားမည်ဖြစ်ရာ ပါဝင်ဆင်နွှဲလိုသူများ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## မူးခင်းအသိပညာပေး ဟောပြော

**မုဒုံ ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ညွှန်ကြားမှု၊ ပြည်နယ်ရဲအကူတပ်ဖွဲ့မှ ဒုတိယရဲမှူး ထွန်းနိုင်ထွေး ကြီးကြပ်မှုဖြင့် မူးခင်းအသိပညာပေး ပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောပွဲကို မုဒုံမြို့နယ် ကျောက်တလုံးကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ဒီဇင်ဘာလ တတိယပတ်က ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ရဲမှူး (မုဒုံ) ရဲမှူး မြအောင်နှင့် တာဝန်ရှိသူများက မူးခင်းလျော့နည်းကျဆင်းရေးအကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအကြောင်း၊ မူးယစ်ဆေးဝါး ဖြစ်ပေါ်လာပုံနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်း၊ သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အကြောင်းတို့ကို ဟောပြောခဲ့ကြကြောင်း သိရသည်။

**မော်လမြိုင်-ကိုယ်ပွား**

## သတိပေးနှိုးဆော်ချက်

၁။ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ နံနက် (၀၃း၃၀)အချိန်မှစ၍ မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ၌ ကျင်းပမည်ဖြစ်ပါသည်။ အခမ်းအနားကျင်းပစဉ် နံနက် (၀၃း၃၀)အချိန်မှစ၍ အခမ်းအနား ပြီးဆုံးချိန်အထိ အောက်ဖော်ပြပါအတိုင်း ခေတ္တလမ်းပိတ်၊ လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) မဟာဗန္ဓုလလမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ခ) ဘဏ်လမ်းအား ဆူးလေဘုရားလမ်းမှ ပန်းဆိုးတန်းလမ်းအထိလည်းကောင်း။

(ဂ) ကုန်သည်လမ်းအား ပန်းဆိုးတန်းလမ်းမှ ဆူးလေဘုရားလမ်းအထိ လည်းကောင်း လမ်းပိတ်ထားမည်ဖြစ်သဖြင့် မဟာဗန္ဓုလလမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ဆူးလေဘုရားလမ်း၊ ကမ်းနားလမ်း၊ ပန်းဆိုးတန်းလမ်းမှ လည်းကောင်း၊ ကုန်သည်လမ်းမှလာသော ယာဉ်လိုင်းများအနေဖြင့် ပန်းဆိုးတန်းလမ်း၊ ကမ်းနားလမ်း၊ ဆူးလေဘုရားလမ်း၊ ကုန်သည်လမ်းအတိုင်း မောင်းနှင်ကြပါရန်။

(ဃ) အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များ၏ မော်တော်ယာဉ်များအား ပန်းဆိုးတန်းလမ်းနှင့် ဆူးလေဘုရားလမ်းကြားရှိ ကုန်သည်လမ်းပေါ်တွင် လည်းကောင်း၊ ဘဏ်လမ်းပေါ်တွင်လည်းကောင်း၊ ပန်းဆိုးတန်းလမ်းပေါ်ရှိ ယာဉ်ပါကင်များတွင်လည်းကောင်း ရပ်နားနိုင်ပါကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးလက်ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၅

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော အထူးကုဆရာဝန်ကြီးများအဖွဲ့မှ ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေး ကူညီစောင့်ရှောက်မှုကို ဒီဇင်ဘာ ၂၃ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပြည်သူ့ဆေးရုံခုတင် ၅၀ ဆံ့၌ ဆောင်ရွက်ပေးခဲ့သည်။**

**အခမဲ့ ကျန်းမာရေးစောင့်ရှောက်**

"နှစ်စဉ် အထူးကုဆရာဝန်ကြီးတွေ စုပေါင်းအထူးအဖွဲ့ဟာ တစ်နှစ်ကို သုံးကြိမ် အခုလို အထူးကု ဆရာဝန်ကြီးတွေနဲ့ဝေးတဲ့ ပြည်သူတွေကြား လိုက်လံကုသပေးပါတယ်၊ အထူးသဖြင့် အထူးကုဆရာဝန်မရှိတဲ့ ခုတင် ၁၀၀ အောက်ရှိ မြို့နယ်ဒေသတွေကို အခုလို အထူးကုဆရာဝန်ကြီးအဖွဲ့အနေနဲ့ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးတာပါ၊ အထူးကုအဖွဲ့အနေနဲ့ ကဏ္ဍဆိုင်ရာ တော်တော်များများ ပါဝင်ပါတယ်၊ ဌာနအနေနဲ့ ခွဲခြားပြောမယ်ဆိုရင် တိုင်းရင်းဆေးအဖွဲ့ အပါအဝင် ကိုးဖွဲ့ရှိပါမယ်၊ မျက်လုံးအတွက်က ဒီအဖွဲ့ထဲမှာလည်း ပါဝင်သလို သီးသန့်တစ်ဖွဲ့အနေနဲ့လည်း လိုက်လံကုသပေးပါသေးတယ်" ဟု အထူးကုဆရာဝန်ကြီးများအဖွဲ့ အခမဲ့ ကူညီဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ခေါင်းဆောင်အဖြစ် လိုက်ပါလာသော ဒေါက်တာ အေးအေးသန့် (မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံ အုပ်ကြီး)က ပြောသည်။



အထူးကုဆရာဝန်များအဖွဲ့ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေစဉ်။

**တစ်နှစ်ကို သုံးကြိမ်**

မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ အဖွဲ့သည် နှစ်စဉ် ရန်ကုန်မြောက်ပိုင်းအတွင်း လေးလတစ်ကြိမ်နှုန်းဖြင့် တစ်နှစ်ကို သုံးကြိမ် ပြည်သူများကြား ကျန်းမာရေး စောင့်ရှောက်မှု လိုက်လံဆောင်ရွက်ပေးလျက်ရှိသည်။ ဆေးအဖွဲ့အနေဖြင့် ဖျားနာအထူးကု၊ ကလေးအထူးကု၊ ခွဲစိတ်အထူးကု၊ သားဖွားမီးယပ်အထူးကု၊ မျက်စိအထူးကု၊ အရေပြားအထူးကု၊ အရိုးအထူးကု၊ တိုင်းရင်းဆေးအထူးကုနှင့် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ အပါအဝင် ကျန်းမာရေးဝန်ထမ်းအင်အား ၇၀ ဝန်းကျင် ပါဝင်ကြောင်း သိရသည်။ မျက်စိအထူးကုအဖွဲ့အနေဖြင့် ယခု အထူးကုဆရာဝန်ကြီးများနှင့်လည်း လိုက်လံကုသပေးသကဲ့သို့ နှစ်စဉ်သီးသန့်အနေဖြင့် လေးကြိမ်ထပ်မံထွက်သဖြင့် နှစ်စဉ်စုစုပေါင်း ခုနစ်ကြိမ်ထိ ပြည်သူများကြား လိုက်လံကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိသည်။



ဒေါက်တာ အေးအေးသန့်
(မြောက်ဥက္ကလာပ
အထွေထွေရောဂါကုဆေးရုံအုပ်ကြီး)

"ကျွန်မတို့ အထူးကုဆရာဝန်များအဖွဲ့အနေနဲ့ လက်လှမ်းမီသလောက် အဖွဲ့ဖွဲ့ပြီး အခုလို အခမဲ့လိုက်လံ ပြုစုစောင့်ရှောက်ပေးတာပါ၊ ပြောရရင် ပြည်သူတွေကြား ကျန်းမာရေးစောင့်ရှောက်မှုပိုင်း မြှင့်တင်ပေးတဲ့သဘောပါ၊ အခုလို လိုက်လံစောင့်ရှောက်ပေးတဲ့ အခါမှာ သီးသန့်ဘတ်ဂျက်ရယ်လို့တော့ မရှိပါဘူး၊ ကျွန်မတို့ဆီမှာရှိတဲ့ ဆေးကိုသုံးပါတယ်၊ မလုံလောက်ရင်တော့ ဒီဆေးရုံက ဆေးယူသုံးရတာပေါ့၊ ခွဲစိတ်ရမယ့် လူနာတွေရင်တော့ ဆေးရုံကြီးကို ခေါ်သွားပါတယ်၊ လိုအပ်ရင်လည်း လမ်းညွှန်မှုပေးခဲ့ပါတယ်၊ အခုလို လိုက်လံကုသပေးတဲ့အခါမှာ ကူးစက်ရောဂါ၊ သွေးတိုး၊ ဆီးချို၊ နှလုံးစတာတွေအဖြစ်များလာတာ တွေ့ရတယ်၊ ဒါပေမယ့် လိုက်နာမှု အားနည်းသေးတယ်လို့ ပြောရမယ်၊ အဓိက ပြည်သူတွေကြားမှာ ကျန်းမာရေးအသိပညာ ကြွယ်ဝဖို့နဲ့ လိုက်နာဖို့က အများကြီးလိုအပ်ပါသေးတယ်၊ ကျွန်မတို့ ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ကလည်း မနိုင်တဲ့ ဝန်ထမ်းနေ ရတာလည်း ပါပါတယ်" ဟု ဆေးရုံအုပ်ကြီး ဒေါက်တာ အေးအေးသန့်က ထပ်မံရှင်းပြသည်။

**လိုက်လံကုသပေး**

ပြည်သူများကြား အခမဲ့ လိုက်လံကုသပေးသော မြောက်ဥက္ကလာပ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကု ဆရာဝန်များအဖွဲ့သည် ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြောက်ဒဂုံ၊ အရှေ့ဒဂုံ၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးနှင့် မင်္ဂလာဒုံမြို့နယ်များအတွင်း လိုက်လံကုသပေးလျက်ရှိပြီး တစ်ကြိမ်လျှင် ပြည်သူ ၄၀၀ ဝန်းကျင်အထိ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

❐ ရှေ့ဖုံးမှ

ခရစ္စမတ်အကြောင်း သိကောင်းစရာများ ဝေမျှခြင်းနှင့် အမှတ်တရ Photo Booth နေရာများ၌ ဓာတ်ပုံများ ရိုက်ကူးကြခြင်းဖြင့် စည်ကားများပြားလျက်ရှိသည်။ ထို့အပြင် လာရောက်အားပေးသော ပြည်သူများအား အကျွေးအမွေး(စတုဒိသာ)များဖြင့် ဧည့်ခံခြင်း၊ ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးဝေခြင်းနှင့် ကျွမ်းကျင်သော အတတ်ပညာများဖြင့် ပူးပေါင်းပါဝင် ဆက်ကပ်ခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်က ရန်ကုန်တစ်ဖက်ကမ်း သန်လျင်က လာရောက်ကြည့်ရှုအားပေးတာပါ၊ မိသားစုလိုက် လာရောက်ကြတာပါ ဖြစ်ပါတယ်၊ ကျွန်တော်က ခရစ်ယာန်ဘာသာဝင် မဟုတ်ပါဘူး၊ ဒါပေမယ့် အေးချမ်းစွာကျင်းပတဲ့ အခုလိုပွဲမျိုးကို တစ်ကြိမ်တစ်ခါမှလည်း မကြုံဖူးတာကတစ်ကြောင်း မိသားစုကလည်း သွားရောက်လည်ပတ်ချင်တယ်ဆိုလို့ အခုလိုလာအားပေးတာပါ၊ ထင်ထားတဲ့အတိုင်းပဲ ပြည်သူတွေ တော်တော်လေးကို လာရောက်အားပေးကြတာ တွေ့ရတယ်၊ ကောင်းပါတယ်၊ အခုလို လူမျိုး၊ ဘာသာမခွဲခြားဘဲ အေးအေးချမ်းချမ်း ကျင်းပတာ တိုင်းပြည်ရဲ့ စည်းလုံးညီညွတ်မှုကို ပြရာရောက်တယ်လို့လည်း မြင်ပါတယ်" ဟု သန်လျင်မြို့မှ ရန်ကုန် ခရစ္စမတ်ပွဲတော်သို့ လာရောက် အားပေးသော ဦးမြင့်ချိုက ပြောသည်။

ယနေ့ ခရစ္စမတ်ပွဲတော် နောက်ဆုံးညအဖြစ် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံအနီး မောရှေလဘုရားကျောင်းရှေ့ စတိတ်စင်၌ ညနေ ၆ နာရီမှ စတင်ကျင်းပရာ ခရစ္စမတ်တေးဂီတ တီးခတ်ခြင်း၊ အဖွင့်ဆုတောင်းခြင်း၊ ခရစ္စမတ်သီချင်း စုပေါင်းသီဆိုခြင်း၊ အငြိမ့်များဖြင့် ဧည့်ခံခြင်း၊ တေးသရုပ်ဖော် အစီအစဉ်များအပြင် အဆိုတော် ဟက်ကက်၊ နီတာ၊ ရတနာဦး၊ ဒေးဗစ်ထူး၊ L ဆိုင်းဇီ၊ ရှိုင်းဝေယံ၊ ဂူဂူး၊ စောထက်နိုင်စိုး၊ မေရီအောင်၊ အငယ်လေးနှင့် အားလျှံတို့ သီဆိုဖျော်ဖြေခဲ့ရာ ပြည်သူများ တစ်ခဲနက် လာရောက်အားပေးကြသကဲ့သို့ အလားတူ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် အလုံမြို့နယ်ရှိ သခင်မြပန်းခြံတို့၌လည်း ကျင်းပလျက်ရှိရာ ပြည်သူများ သောင်းသောင်းဖြဖြ လာရောက်အားပေးခဲ့ကြောင်း သိရသည်။

**သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြို့မြေတိုးချဲ့ရာတွင် ပါဝင်သော ဒေသခံတောင်သူများ နစ်နာမှုမရှိစေရေး ညှိနှိုင်းဆွေးနွေး

**မယ်စဲ့ ဒီဇင်ဘာ ၂၅**

ကယားပြည်နယ် မယ်စဲ့မြို့နယ်၌ မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျရှိစေရေးအတွက် မြို့မြေတိုးချဲ့ရာတွင်ပါဝင်သော ဒေသခံတောင်သူများ နစ်နာမှုမရှိစေရေးအတွက် ညှိနှိုင်းဆွေးနွေးခြင်းကို ဒီဇင်ဘာလတတိယပတ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က မြို့မြေတိုးချဲ့မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

မယ်စဲ့မြို့နယ်တွင် မြို့အင်္ဂါရပ်နှင့်အညီ မြို့ကွက်ကို မြေလွတ်ထဲမှ စနစ်တကျဖော်ထုတ်ပြီး လက်ရှိမြို့ ရေိယာထဲတွင် မူလစိုက်ပျိုးထားသော ဒေသခံတောင်သူ ၃၅ ဦးအတွက် နစ်နာမှုမရှိစေရန် မြို့ကွက်ဖော်ရေိယာမှ ပေ ၆၀ ပတ်လည် အကွက်ပေါင်း ၁၂၄ ကွက်ထဲမှ မူလတောင်ယာခုတ်ထွင်ရှင်းလင်း လုပ်ကိုင်သူများကို ပြန်လည်ချထားပေးမည်ဖြစ်ပြီး ပိုမြေကို အိုးမဲ့အိမ်မဲ့ ဒေသခံပြည်သူများကို ပေးဝေနိုင်ရန် လျာထားကြောင်း၊ ကျန်မြေကွက်ကို အစိုးရမှ ဆက်လက်စီမံခန့်ခွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က ပြောသည်။ မြို့ကွက်ဖော်ရေိယာထဲမှ လမ်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှပ်စစ်မီးနှင့် ရေရရှိရေးကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ရန် လျာထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဆက်လက်ရှင်းလင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလင်းလင်း၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ကွက်တိုးချဲ့မှုတွင် ပါဝင်သော ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

# ယာယီဓာတ်အားပြတ်တောက်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ 230 KV ဘုရင့်နောင် ဓာတ်အားခွဲရုံတွင် 66KV Busbar protection test, Installation and communication of the energy meters စမ်းသပ်စစ်ဆေးရန်အတွက် ၂၇.၁၂.၂၀၁၇ ရက်နေ့ ၀၀း၀၀ နာရီမှ ၀၆း၀၀ နာရီနှင့် ၂၈.၁၂.၂၀၁၇ ရက်နေ့ ၀၀း၀၀ နာရီမှ ၀၆း၀၀ နာရီအထိ 66KV GIS Busbar အား ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိစေရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်း ဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မည့်နေ့ ၀၀း၀၀ နာရီတွင် တစ်ကြိမ်၊ ၀၆း၀၀ နာရီတွင် တစ်ကြိမ် ဓာတ်အားအစားထိုးပေးသည့် လုပ်ငန်းဆောင်ရွက်မည့်ကာလတွင် ကမာရွတ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ ဒဂုံမြို့နယ်များရှိ ရပ်ကွက်အချို့ ၁၀ မိနစ်ခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် ယာယီဓာတ်အား ပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာအသိပေး ပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

# သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်မှုကြောင့် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အချို့ ယာယီဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ပေးပို့လျက်ရှိသော ရတနာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ Partial Shut Down အား (၂၇.၁၂.၂၀၁၇)ရက်မှ (၂.၁.၂၀၁၈)ရက်အထိ ပြုလုပ်မည် ဖြစ်သည်။ သဘာဝဓာတ်ငွေ့ပိုက်လိုင်း Partial Shut Down ပြုလုပ်မှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အပူစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများတွင် ဓာတ်အားထုတ်လုပ်မှု 135 MW ခန့် လျော့နည်းသွားမည်ဖြစ်သည်။

**ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်**

အထက်ဖော်ပြပါ ဓာတ်အားပေးစက်ရုံများမှ လျော့နည်းထုတ်လုပ်မည့် ဓာတ်အားပမာဏများအား ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)၊ အထက်ပေါင်းလောင်း၊ ရဲရွာနှင့် ရွှေလီ(၁)ဓာတ်အားပေးစက်ရုံများမှ ပြန်လည်ဖြည့်တင်းမောင်းနှင်ပေးသွားရန် စီစဉ်ထားပြီးဖြစ်သော်လည်း ၂၃၀ ကေဗွီ လှိုင်သာယာခွဲရုံတွင် မြောင်းတကာ ဓာတ်အားအဝင် Incoming Over Load ဖြစ်ပေါ်နိုင်ခြင်းကြောင့် လည်းကောင်း၊ လော်ကားပင်မဓာတ်အားခွဲရုံတွင် GT နှင့် တွဲဖက်၍ ဓာတ်အားပေးထားသော (230/33)KV, 100MVA (No.4) ဝန်အား ပိုလာနိုင်ခြင်းကြောင့် လည်းကောင်း၊ ရတနာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း Partial Shut Down ပြုလုပ်သည့် နေ့ရက်များ၌ ဝန်အားအများဆုံးအသုံးပြုသည့် နံနက် ၉ နာရီနှင့် နံနက် ၁၀ နာရီအချိန်တွင် တစ်ကြိမ်၊ ညနေ ၅ နာရီနှင့် ည ၇ နာရီအချိန်ကာလများတွင် တစ်ကြိမ်၊ လှိုင်သာယာပင်မဓာတ်အားခွဲရုံနှင့် လော်ကားပင်မဓာတ်အားခွဲရုံတို့ရှိ ဓာတ်အားလိုင်းအချို့အား ဖီဒါအလိုက်ဝန်အား လျှော့ချမှုများရှိနိုင်၍ ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အချို့တွင် အချိန်ပိုင်း ယာယီဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်နိုင်ပါသည်။

ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော် ရာသီလမ်း ဇန်နဝါရီ ၇ ရက်တွင် ဖွင့်မည်

**ပုလဲ ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နှင့် ၄၁ မိုင် ကွာဝေးသော သဘာဝသစ်ပင်၊ သစ်တောကြီး၏အလယ်တွင်ရှိသည့် အလောင်းတော်ကဿပ ဗုဒ္ဓပူဇနီယပွဲတော်နှင့် ကပိုင်-သပိတ်ဆေးဘုရား ရာသီလမ်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက်တွင် ယင်းမာပင်မြို့နယ် ကပိုင်စံပြကျေးရွာ၌ ပြုလုပ်မည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

အလောင်းတော်ကဿပနှင့် သပိတ်ဆေးဘုရားသည် ယင်းမာပင်မြို့နှင့် ၄၁ မိုင်ကွာဝေးပြီး ယင်းမာပင်-ဇီးတော-ကပိုင်လမ်းမှ လည်းကောင်း၊ မုံရွာမြို့နှင့် မိုင် ၅၀ ကျော် ကွာဝေးပြီး မုံရွာ-ယာကြီး-ကလေးဝလမ်းမှ လည်းကောင်း သွားလာနိုင်ပြီဖြစ်သည်။ ယင်းမာပင်-ဇီးတော-ကပိုင်လမ်းသည် မိုင် ၂၀ ရှိ၍ မုံရွာ-ယာကြီး-ကလေးဝလမ်းပိုင်းမှ သွားမည်ဆိုလျှင် ချင်းတွင်းတံတား(မုံရွာ)မှ တရော်ကျင်း-ညောင်ကိုင်း- ကပိုင်လမ်းအထိ ၃၂ မိုင် ကွာဝေးပြီး ကပိုင်ကျေးရွာမှ အလောင်းတော်ကဿပ စံကျောင်းတော်သို့ ၂၀ မိုင် ကွာဝေးသည်။

အဆိုပါဘုရားလမ်းသည် နှစ်စဉ်မိုးတွင်းအခါများတွင် ပျက်စီးမှုများရှိခဲ့သည့်အတွက် အလောင်းတော်ကဿပ ဝန်ဆောင်မှုအဖွဲ့ ဆရာတော်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများ ပူးပေါင်း၍ ပွင့်လင်းရာသီဖြစ်သော နိုဝင်ဘာလဆန်းမှစတင်ပြီး စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဖောက်လုပ်ခဲ့သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများအနေဖြင့် အလောင်းတော်ကဿပသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးလာရောက်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## ရေးမြို့နယ်သို့ ပြည်ပခရီးသွားများ လာရောက်လည်ပတ်မှု ပိုမိုများပြားလာ

**ရေး ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ်သို့ အခုရက်ပိုင်းအတွင်း ပြည်ပခရီးသွားများ အလည်အပတ်လာရောက်သူ များပြားလာကြောင်း ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"အခုအချိန်က ခရီးသွားတွေ အလာများတဲ့ အချိန်ဖြစ်ပါတယ်၊ ပြည်ပကလာတဲ့သူတွေထဲမှာ အနောက်ဥရောပနိုင်ငံသားတွေက ပိုအလာများပါတယ်၊ အများဆုံးက ရေးဒေသမှာ ခရီးသွားသူတွေ စိတ်ဝင်စားနေတဲ့ ပင်လယ်ကမ်းခြေနဲ့သမိုင်းဝင်ဘုရား၊ ရှေးဟောင်းကျုံးကြီးနဲ့ ကျောင်းရွာ၊ ချောင်းနှစ်ခွချောင်းဝကို အပန်းဖြေလာရောက်လည်ပတ်လာသူတွေက များပါတယ်"ဟု ဟိုတယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောပြသည်။

ရေးမြို့ပေါ်၌သာ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းများကို အများဆုံးပေးနိုင်ပြီး ပင်လယ်ကမ်းခြေ နေရာဒေသတွင် ဟိုတယ်၊ မိုတယ်များ မရှိသေးသည့်အတွက် ခရီးသွားသူတွေကို အပြည့်အဝဝန်ဆောင်မှု မပေးနိုင်သေးသော်လည်း ခရီးသွားအများစုမှာ ပင်လယ်ကမ်းခြေနှင့် ဒေသအစားအစာများကို ပိုမိုနှစ်သက်ကြကြောင်း ဒေသခံများထံမှ သိရသည်။

ရေးမြို့နယ်မှာ ယခင်က လမ်းပန်းဆက်သွယ်ရေး အားနည်းသော အရပ်ဒေသဖြစ်ခဲ့ပြီး နယ်မြေလုံခြုံရေး အရပါ စိုးရိမ်ရသော ဒေသလည်းဖြစ်ခဲ့ကာ ယခုအခါ ဒေသအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့ပြီး ပြည်ပခရီးသွားများကပါ စိတ်ဝင်စားလာသော ခရီးစဉ်ဒေသတစ်ခုဖြစ်လာကြောင်း သိရသည်။

**နေမျိုးထွန်း(ရေး)**

## တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့ တောင်သာမြို့သို့ လာရောက်ဆေးကုသမည်

**တောင်သာ ဒီဇင်ဘာ ၂၅**

တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ဒီဇင်ဘာ ၂၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရွေ့လျားဆေးကုသရေးအဖွဲ့သည် ဒီဇင်ဘာ ၂၆ရက်မှ ၂၈ရက်အထိ ဇဂျမ်း-ကန်မြဲ တိုက်နယ်ဆေးရုံနှင့် နတ်စောင့်ကျေးရွာ အထက၌ လည်းကောင်း၊ ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ တံတားအနောက်တိုက်နယ်ဆေးရုံ မကြီးချိုကျေးရွာအထကခွဲနှင့် သပွတ်ပင်တဲကျေးရွာ အလကတို့၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၄ ရက်အထိ ဇရပ်ကြီးကျေးရွာနှင့် ရုံးစည်ကြီးကျေးရွာ တိုက်နယ်ဆေးရုံတို့၌လည်းကောင်း ကုသပေးမည်ဖြစ်သည်။

တပ်မတော်နယ်လှည့် အထူးဆေးကုသရေးအဖွဲ့တွင် အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများ၊ အသေးစားခွဲစိတ်ကုသနိုင်သည့် ယာဉ်၊ ဓာတ်မှန်ရိုက်ယာဉ်များ ပါဝင်လာမည်ဖြစ်ပြီး ရောဂါအမျိုးမျိုးအား စမ်းသပ်ခြင်း၊ ကုသခြင်း၊ လိုအပ်သည့် လူနာများအား တပ်မတော်ဆေးရုံကြီးသို့ အခမဲ့ပို့ဆောင်ကုသပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

### စလင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကျင်းပ

**မကွေး ဒီဇင်ဘာ ၂၅** မကွေးတိုင်းဒေသကြီး စလင်းမြို့ မြို့လယ်မြတ်တနာဓမ္မာရုံ၌ ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ကျင်းပခဲ့သည်။ အဆိုပါ စာပေဟောပြောပွဲတွင် စာရေးဆရာများဖြစ်သော မြင်းမူမောင်နိုင်မိုး၊ မောင်ဆန္ဒ(လယ်ဝေး)၊ ဖျင်ဒူဝါ၊ ချစ်ချော်တို့က အသိပညာပေးဟောပြောကြသည်။ ယင်းစာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲတွင် စလင်းပရဟိတအဖွဲ့များနှင့် ပညာရေးဘော်ဒါအဖွဲ့များမှ လူငယ်များအတွက် မူးယစ်ဆေးဝါးကင်းစင်ရန်နှင့် ယနေ့ လူငယ်အများစုမှာ စာပေဖတ်အား ကျဆင်းနေပြီး လူမှုကွန်ရက်များ အလွန်အကျွံသုံးစွဲနေမှုကို အသိတရားဖြင့် ထိန်းချုပ်ကာကွယ်စေရန် အဓိကရည်ရွယ်ဟောပြောခဲ့ကြသည်။ အလားတူ စာဖတ်ရှိန်မြှင့်တင်ရေး စာပေဟောပြောပွဲကို ၎င်းစာရေးဆရာများနှင့်ပင် စလင်းမြို့နယ် ရုံးပင်ချောင်ရွာတွင်လည်း ဒီဇင်ဘာ ၂၃ ရက်ကကျင်းပရာ ဒေသခံ ကျောင်းသား ကျောင်းသူနှင့် အခြားပရိသတ်များ စိတ်ပါဝင်စားစွာ တက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## စာပေဗိမာန် စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာ)ပညာရပ် တတိယဆုရရှိသည့် စေတုတ္တရာ ချင်းလှထွန်း၏ "မှန်းချောင်းရေပြာ စေတုတ္တရာ" စာအုပ်ကို ဖြန့်ချိရောင်းချလျက် ရှိသည်။

ယင်းစာအုပ်သည် စေတုတ္တရာမြို့နယ် ပထဝီဝင်အနေအထား တည်ရှိပုံ၊ အကျယ်အဝန်း၊ စီရင်စုများ၊ စီရင်စုဝင်မြို့နယ်သားများ၊ မြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ တရားစီရင်ရေး၊ စာပေ၊ ပညာရေး စသည်ဖြင့် အချက်အလက်များ ပြည့်စုံစွာ ရေးသားထားသည်။

ချင်းလူမျိုးတို့၏ ရိုးရာဝတ်ဆင်မှု ရှားပါးဓာတ်ပုံများဖြင့် ဝေဝေဆာဆာ ရေးသားထားသည့် အတွက်ကြောင့် စာဖတ်သူပရိသတ်များအနေဖြင့် များစွာ ဗဟုသုတရရှိစေမည် ဖြစ်သည့်အတွက် ဝယ်ယူဖတ်ရှုသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

ရောင်းဈေး ငွေကျပ် ၇၅၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၄၁၄၆၈၁)၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်အရောင်းဌာန (ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈)တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ယာယီဓာတ်အား ပိတ်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့် မြို့နယ်များတွင် အပတ်စဉ်ဆောင်ရွက်လျက်ရှိသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများကို (၂၆-၁၂-၂၀၁၇)(အင်္ဂါနေ့)၊ (၂၈-၁၂-၂၀၁၇)(ကြာသပတေးနေ့)တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အချိန်ပိုင်းယာယီ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုပြည့်ဝစွာရရှိစေရေးနှင့် ယူနစ်ပျောက်ဆုံးမှု လျော့နည်းစေရေးအတွက် မဖြစ်မနေ ဓာတ်အားပိတ်လုပ်ငန်းဆောင်ရွက်ရခြင်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်စဉ်အချိန်အတွင်း အင်းစိန်၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူး၊ မှော်ဘီ၊ ထောက်ကြန့်၊ တိုက်ကြီး၊ အဖျောက်၊ ဥက္ကံ၊ ဖောင်ကြီး၊ ဒါးပိန်၊ အင်းတိုင်၊ မြောင်းတကာ၊ ထန်းတပင်၊ လှိုင်၊ အလုံ၊ ကမာရွတ်၊ မရမ်းကုန်း၊ ဗဟန်း၊ လမ်းမတော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ်များရှိ ရပ်ကွက်အချို့ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါကြောင်းနှင့် ယာယီဓာတ်အားပြတ်တောက်ရခြင်းအတွက် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုများအပေါ် နားလည်ခွင့်လွှတ်ပေးပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများထံသို့ လေးစားစွာ အသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာလ ၁၄ ရက်နေ့မှ ဒီဇင်ဘာလ ၂၁ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

*(ယမန်နေ့မှအဆက်)*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၂၁ | မိသားစုနှင့် လူမှုရေးဆိုင်ရာ မေး-ဖြေ | ဒေါက်တာဦးခင်မြင့် | ၃၀၀၀ | တူဒေး |
| ၂၂ | တောင်ပေါ်ဆေးရုံ | မြင့်နောင်(ဘာသာပြန်) | ၁၅၀၀ | ယဉ်မျိုး |
| ၂၃ | ဖိနပ်လေးတစ်ရံ | မင်းဆက်သက်ခိုင် | ၃၀၀၀ | MKS |
| ၂၄ | ခြေရာမဲ့ဆိပ်ကမ်းများ | ရာစု | ၃၅၀၀ | Treasure |
| ၂၅ | အောင်မြင်မှုပန်းတိုင်သို့ခြေလှမ်း (၅၀) | ဗန်းမော်သိန်းဖေ | ၂၅၀၀ | ပဥ္စင်္ဂ |
| ၂၆ | နိုင်ငံရေးသိပ္ပံအခြေခံကျမ်း | ကလောင်စုံ | ၁၂၀၀၀ | MKS |
| ၂၇ | ပွဲကြွေ | နတ်ရဲ(ရူပဗေဒ) | ၂၅၀၀ | မျိုးဆက်သစ် |
| ၂၈ | ညှို့စိတ် | သန္တာမြေ | ၁၅၀၀ | ရန်အောင် |
| ၂၉ | အမေ့သနပ်ခါးတောင်း | မကွေးဝင်းမြင့် | ၂၀၀၀ | မျိုးဆက်သစ် |
| ၃၀ | သတ္တဝါတစ်ခု ကံတစ်ခု | မကွေးဝင်းမြင့် | ၂၀၀၀ | မျိုးဆက်သစ် |
| ၃၁ | အမှန်တရား ဘက်တော်သား | အင်းစိန်အောင်စိုး | ၃၅၀၀ | အင်းစိန်အောင်စိုး |
| ၃၂ | သင်ရိုးညွှန်းတမ်းဆိုသည်မှာ | ညီညီဖေ | ၄၅၀၀ | သရအိမ် |
| ၃၃ | ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ | မောင်မောင်မြင့်သိန်း | ၂၀၀၀ | ကျော်မွှေး |
| ၃၄ | ဆွန်ဇူးနဲ့စီးပွားရေးလုပ်ငန်းအနုပညာ | ကောင်းသာ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၃၅ | ငြိမ်းချမ်းရေးနဲ့စစ် | ရိုးခက် | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၃၆ | ကျွန်တော် ညှော့လမ်းညွှန် (၃) | ရွှေမြအောင် | ၂၀၀၀ | ဆိပ်ကမ်းသာ |
| ၃၇ | လေ့လာရေး ခရီးသွားသုံး အင်္ဂလိပ်စကားပြော | ဆရာဦးခင်မောင်သန်း | ၃၀၀၀ | မျက်ပွင့် |
| ၃၈ | တို့နှစ်ဦးကြားမှာ | မီမိုး | ၂၅၀၀ | မျိုးဆက်သစ် |
| ၃၉ | အချစ်နဲ့နွေးနွေးထွေးထွေးအိမ်ထောင်ရေး | မေသကြိန်ဟိန်း(မြစ်မခ) | ၃၅၀၀ | မြစ်မခစာပေ |
| ၄၀ | ဒေးကာနက်ဂျီ၏ ပရိသတ်ရှေ့စကားပြောနည်း | မောင်ဗေဒါ | ၁၈၀၀ | စိတ်ကူးချိုချို |
| ၄၁ | စာပေါင်းသိုက် | ဇော်ဇော်အောင် | ၂၀၀၀ | နှစ်ကာလများ |

# မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက် (သို့မဟုတ်) ရန်ကုန်စတော့အိတ်ချိန်း

နှင်းဟေမာန်

လူမှုကွန်ရက်၊ ဂျာနယ်များတွင် မကြာသေးခင်နှစ်က တည်ထောင်ခဲ့သည့် ရန်ကုန်စတော့အိတ်ချိန်းအကြောင်း ဆူဆူညံညံဝေဖန်သံများ ပေါ်လာသဖြင့် အာဆီယံနိုင်ငံတွင် နောက်ဆုံးမှ တည်ထောင်ခဲ့ရသည့် စတော့အိတ်ချိန်းအဖြစ် မှတ်တမ်းအဝင်ခံရသည့် တစ်နှစ်သားလေးအကြောင်း မေးမြန်းရန် ဆူးလေဘုရားလမ်းတွင် နေထိုင်သည့် ဘကြီးထံ စတော့ဗျူးရောက်ရှိသွားပါသည်။ စတော့ဗျူးမှာ မြန်မာနိုင်ငံတွင် စတော့ဈေးကွက်တည်ထောင်မည်ဆိုသည့် အချိန် ၁၉၉၄ ခုနှစ်မှစ၍ စတော့အကြောင်း မေးလွန်းမြန်းလွန်း၍ အပေါင်းအသင်းရောင်းရင်းများက အမည်ရင်းပျောက်အောင် အခေါ်ခံရသူဖြစ်သည်။

**စတော့ဗျူး** ။ ။ ဘကြီး နေကောင်းကျန်းမာပါစ။

**ဘကြီး** ။ ။ အေးကွယ် ကောင်းတယ်ဆိုပါ့။ နာဂစ်မတိုင်မီကတော့ ပိုလို့နေထိုင်ကောင်းသပေါ့။ ခုတော့ ပန်းခြံထဲက သစ်ပင်ကိုပဲ အရိပ်ကြည့်နေရတယ်။

**စတော့ဗျူး** ။ ။ ဘကြီးရယ်... ရန်ကုန်စတော့အိတ်ချိန်းရှေ့က အပင်ကြီးလည်း အရိပ်ကောင်းပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းဆိုလို့ ဘကြီးရေ။ အခုတော့ ရန်ကုန်စတော့အိတ်ချိန်းကြီး တည်ထောင်လို့ ဆုံးရှုံးတယ်တို့၊ ဖြုန်းတီးတယ်တို့၊ စာရင်းဝင်ကုမ္ပဏီနည်းတယ်လို့ ဖြစ်နေတော့ အဲဒီအပေါ် ဘကြီးအမြင်လေးပြောပေးပါလား။

**ဘကြီး** ။ ။ သြော်...ဖြစ်ရတယ်ကွယ်၊ ဘကြီးလည်း ဒါပဲပြောချင်နေတာ။ စတော့အိတ်ချိန်းဆိုတာ ငွေကြေးအရင်းအနှီးစုဆောင်းတဲ့ နေရာမဟုတ်လား။ အဲဒါကို ငွေကြေးဖြုန်းတီးတဲ့နေရာလို့ ဆိုပြန်တော့ ခက်သကွယ်။ ဘကြီးလေ၊ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နောက် အိမ်နီးချင်းနိုင်ငံတချို့မှာ စတော့အိတ်ချိန်းတွေ တစ်ခုပြီးတစ်ခု တည်ထောင်နေတာတွေ့တော့ မြန်မာနိုင်ငံလည်း ဘယ်အချိန်ထောင်မလဲဆိုပြီး စောင့်လာတာ ၁၉၆၀-၁၉၇၀ ပြည့်နှစ်ဝန်းကျင်မှာ ထိုင်းတို့၊ အင်ဒိုနီးရှားတို့၊ မလေးရှားတို့၊ ဖိလစ်ပိုင်တို့က အရင်ကိုလိုနီလက်ထက်က စတော့အိတ်ချိန်းတွေကို ပြန်ပြီးဆန်းသစ်လာကြတာတွေ့တော့ ဘကြီးလည်း မျှော်မိတာပေါ့။ ဒါပေမယ့် ကိုယ့်နိုင်ငံက အဲဒီအချိန်မှာ အဲဒီစတော့တွေ၊ ရှယ်ယာတွေနဲ့ ဆန့်ကျင်ဘက်ဆိုရှယ်လစ်စနစ်ကို သွားနေပြီလေ။

**စတော့ဗျူး** ။ ။ ဟုတ်တယ်နော်ဘကြီး။ အင်ဒိုနီးရှားက ဒတ်ချ်ကိုလိုနီခေတ်ကတည်းက ရှိခဲ့တာ။ ပထမကမ္ဘာစစ်နဲ့ ဒုတိယကမ္ဘာစစ်ကာလကနေ ပိတ်ထားရာက ၁၉၇၇ ခုနှစ်မှ ပြန်ဖွင့်တာ။

**ဘကြီး** ။ ။ ဖိလစ်ပိုင်ကတော့ အာရှမှာ သက်တမ်းအကြာဆုံးလို့ပြောလို့ရတယ်။ သူကပိတ်ခဲ့တာမရှိဘူးလေ။ မနီလာစတော့အိတ်ချိန်းဆိုပြီး ၁၉၂၇ ခုနှစ်မှာ တည်ထောင်ခဲ့တာ ၁၉၆၃ ခုနှစ်ကျတော့ မာကာတီစတော့အိတ်ချိန်းပေါ့။ ၁၉၉၂ ခုနှစ်ကျမှ ဖိလစ်ပိုင်စတော့အိတ်ချိန်းဖြစ်လာတာ။ မလေးရှားဆိုရင် ၁၉၃၀ ပြည့်နှစ်လောက်က တည်ထောင်ခဲ့တာပဲ။ ဒါပေမယ့် ၁၉၆၄ ခုနှစ်ကျတော့မှ မလေးရှားစတော့အိတ်ချိန်းတည်ထောင်ခဲ့တာ။ အဲဒီအချိန်က စင်ကာပူနဲ့တွဲလျက်ပေါ့။ ၁၉၇၃ ခုနှစ်မှ ခွဲထွက်သွားတာ။

**စတော့ဗျူး** ။ ။ ကျွန်တော်တို့ ရန်ကုန်စတော့အိတ်ချိန်းကတော့ ၂၀၁၅ ခုနှစ်မှာ ထောင်တာနော်။ တိုးတက်မှု အခြေအနေဘယ်လိုရှိသလဲ။ ရန်ကုန်စတော့အိတ်ချိန်းက ဘာတွေလုပ်နေတာလဲ။

**ဘကြီး** ။ ။ အေးလေ တစ်နှစ်သားကလေးကို မပြေးတတ်ဘူးလား၊ အသုံးကို မကျသေးဘူးဆိုရင်တော့ ပြောရင်ပြောတဲ့သူက လွန်တာအားလုံးသိပေါ့ကွယ်။ တို့နိုင်ငံမှာ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ အိတ်ချိန်းထောင်ဖို့ ကြိုးစားကြသေးတယ်။ အဲဒီအချိန်မှာ အာဆီယံကခြောက်နိုင်ငံပဲရှိခဲ့ပြီး ကျန်လေးနိုင်ငံက အဖွဲ့ဝင်မဖြစ်သေးသလို အိတ်ချိန်းလည်း မရှိသေးဘူး။ အာဆီယံ ၁၀ နိုင်ငံဖြစ်ဖို့ ကြိုးပမ်းနေချိန်နဲ့ စတော့အိတ်ချိန်းဖွံ့ဖြိုးဖို့ ဆောင်ရွက်ချိန်က တစ်ပြိုင်နက်ဖြစ်ခဲ့တာပေါ့။ CLMV ခေါ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်တို့ကလည်း အိတ်ချိန်းထောင်ဖို့ ကြိုးစားခဲ့တာပေါ့။ ဒါပေမယ့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနဲ့ လာအိုတို့ကတော့ မြန်မာထက်စောပြီး စတော့အိတ်ချိန်း ထောင်နိုင်ခဲ့တာ။ စတော့အိတ်ချိန်းတွေကြည့်ရင် အောင်မြင်အောင် အရှိန်ရဖို့ အချိန်ယူရတယ်ကွဲ့။ အိမ်နီးချင်းထိုင်းနိုင်ငံဆိုရင် ၁၉၆၂ ခုနှစ်မှာ ဗန်ကောက်စတော့ အိတ်ချိန်းဆိုပြီး တည်ထောင်တာ ၁၉၇၀ ပြည့်နှစ်အထိပဲ။ ဒါပေမယ့် အစိုးရရဲ့ အကူအညီမရှိခဲ့လို့ စတော့အိတ်ချိန်း မအောင်မြင်ဘူးလို့ ဆိုရမယ်၊ ၁၉၇၅ ခုနှစ်မှ ပြန်စပြီး အခုတော့ အရှိန်ရလာပြီပေါ့။

**စတော့ဗျူး** ။ ။ ဒါပေမယ့် အခုထိုင်းစတော့အိတ်ချိန်းက ပိုပြီး အရောင်းအဝယ်များတယ်လို့ ဆိုတယ်နော်။

> **“အိတ်ချိန်းထောင်တဲ့ ရည်ရွယ်ချက်က လိုအပ်တဲ့ ရင်းနှီးငွေ စုစည်းဖို့ပဲလေ၊ မထောင်ရင် အရင်းအနှီးဘယ်ကရမလဲ၊ ဘဏ်ချေးငွေလား၊ ပေးနိုင်ရင်တောင် အာမခံပစ္စည်းတို့၊ အတိုးတို့ ပြန်ဆပ်ရတာတို့ ရှိလာမယ်၊ ပြီးတော့ လိုသလောက် ချေးမှာလား၊ ချေးနိုင်လား၊ မြန်မာတော့ မသိဘူး၊ ကမ္ဘာမှာတော့ ဘဏ်တွေရဲ့ ငွေချေးနိုင်စွမ်းက အရင်းအနှီးလိုအပ်ချက်ကို မဖြည့်နိုင်လို့ ရှယ်ယာခေါ်ရတာပဲ၊ ဒါ့ကြောင့် စတော့အိတ်ချိန်းဆိုတာ ထွန်းကားလာတာပဲ”**

**ဘကြီး** ။ ။ အဲတော့ ထိုင်းအစိုးရက ဘာလုပ်လဲဆိုရင် ၁၉၇၂ ခုနှစ်လောက်မှာ ကမ္ဘာ့ဘဏ်အကူအညီနဲ့ဈေးကွက်ဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးကိုငှားပြီး ထိုင်းဗဟိုဘဏ်မှာ အဖွဲ့ဖွဲ့ပြီး စတော့ဈေးကွက်တည်ထောင်ဖို့စခဲ့တယ်။ လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းပြီး ၁၉၇၄ ခုနှစ်မှာ ထိုင်းစတော့အိတ်ချိန်းထောင်ခဲ့တယ်။ ၁၉၇၅ ခုနှစ်မှာ ပြန်ပြီးအရောင်းအဝယ်လုပ်ခဲ့တယ်။ ၁၉၉၇ ခုနှစ်မှာတော့ ကျသွားတာပေါ့။ ဒါပေမယ့် အခုတော့ အာဆီယံမှာ အရောင်းအဝယ်အသွက်ဆုံးပေါ့။

**စတော့ဗျူး** ။ ။ မြန်မာကရော အခုဘာလုပ်နေလဲ။

**ဘကြီး** ။ ။ မြန်မာကတော့ ၁၉၉၄ ခုနှစ်လောက်ကစပြီး တည်ထောင်ဖို့ကြိုးစားခဲ့တာ။ အဲဒီအချိန်မှာ အကျိုးဆောင်တွေက ဆန်းသစ်၊ မဟာခန်တို့၊ သစ္စာပန်းခင်းတို့။ နောက်ဆုံးတော့လည်း အကျိုးဆောင်တွေပြိုလဲတော့ အိတ်ချိန်းကိစ္စလည်း အခိုက်အတန့်နောက်ဆုတ်သွားတာပေါ့။ ပြန်စမလို့လုပ်တုန်း ၂၀၀၃ လောက်မှာဘဏ်တွေအကျပ်အတည်းဖြစ်ပြန်ရော။ အဲဒီတော့ လန့်သွားပြန်တာပေါ့။ ဘကြီးလည်း ၉၆ လာနီး၊ ၂၀၀၀ လာနီးနဲ့ တစ်ခါ ၂၀၀၈-၂၀၀၉ ကမ္ဘာ့စတော့ဆိုရင် ဘုရင်ဆိုတဲ့ အမေရိကားမှာ ဖြစ်ပြန်ရော။ မြန်မာဆိုတာလည်း ခဲမှန်ဖူးတဲ့ စာသူငယ်လို လေသံကြားလန့်ပြန်ရော။ ဒါနဲ့ပဲ ၂၀၁၃ ခုနှစ်မှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) ထွက်ကာ ၂၀၁၄ ခုနှစ်မှာ ကော်မရှင်ဖွဲ့၊ ၂၀၁၅ ခုနှစ်မှာ စတော့အိတ်ချိန်းထောင်၊ ၂၀၁၆ ခုနှစ်မှာ အရောင်းအဝယ်စတော့မှပဲ ဘကြီးတို့ စောင့်ရကျိုးနပ်တော့တယ်။ လူတွေလည်း ထို့အတူပေါ့။ ပေါ်လာတော့လည်း အင်တိုက်အားတိုက်နဲ့ ရောင်းလိုက်၊ ဝယ်လိုက်တာ သိကြတဲ့အတိုင်း တစ်ပတ်အတွင်းကို ၂၅ ဘီလီယံလောက်ဖြစ်သွားတာ။ မြတ်တဲ့သူလည်းမြတ်၊ ဈေးကွက်အထာမသိတော့ ရှုံးသူလည်းရှုံးပေါ့။ အဓိကကတော့ ရှိပြီးသားရှယ်ယာတွေ ရောင်းကြ၊ ဝယ်ကြတော့ ရင်းနှီးချင်သူကလည်း ဈေးသက်သက်သာသာနဲ့ရချင်၊ ရောင်းသူကလည်း ထုတ်မရောင်းချင်၊ ရောင်းပြန်တော့လည်း မြတ်ချင်၊ ဈေးနှုန်းဆိုတာ ဈေးကွက်က သတ်မှတ်တာလေ၊ ဈေးကွက်မှာ ရေပန်းစားရင် ဝယ်လိုအားတက်မှာပဲ။ ဝယ်လိုအားတက်ရင်ဈေးကလည်း လိုက်လာမှာပဲ။ အဲဒီမှာ ရေပန်းစားဖို့ဆိုတာက ကုမ္ပဏီတစ်ခုက ဘယ်လောက်ခိုင်မာလဲဆိုတာပေါ့။ နောက်တစ်ခုက ရင်းနှီးသူရဲ့ အသိပညာ စတော့တစ်ခု ဘယ်အချိန်ဝယ်မယ်၊ ဘယ်အချိန်ပြန်ရောင်းမယ်၊ ဘယ်ဟာကို ကိုင်ထားမယ်သိဖို့လိုတာ၊ အဲဒါကို ပညာပေးရမှာ။ ပြီးခဲ့တဲ့အပတ် ရန်ကုန်စတော့ အိတ်ချိန်းမှာ လာဟောသွားတဲ့ Japan Exchange Group (JPX) က ပညာရှင်ပြောတာလေးတွေ အလွန်ကောင်းတယ်။ ပြည်သူက အဲဒါကိုသိရင် အခုဈေးကျနေတဲ့ ရှယ်ယာကို ဝယ်မှာပဲ၊ ရန်ကုန်စတော့အိတ်ချိန်းကတော့ အသိပညာဝေငှတာပေါ့။ အဲဒါကို အခုအရင်လုပ်နေရတယ်။ နောက်တစ်ခုကတော့ ခိုင်မာတဲ့ ကုမ္ပဏီတွေ စာရင်းဝင်ဖို့၊ အခုဆိုရင် စာရင်းဝင်ကုမ္ပဏီတွေကို အခွန်သက်သာခွင့်ပေးထားတာလည်း ရှိနေပြီ။ အများကို ရှယ်ယာခေါ်ပြီး ကိုယ့်အကြွေးဆပ်ဖို့တော့လည်း မဖြစ်ဘူးလေ။ ခိုင်မာသေချာတဲ့လုပ်ငန်းအတွက်ပဲ ရှယ်ယာခေါ်ရမှာပေါ့၊ အဲလို ခေါ်ရင်ဝယ်မယ့်သူတွေရှိပါတယ်။ နောက်တစ်ခုက ကာလရှည် ရင်းနှီး မြှုပ်နှံမယ့်သူတွေလည်း လိုအပ်တယ်။ စတော့ဈေးကွက်ကို ကျွမ်းကျွမ်းကျင်ကျင်ရှိတဲ့သူတွေလည်း လိုတာပေါ့။ Professional Investor တို့၊ Institutional Investor တို့လိုပေါ့။ ပုံမှန်လေးကောင်းနေတဲ့ ကုမ္ပဏီတစ်ခုသာ အများကို အစုရှယ်ယာသစ် ကမ်းလှမ်းမှုနဲ့ စာရင်းဝင်ကြည့်ပါလား။ ရင်းနှီးမြှုပ်နှံသူရှိတယ်ဆိုတာသိရမှာပဲ။ ဈေးနှုန်းကလည်း ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာမှာလည်းရှိရမယ်။ ဈေးကအလွန်မြင့်နေရင်၊ ကာလတိုရင်းနှီးသူတွေက တွက်ချက်ပြီး မကိုက်ရင် တစ်မျိုးဖြစ်နိုင်တယ်၊ အဲဒီတော့ ရန်ကုန်စတော့ အိတ်ချိန်းက အရည်အသွေးမီတဲ့ Stock ကို တင်နိုင်အောင် စိစစ်ရမှာပေါ့။ တစ်ဖက်ကလည်း ပညာပေးတာ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရမှာပေါ့။ ကောလာဟလတို့၊ ဘာတို့လည်း ဖြေရှင်းသင့်တာ ဖြေရှင်းရမှာပေါ့။ ဈေးကစားတဲ့ လုပ်ရပ်တွေကိုလည်း ဖော်ထုတ်ပြီး တားမြစ်သင့်တာ တားမြစ်ရမှာပေါ့။

**စတော့ဗျူး** ။ ။ ဒါဆို ရန်ကုန်စတော့အိတ်ချိန်းက လုပ်အားတွေ၊ အရင်းအနှီးတွေ ဖြုန်းတီးတဲ့နေရာလို့ ဆိုနေတာကရော။

**ဘကြီး** ။ ။ အရင်စတော့အိတ်ချိန်းတွေက ICT မထွန်းကားတော့ အရင်းအနှီးသိပ်မရှိပေမယ့် ဒီဘက် စတော့အိတ်ချိန်းတွေကတော့ အားလုံးက ICT System နဲ့ ရောင်းကြ၊ ဝယ်ကြလုပ်တော့ ရန်ကုန်စတော့အိတ်ချိန်းနဲ့ ချိတ်ဆက်မယ့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီရော ICT System လုပ်ကြရတာပေါ့။ အဲဒီစရိတ်ကတော့ ကြီးတာပေါ့။ အဲဒီမှာ ရန်ကုန်စတော့အိတ်ချိန်းက အိမ်နီးချင်း တချို့ထက်သာတာက အခုဗီယက်နမ် စတော့အားလုံးက Dematerialization မဖြစ်သေးဘူး။ အခုမှ တချို့က ICT တပ်ပြီး ရှယ်ယာ စာရွက်တွေကို electronic ပုံစံပြောင်းဖို့လုပ်တုန်း။ ရန်ကုန် စတော့အိတ်ချိန်းကတော့ ရက် ၂၀ အတွင်း ပြောင်းပြီးသားပဲ၊ ပိုပြီး တိုးတက်တာပေါ့။ အဲဒီအတွက် စရိတ်ကတော့ ရှိသွားတာပေါ့။

**စတော့ဗျူး** ။ ။ ဒါဆို အိတ်ချိန်း မထောင်ရင်ရော။

**ဘကြီး** ။ ။ အိတ်ချိန်းထောင်တဲ့ရည်ရွယ်ချက်က လိုအပ်တဲ့ ရင်းနှီးငွေစုစည်းဖို့ပဲလေ။ မထောင်ရင် အရင်းအနှီးဘယ်ကရမလဲ၊ ဘဏ်ချေးငွေလား။ ပေးနိုင်ရင်တောင် အာမခံပစ္စည်းတို့၊ အတိုးတို့၊ ပြန်ဆပ်ရတာတို့ ရှိလာမယ်၊ ပြီးတော့ လိုသလောက်ချေးမှာလား၊ ချေးနိုင်လား၊ မြန်မာတော့ မသိဘူး၊ ကမ္ဘာမှာတော့ ဘဏ်တွေရဲ့ငွေချေးနိုင်စွမ်းက အရင်းအနှီးလိုအပ်ချက်ကို မဖြည့်နိုင်လို့ ရှယ်ယာခေါ်ရတာပဲ။ ဒါ့ကြောင့် စတော့အိတ်ချိန်းဆိုတာ ထွန်းကားလာတာပဲ။ အိတ်ချိန်းမထောင်ရင် ဘဏ်ချေးငွေလုပ်လေ၊ မလောက်ရင် အရင်းအနှီးမရရင် ထုတ်လုပ်မှုတွေ၊ လုပ်ငန်းတွေမတက်လာဘူးပေါ့။ ဖွံ့ဖြိုးပြီး အမေရိကမှာတောင် ဘဏ်ချေးငွေနဲ့ အရင်းအနှီးပေးနိုင်စွမ်း မရှိတာ။ မြန်မာမှာ လိုအပ်ချက်အားလုံး ဘဏ်ကပေးနိုင်မလား မေးရင် ရှင်းပါတယ်။ မပေးနိုင်ပါပေါ့။

**စတော့ဗျူး** ။ ။ အိတ်ချိန်းထောင်တာ စောတာတို့၊ ဘာတို့ ပြောနေကြတာကော။

**ဘကြီး** ။ ။ စောရအောင် အာဆီယံမှာ လူဦးရေနည်းနည်း၊ ဝင်ငွေများများရပြီး ချမ်းသာတဲ့ ဘရူနိုင်းကလွဲရင် မြန်မာကနောက်ဆုံးထောင်ခဲ့တာ။ မနေ့တစ်နေ့ကမှ လွတ်လပ်ရေးရတဲ့၊ မဝင်ရသေးတဲ့ အရှေ့တီမောပဲကျန်တယ်။ ကမ္ဘာနဲ့အဆက်အသွယ်ပြတ်နေတဲ့ မြောက်ကိုရီးယားနဲ့ အသေးအမွှား ကျွန်းနိုင်ငံတချို့ပဲ ကျန်တော့တာ။ နောက်ကျတယ်တောင်ဆိုရမလိုဘဲ၊ ဒါပေမယ့် အကြံတူ နောက်လူသာစမြဲမို့ အခုပဲ Paper Less ဖြစ်နေတာက တစ်ပန်းသာနေတာ။ ရန်ကုန်မြို့ လူဦးရေသာသာရှိတဲ့ လာအိုတောင် မြန်မာထက်စောနေတာ၊ မပြည့်စုံတာရှိရင်တော့ ဝိုင်းဝန်းအဖြေရှာရမှာပဲလေ။

**စတော့ဗျူး** ။ ။ ဒါဆို ဗဟိုဘဏ်ရဲ့အခန်းကဏ္ဍကရော ဘာတွေရှိလဲ ဘကြီး။

**ဘကြီး** ။ ။ ဗဟိုဘဏ်အနေနဲ့က ရန်ကုန်စတော့အိတ်ချိန်းက နိုင်ငံခြားသားပါဝင်တဲ့ အရောင်းအဝယ်ကို စလိုက်ရင် သူစီမံခန့်ခွဲရမှာက Foreign Exchange inflow out flow ကို ဘယ်လိုစိစစ်မလဲ ဆိုတဲ့အချက်ပဲ။ နိုင်ငံခြားက ဝင်လာတဲ့ Portfolio investment အတွက် AML ဘယ်လိုစစ်မလဲဆိုတဲ့ တိကျတဲ့မူရှိရမယ်။ နိုင်ငံခြားကို ပြန်ပြီးထွက်မယ့် ရင်းနှီးမြှုပ်နှံမှု၊ ဆိုလိုတာကရှယ်ယာတွေကို ရောင်းပြီး အမြတ်ရလို့ ပြန်ထုတ်ယူသွားမယ့်ငွေကို ဘယ်လိုခွင့်ပြုနိုင်မလဲ။ ဒါဗဟိုဘဏ်က လုပ်ရမှာ၊ ဝေါခနဲဝင်၊ ဝေါခနဲထွက်တာ ခွင့်ပြုရင် ဘာဖြစ်နိုင်မလဲ ဗဟိုဘဏ်က အသိဆုံးပဲ။ တစ်ဖက်မှာ ဈေးကွက်ဖွံ့ဖြိုးဖို့ နိုင်ငံခြားသားပါဝင်မှုကို ခွင့်ပြုမှာမို့ အဲဒီနှစ်ခုကို ချိန်ဆရမယ်။ တိုင်းပြည်ရဲ့ နိုင်ငံခြား ငွေပေးငွေယူရှင်းတမ်းကို အကျိုးသက်ရောက်စေမယ့် Foreign Exchange စီးဝင်၊ စီးထွက်မှုနဲ့ ဈေးကွက် ဖွံ့ဖြိုးမှုအတွက် မူတစ်ရပ်ကိုချရမယ်။ အိန္ဒိယဆိုရင် နိုင်ငံခြား Fund တစ်ခု (သို့မဟုတ်) Institutional Investor က ဘယ်နှရာခိုင်နှုန်းထက် မပိုရ၊ မတည်ငွေရင်းရဲ့ ဘယ်နှရာခိုင်နှုန်းထက်မပိုရ စသည်ဖြင့် သတ်မှတ်ရမယ်။ ပြန်သယ်သွားချင်ရင်လည်း အခွန်ဆောင်ပြီး နှောင့်နှေးမှုမရှိ ခွင့်ပြုရမယ်၊ မဟုတ်ရင် ဘယ်သူမှမလာဘူး။

**စတော့ဗျူး** ။ ။ အခွန်ဆိုလို့ စတော့အရောင်းအဝယ်အပေါ် Capital Gain Tax ကောက်မယ် ဘာညာကြားတယ်။ အခြားနိုင်ငံတွေရောဘကြီး။

**ဘကြီး** ။ ။ Capital Gain Tax ကတော့ တချို့နိုင်ငံတွေမှာ ကောက်ပါတယ်။ ဒါပေမယ့် အမြတ်ဘယ်လောက်ရဲ့အထက်မှ အရောင်းအဝယ် မကြာခဏလာလုပ်တဲ့၊ ပမာဏများများလုပ်တဲ့ Institutional Investor တွေကိုပဲ ကောက်တာပါ။ ဒါကအခွန်စနစ်အလွန်တိုးတက်တဲ့ နိုင်ငံ၊ တချို့နိုင်ငံက မကောက်ဘူး။ မြန်မာနိုင်ငံအနေနဲ့ စဉ်းစားရမှာက အိမ်၊ ခြံ၊ မြေတို့၊ ကားတို့ကိုရော တိတိကျကျ စာရင်းကောက်ပြီး အခွန်ကောက်နိုင်လား၊ ကောက်နိုင်တဲ့ အခြေအနေရှိလား။ ဒါကို စဉ်းစားရမယ်။ မရှိဘဲနဲ့ အခွန်ကောက်မယ်ဖြစ်ရင်တော့ သေချာတယ်။ စတော့မှာ မရင်းနှီးတော့ဘူး။ အိမ်၊ ခြံ၊ မြေ၊ ကား၊ ရွှေမှာ ရင်းမယ်၊ စတော့မှာ မရင်းရင် ဈေးကွက်ကျမယ်။ အဲဒီကောလာဟလကြောင့် ရန်ကုန်စတော့အိတ်ချိန်းမှာ ရင်းဖို့ လက်တွန့်သွားတာလည်းပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းမှာ အရောင်းအဝယ်ပါးသွားတယ်။ ဖြစ်သင့်တာကတော့ Capital Gain Tax ကောက်ရမယ့် နယ်ပယ်အသီးသီးမှာ ကောက်နိုင်တဲ့ အခြေအနေရှိရင် ကောက်သင့်သလို စတော့လိုရှယ်ယာ မကြာခဏ အရောင်းအဝယ်လုပ်တဲ့ နေရာမှာတော့ ကောက်ခဲ့ရင်တောင် နှုန်းတစ်ခုသတ်မှတ်ပြီး အမြတ်ဘယ်လောက်နဲ့ အထက်မှ ကောက်မယ်ဆိုတဲ့ မူတစ်ခု ရှိသင့်တယ်။ ဆိုလိုတာက နှုန်းအတူတူတော့ မဖြစ်သင့်ဘူး။ ရန်ကုန်စတော့အိတ်ချိန်းမှာ လူတွေလက်တွန့်နေတာ အဲဒီကောလာဟလကြောင့်လည်းပါတယ်။ သတင်းမှားတွေကြောင့် ရောင်းမယ့်၊ ဝယ်မယ့်သူတွေ လက်တွန့်နေတာပေါ့။

**စတော့ဗျူး** ။ ။ ဘကြီးကို ကျေးဇူးအများကြီးတင်ပါတယ်။ ဗဟုသုတတွေ အများကြီးရပါတယ်။ ပြန်ပါဦးမယ်။

# ရခိုင်ပြည်နယ်သတင်းများ

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများ ရမ်းဗြဲမြို့နယ်မှ ဒေသခံများနှင့်တွေ့ဆုံ




ရမ်းဗြဲ ဒီဇင်ဘာ ၂၅

**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက် ၈ နာရီတွင် ရမ်းဗြဲမြို့ ရမ္မာဝတီခန်းမ၌ ရမ်းဗြဲမြို့နယ်မှ ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံပြီး ရမ်းဗြဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးသည်။**

အဆိုပါဆွေးနွေးပွဲတွင် ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပညာရေးဝန်ကြီးဌာနမှ သင်ကြားရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကျောက်ဖြူခရိုင်အတွင်းမှ သင်ကြားရေးဝန်ထမ်း ၅၂၃၉ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၆၁၉၅၀၀၀ ကို ကျောက်ဖြူခရိုင် ပညာရေးမှူးရုံးသို့ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့ အထက (၂) ပုလုပ်တောင်ကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ရမ်းဗြဲမြို့ အမှတ် (၄) ရပ်ကွက်ရှိ ဦးမြဝါလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်ကြီးချုပ်သည် ရမ်းဗြဲမြို့ အထက (၁)မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့်တွေ့ဆုံပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ရမ်းဗြဲမြို့ မြို့သစ်တည်ဆောက်မည့် စီမံကိန်းမြေနေရာနှင့် ခုတင် ၁၅၀ ဆံ့ဆေးရုံ တည်ဆောက်မည့်မြေနေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

ယင်းလမ်းကို လမ်းဦးစီးဌာန လမ်းအထူးအဖွဲ့(၁၇)က တာဝန်ယူ ဖောက်လုပ်နေခြင်းဖြစ်ပြီး အရှည်အားဖြင့် ၁၀ မိုင် ၇ ဖာလုံရှိသည်။ ယာဉ်ယန္တရား ၂၆ စီးဖြင့် ကနဦး အကျယ် ၃၄ ပေ မြေသားလမ်းရရှိအောင် ဆောင်ရွက်လျက်ရှိကာ ယင်းလမ်းပေါ်တွင် ရှစ်လက်မထု ကျောက်ခင်းလမ်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အကျယ် ၁၈ ပေရှိ ကွန်ကရစ်လမ်းခင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းလမ်း ပေါ်တွင် တံတားကြီးငယ် ၇၅ စင်း တည်ဆောက်သွားရန်လည်း လျာထား ဆောင်ရွက်လျက်ရှိသည်။

ဒုတိယမြောက် မေယုတောင်ကျော်ဖြတ်လမ်းမှာ ကြိမ်ချောင်း-ဂုပ္ပိလမ်းဖြစ်သည်။ ၎င်းလမ်းသည် မောင်တောဒေသ မြောက်ပိုင်းတွင်ရှိပြီး အဆိုပါလမ်းကိုလည်း လမ်းအထူးအဖွဲ့(၁၇)က တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်သည်။ အရှည်အားဖြင့် ၁၅ မိုင်ရှိကာ ယာဉ်ယန္တရား ၁၅ စီးဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ လမ်းပေါ်တွင် တံတားကြီးငယ် ၅၂ စင်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။ ယင်းလမ်းကိုလည်း ကနဦး မြေသားလမ်း အကျယ် ၃၄ ပေ ရရှိအောင် ဆောင်ရွက်ပြီး ရှစ်လက်မထု ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ကာ အကျယ် ၁၈ ပေ ကွန်ကရစ်လမ်းခင်းသွားမည်ဖြစ်ကြောင်း သိရသည်။

မေယုတောင်တန်းကြီးသည် ဘင်္ဂလားပင်လယ်အော်နှင့် နတ်မြစ်ဝကို မျက်နှာမူလျက် တောင်မြောက်အနေအထားသွယ်တန်းနေခြင်းကြောင့် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်များသည် နယ်နိမိတ်ချင်းထိစပ်နေသော်လည်း မေယုတောင်တန်းက အတားအဆီး သဖွယ် ဖြစ်နေသည်။ သို့သော်လည်း ယခုလမ်းမကြီးများကို နိုင်ငံတော်က ဆောင်ရွက်ပေးနိုင်မှုကြောင့် မေယုတောင်တန်း အရှေ့ဘက်ခြမ်းဒေသများနှင့် အနောက်ဘက်ခြမ်းဒေသများ ပိုမိုဆက်သွယ်ကူးလူးယှက်နွယ် သွားလာနိုင်ကြတော့မည်ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေး၊ လုံခြုံတည်ငြိမ် အေးချမ်းရေးတို့အတွက်ပါ အထောက်အကူပြုလာနိုင်တော့မည်ဖြစ်ပါသည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**




## မြန်မာ့ရိုးရာခြင်းလုံး ရွှေမန္တလေး (သစ်သီးဝလံ)အသင်း ဒိုင်းဆုဆွတ်ခူး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပသည့် ပထမဆုံးသော ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကြီးကို Tiger Streets Freestyle ခြင်းလုံး ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ Myanmar Cultural Valley ၌ ဒီဇင်ဘာ ၂၃ ရက်တွင် ကျင်းပရာ ဝင်ရောက်ယှဉ်ပြိုင်သော အသင်းများမှ ရွှေမန္တလေး(သစ်သီးဝလံ)အသင်းက ပထမရရှိကာ ဒိုင်းဆုကြီးကို ဆွတ်ခူးသွားသည်။



### ပြန်လည်ယှဉ်ပြိုင်

နောက်ဆုံးဗိုလ်လုပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သော မြန်မာ့ရိုးရာခြင်းလုံးအသင်းများမှာ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် ရန်ကုန်မြို့တို့တွင် ကျင်းပခဲ့သော ရိုးရာခြင်းလုံးပြိုင်ပွဲများမှ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းကာ ပထမနှင့် ဒုတိယဆုရရှိခဲ့သော အသင်းများကို ပြန်လည် ယှဉ်ပြိုင်စေခြင်း ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်သော အသင်းများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ရွှေပြည်စိုးအသင်းနှင့် Simple Smile၊ မန္တလေးတိုင်းဒေသကြီးမှ ရွှေမန္တလေး(သစ်သီးဝလံ)နှင့် မြန်မာ့ရိုးရာ ကျောက်စိမ်း၊ မွန်ပြည်နယ်မှ ရွှက်သစ်အသင်းနှင့် ရွှေမြိုင်သီရိအသင်း၊ ရှမ်းပြည်နယ်မှ ကမ္ဘောဇအသင်း စုစုပေါင်း ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အသင်းတစ်သင်းတွင် အသင်းသား ခြောက်ဦးမှ ရှစ်ဦးအထိ ပါဝင်ပြီး တစ်သင်းစီတွင် ၎င်းတို့၏ခြင်းခတ်အတတ်ပညာများကို ဒိုင်လူကြီးများနှင့် ပရိသတ်ရှေ့တွင် ယှဉ်ပြိုင်ခတ်ပြရန် မိနစ် ၂၀ သတ်မှတ်ပြိုင်ပွဲဝင်ရသည်။

### မျိုးဆက်သစ်များမွေးထုတ်

“အခု ကျင်းပခဲ့တဲ့ Tiger Streets Freestyle ခြင်းလုံးပြိုင်ပွဲကို လူကြီး၊ လူလတ်၊ လူငယ်ပါမကျန် စိတ်ဝင်တစားနဲ့ လာရောက်ကြည့်ရှုအားပေးကြတာ တွေ့ရလို့ ဝမ်းသာတယ်၊ ဒီခြင်းလုံးပြိုင်ပွဲကတစ်ဆင့် အရည်အချင်းရှိတဲ့ မျိုးဆက်သစ်လူငယ်ကစားသမားတွေကို မွေးထုတ်ပေးနိုင်မှာဖြစ်ပြီး ခြင်းလုံးအားကစားကို မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းပေးနိုင်တဲ့ မြန်မာ့အားကစားတစ်ခု ဖြစ်လာအောင် လုပ်ဆောင်သွားနိုင်ဖို့ မျှော်လင့်ပါတယ်” ဟု မြန်မာ့ခြင်းလုံးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ပြောသည်။

### ဆုချီးမြှင့်

ခြင်းလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော မန္တလေးတိုင်းဒေသကြီးမှ ရွှေမန္တလေး(သစ်သီးဝလံအသင်း)ကို ဆုငွေကျပ်သိန်း ၅၀၊ ဒုတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ Simple Smile အသင်းကို ငွေကျပ် သိန်း ၃၀ နှင့် တတိယဆုရရှိသော ရန်ကုန်တိုင်းဒေသကြီးမှ ရွှေပြည်စိုးအသင်းကို ငွေကျပ် သိန်း ၂၀ အသီးသီး ဆုချီးမြှင့်ပေးခဲ့ကြသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## တိုင်ကြားနိုင်ပါသည်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့် ပတ်သက်၍ တိုင်ကြားစာများကို လက်ခံလျက်ရှိပြီး ယင်းတိုင်ကြားစာများကိုစိစစ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ ညှိနှိုင်းဖြေရှင်းပေးခြင်းများနှင့် သက်ဆိုင်ရာဌာနများကို ဖြေရှင်းကုစားပေးရန် အကြောင်းကြားညှိနှိုင်းခြင်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခံရခြင်းများလည်း အကျုံးဝင်ပါသဖြင့် နိုင်ငံအနှံ့အပြားတွင် ကလေးသူငယ်အခွင့်အရေး ချိုးဖောက်ခြင်းများ ခံစား၊ ကြုံတွေ့ပါက လူ့အခွင့်အရေးကော်မရှင်သို့ တိုင်တန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်**

## စားသုံးသူများသို့ အသိပေးကြေညာခြင်း

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံတစ်ဝန်း၌ Online အသုံးပြုသူများ တိုးတက်များပြားလာသည်နှင့်အညီ အစားသောက်၊ ဆေးဝါး၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းမျိုးစုံအား Facebook၊ Web Page များမှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ကြော်ငြာပြီး Online Shopping ပုံသဏ္ဌာန် ရောင်းချမှုများ တွင်ကျယ်လာသည်ကို တွေ့ရှိရပါသည်။

ထိုသို့ Facebook၊ Web Page များမှတစ်ဆင့် ကြော်ငြာရောင်းချနေသည့် ကုန်စည်အများစုသည် သက်ဆိုင်ရာဌာန၏ ခွင့်ပြုထောက်ခံချက်၊ တရားဝင်တင်သွင်းထားသည့် အထောက်အထားများ အပါအဝင် ကုန်စည်နှင့် ပတ်သက်သည့် သတင်းအချက်အလက်အပြည့်အစုံ ဖော်ပြမှုမရှိဘဲ ကြော်ငြာရောင်းချနေခြင်း၊ ရောင်းချသူ၏ လိပ်စာပြည့်စုံစွာ ဖော်ပြထားမှု မရှိခြင်းတို့ကြောင့် ဝယ်ယူအသုံးပြုသည့် စားသုံးသူများအနေဖြင့် ကုန်စည်နှင့်ပတ်သက်၍ ကတိကဝတ်ဖောက်ဖျက်မှုများ၊ မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်လာပါက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် အခက်အခဲ ကြုံတွေ့နိုင်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ စားသုံးသူပြည်သူများအနေဖြင့် Facebook၊ Web Page များမှတစ်ဆင့် ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲရာတွင် မိမိဝယ်ယူအသုံးပြုမည့် ကုန်စည်နှင့်ပတ်သက်၍ သတင်းအချက်အလက်များ၊ ကတိကဝတ်များကိုသေချာစွာ ကြိုတင်လေ့လာစုံစမ်းခြင်း၊ ကုန်ပစ္စည်းလက်ခံရာတွင် တစ်ပါတည်း တောင်းခံခြင်းတို့ဖြင့် နစ်နာမှုမရှိစေရေး စိစစ်ဝယ်ယူကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအခြင်းပွားမှုဖြေရှင်းရေးအဖွဲ့**

# ပြည်နယ်ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ အသက် ၂၂ နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

လွိုင်ကော် ဒီဇင်ဘာ ၂၅

ကယားပြည်နယ် ဝန်ကြီးချုပ်ဖလား ရပ်ကွက်ပေါင်းစုံ အသက်၂၂နှစ်အောက် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၃ နာရီတွင် လွိုင်ကော်မြို့ ကယားဒေး ဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဘောလုံးဝါသနာရှင် မိဘပြည်သူများ ကြည့်ရှုအားပေးကြ သည်။



နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဓမ္မာရုံ ရပ်ကွက်အသင်းနှင့် နာနတ်တော ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဓမ္မာရုံရပ်ကွက်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ နှစ်သိမ့်ဆုရရှိသော ပြိုင်ပွဲဝင်အသင်း ၁၅ သင်းနှင့်နေရာအလိုက် အကောင်းဆုံး ကစားသမားဆုများကို ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ပြီး ဘောလုံးပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် အလှူငွေများ ထည့်ဝင်ပံ့ပိုးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသော ဓမ္မာရုံရပ်ကွက် အသင်းအား တံခွန်စိုက်ဖလား၊ ငွေသား ၁၀ သိန်းနှင့် အားကစားသမား တစ်ဦးချင်း ရွှေတံဆိပ်ဆုများကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် နာနတ်တော ရပ်ကွက်အသင်းအား ငွေသားခုနစ်သိန်း ငါးသောင်းနှင့် အားကစားသမား တစ်ဦးချင်း ငွေတံဆိပ်ဆုများကို လည်းကောင်း၊ တတိယပူးတွဲရရှိသော ဒေါဥခူ ရပ်ကွက်အသင်းနှင့် လောဓမ္မရပ်ကွက် အသင်းတို့အား ငွေကျပ် သုံးသိန်းစီကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၁၀ ရက်မှ ၂၄ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# မန္တလေး၌ ကရာတေးဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၅

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့က ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့နှင့် Nagata Myanmar Co; Ltd. တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပသော 3rd Takuya Taniyama Cup Kartedo Championship- 2017 ပြိုင်ပွဲ ဗိုလ်လုပွဲများ နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၄ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း ဘက်စုံသုံး အားကစား ပြိုင်ပွဲရုံ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် တက်ရောက်အားပေးပြီး ဆုများချီးမြှင့် ပေးသည်။

အဆိုပါ ဗိုလ်လုပွဲပြိုင်ပွဲများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများက ကြည့်ရှုအားပေးကြပြီး သက်လတ်တန်း(Junior) နှင့် သက်ငယ်တန်း(Cadet)တို့တွင် ပြိုင်ပွဲဝင် အားကစားသမား အမျိုးသား၊ အမျိုးသမီးတို့က ခတ၊ ကုမိတဲ့ ကီလိုတန်း အလိုက် ဗိုလ်လုပွဲများ ယှဉ်ပြိုင်ကြသည်။

ထို့နောက်ဆုပေးပွဲကို ဆက်လက် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများ၌ ခတနှင့် ကုမိတဲ့တို့တွင် အကောင်းဆုံးဆု ရရှိကြသူများနှင့် ပထမဆုရရှိသော JKA Mandalay T.T အသင်း၊ ဒုတိယဆုရ ကယားပြည်နယ်အသင်းနှင့် တတိယဆုရ ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့အား ဆုများ အသီးသီးချီးမြှင့်ပေးအပ်ကာ စုပေါင်း ပထမတံခွန်စိုက်ဆုရရှိသည့် JKA Mandalay T.T အသင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆု ငွေကျပ်သိန်း ၂၀ နှင့် တံခွန်စိုက်ဆုဖလား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်းနှင့် မြန်မာနိုင်ငံအတွင်းမှ ကရာတေးဒိုအသင်း ၁၉ သင်းတို့မှ ပြိုင်ပွဲဝင်အားကစား သမားပေါင်း ၂၀၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

# ပြင်ဦးလွင်မြို့၌ မြန်မာ့ရိုးရာလက်ဝှေ့အားစမ်းပွဲနှင့် စိန်ခေါ်ပွဲကြီး ကျင်းပမည်

ပြင်ဦးလွင် ဒီဇင်ဘာ ၂၅

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ဆရာဦးဖိုးထောင် စီစဉ်သည့် Pyin Oo Lwin Fight -1 အမည်ရ မြန်မာ့ရိုးရာ လက်ဝှေ့အားစမ်းပွဲနှင့် စိန်ခေါ်ပွဲကြီးကို ပြင်ဦးလွင်မြို့ ခရိုင် မိုးလုံလေလုံ အားကစားရုံကြီး၌ ဒီဇင်ဘာ ၃၀ ရက် စနေနေ့ မွန်းလွဲ ၂နာရီတွင် ကျင်းပမည် ဖြစ်သည်။

ထိုးသတ်မည့် တွဲဆိုင်းများမှာ သားအသည်း တစ်ပွင့်(ဗမာ့သွေး)နှင့် ဒေါနအောင်(ဗီနစ်)၊ အောက်ချင်းလေး (တောင်ဇလပ်-ပြင်ဦးလွင်)နှင့် တိမ်တိုက် (ထွန်းသွင်)၊ ရှမ်းကြီး(တောင်ဇလပ်)နှင့် ဇော်ချစ်အောင်(ဗမာ့သွေး)၊ ကိုကို အောင်(နိုင်ခရာ) နှင့် ဆူးမိုက် (ရွှေမည်း မြေ)၊ ဗိုလ်ဗိုလ်အောင် (AMT) နှင့် ရှိုင်းသူရ(နိုင်ခရာ)၊ ရွှေတောင်သား (တောင်ဇလပ်-ပြင်ဦးလွင်)နှင့် ငွေနန်းတော် (ရတနာပုံ)၊ ထွန်းနိုင် (တောင်ဇလပ်-ပြင်ဦးလွင်)နှင့် ကျော်စိုး (အမရပူရ)၊ ဖိုးသား(တောင်ဇလပ်-ပြင်ဦးလွင်)နှင့် တိုက်ကောင်း (ရွှေမည်း မြေ)၊ လင်းယုန်မေ(လင်းယုန်ကလပ်)နှင့် မြသီတာ(မိတ္ထီလာ)၊ စုလှိုင်ဦး (တောင်ဇလပ်-ပြင်ဦး လွင်)နှင့် ရွှေစင်မင်း (မြွေဟောက်မ)တို့ တွဲဆိုင်းများ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

# အမြန်လမ်းမကြီး၌ တစ်ရက်တည်း ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂၅



အမြန်လမ်းမကြီး၌ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းအတွင်း ယာဉ်မတော်တဆမှု နှစ်ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ ဘောနက်ကြီးအမြန်လမ်းပိုင်း မိုင်တိုင် အမှတ် ၂၉/၄ နှင့် ၂၉/၅ အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ကျော်မျိုးလွင် မောင်းနှင်လာသော Honda fit ယာဉ်မှာ ယနေ့နံနက် ၆ နာရီ ၁၅ မိနစ်က ယာဉ်မောင်းအိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်ရှိ သစ်ပင်အား ဝင်တိုက်မိခဲ့သည်။ ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်မှုမရှိသော်လည်း ယာဉ်မှာပျက်စီးသွားခဲ့သည်။

အလားတူ ယနေ့ နံနက် ၉ နာရီခွဲကလည်း အမှတ်(၃) အမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် ၇/၆ နှင့် ၇/၇ အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်းစိုးသူ မောင်းနှင်လာသော Super custom ယာဉ်မှာ ယာဘက် နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

**အမှုဖွင့်စစ်ဆေး**

ဖြစ်စဉ်ကြောင့် ယာဉ်မောင်း စိုးသူမှာ ဒဏ်ရာရရှိခဲ့၍ တပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် လှည်းကူးဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းများအား သက်ဆိုင်ရာ ရဲစခန်းများက အမှုဖွင့်စစ်ဆေးလျက် ရှိကြောင်း သိရသည်။

သန်းဦး(လေးမျက်နှာ)

# နိုင်ငံ့စီးပွားတိုးတက်ဖို့ တိရစ္ဆာန်ကောင်းရေစာရင်းကောက်ကြစို့

# အုပ်စုဖွဲ့၍ ဆိုင်ကယ်ခိုးသူ ၁၅ ဦးအား ခိုးရာပါ သက်သေခံဆိုင်ကယ် ၂၆ စီးနှင့်အတူ ဖမ်းဆီးရမိ

မိတ္ထီလာ ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ဆိုင်ကယ်ခိုးသူ ၁၅ ဦးအား ခိုးရာပါ သက်သေခံ ဆိုင်ကယ် ၂၆ စီးနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့အခြေပြု ရဲတပ်ဖွဲ့မှ မှုခင်းအကူဌာနစိတ်နှင့် ခရိုင် ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူပေါင်းအဖွဲ့က မိတ္ထီလာမြို့၌ အုပ်စုဖွဲ့ကာ ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ထို့အတူ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် ချမ်းအေးသာယာရပ်နေသူ ဆိုင်ကယ်ခိုးအဖွဲ့ခေါင်းဆောင် စိုးထက်(ခ)စိုးထက်အောင် (၂၄နှစ်)နှင့်အတူ ဆိုင်ကယ် ခိုးသူများအား ဒီဇင်ဘာ ၁၉ ရက်က ဆိုင်ကယ် ၂၆ စီးနှင့်အတူ ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းများတွင် အမှုဖွင့် အရေးယူဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးနေကြောင်း သိရသည်။ ဒီဇင်ဘာ ၂၃ ရက်အထိ သက်သေခံဆိုင်ကယ်များ၏ ပိုင်ရှင်များကို စုံစမ်းစစ်ဆေးဖော်ထုတ်ဆောင်ရွက်ခဲ့ရာ ဆိုင်ကယ် ၁၆ စီး၏ ပိုင်ရှင်များကို ရှာတွေ့ရှိခဲ့ပြီး ၁၀ စီးမှာ ပိုင်ရှင်မပေါ်သေးသဖြင့် ဆိုင်ကယ်ပျောက်ဆုံးသူများက မိတ္ထီလာမြို့ ရဲရိပ်သာရှိ ဖုန်း- ၀၉ ၂၄၀၂၃၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ဘိုဘို(မလှိုင်)

# ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် ဒီဇင်ဘာ ၂၅

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် (၄)ရပ်ကွက်တွင် ဒီဇင်ဘာ ၂၄ ရက် နံနက် ၄ နာရီ ၃၅ မိနစ်က မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ဝေဘာဂီနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ကြသည်။

ဖြစ်စဉ်မှာ အဆိုပါ ရပ်ကွက်နေ ဒေါ်သန်းညွန့်(၈၃)နှစ်သည် နေအိမ်ရှိ ဘုရားစင်၌ ဖယောင်းတိုင်မီးဖြင့် ဘုရားမီးပူဇော်ထားရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းငြိမ်းသတ်ခဲ့မှုကြောင့် ၁၅ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားကြောင်း သိရသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် အမှတ်(၉)ရပ်ကွက်၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က အဆိုပါရပ်ကွက်နေ ဦးမြအောင် (၅၁ နှစ်) သည် နေအိမ်၌ ဆိုလာပြားဖြင့် ဘက်ထရီအိုး အားသွင်းထားစဉ် အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

# ငါးရှာရန်ထွက်သွားသည့် ကလေးငယ်တစ်ဦးအား ရေအိုင်အတွင်း ရေနစ်သေဆုံးလျက်တွေ့ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် သစ်ဖြူကျင်းကျေးရွာနှင့် ချင်းကုန်းကျေးရွာကြား၌ ကလေးငယ်တစ်ဦး ရေနစ်သေဆုံးသွားကြောင်း သတင်းအရ ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက မိချောင်းအင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ကြသည်။

သေဆုံးသူမှာ ချင်းကုန်းကျေးရွာနေ မနွယ်နီစိုး(၁၁နှစ်)ဖြစ်ပြီး ၎င်းသည် နံနက် ၈ နာရီခန့်က နေအိမ်မှ ငါးရှာရန်ထွက်သွားခဲ့ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လိုက်လံရှာဖွေစဉ် သစ်ဖြူကျင်းကျေးရွာနှင့် ချင်းကုန်းကျေးရွာအကြားရှိ အကျယ် ၁၅ ပေ၊ အနက် ခုနစ်ပေခန့်ရှိ ရေအိုင်အတွင်း ရေနစ်သေဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ပင်လည်ဘူးမြို့မရဲစခန်း၌ သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုရဲ

# မုဒုံမြို့မ(၄)ရပ်ကွက်၌ မီတာဘောက် အပူလွန်ကဲရာမှ နေအိမ်တစ်လုံးမီးလောင်ဆုံးရှုံး

မုဒုံ ဒီဇင်ဘာ ၂၅

မွန်ပြည်နယ် မုဒုံမြို့ (၄)ရပ်ကွက် ခိုင်ရွှေဝါ ၂ လမ်းထိပ် အမှတ် ၆ ၌ ဒီဇင်ဘာ ၂၅ ရက် နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က ဦးလှထွေး(ခ)ဦးပုလင်းစိန် ပိုင်ဆိုင်သော နေအိမ်ရှိ ဒစ်ဂျစ်တယ်ဗို့ မီတာဘောက် အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မုဒုံမြို့မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် နံနက် ၃ နာရီခွဲခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ မီးလောင်မှုကြောင့် ဦးလှထွေး(ခ)ဦးပုလင်းစိန် ပိုင်ဆိုင်သော နေအိမ်တစ်လုံး ဆုံးရှုံးခဲ့ပြီး မီးပေါ့ဆစွာအသုံးပြုသူ ၎င်းအား မုဒုံမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မုဒုံ-မောင်မောင်

# ကုန်ရထားတိမ်းမှောက်ပြီး လမ်းပိတ်၍ ခရီးသည်များကို ကားများဖြင့် ပို့ဆောင်ပေး

**နဘား ဒီဇင်ဘာ ၂၅**



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားဘူတာနှင့် အင်းတော်ဘူတာကြားတွင် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၂၀ က အမှတ်-၉၃၈ အဆန်ကုန်ရထား လမ်းချော်တိမ်းမှောက်ခဲ့သဖြင့် ခရီးသည်တင်ရထားများ သွားလာ၍မရဘဲ လမ်းပိတ်ဆို့မှုဖြစ်ခဲ့ကာ ရထားစီးခရီးသည်များ အချိန်နှင့်တစ်ပြေးညီ ခရီးသွားလာနိုင်ကြရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းကာ ခရီးသည်များအား ကားများဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကုန်ရထား တိမ်းမှောက်ခဲ့သဖြင့် နဘားဘူတာတွင် ရောက်ရှိနေသော အမှတ်-၅၇ မြစ်ကြီးနားအစုန်ရထားမှ ခရီးသွားပြည်သူ ၄၀၈ ဦးအား နဘားရထားရဲတပ်ဖွဲ့ တပ်ခွဲ-၂ တပ်စု-၁မှ တပ်စုမှူး ရဲအုပ်ကျော်စွာဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ နဘားနယ်မြေ ရဲကင်းမှူးရဲအုပ်ခင်ဇော်ထိုက်နှင့် တပ်ဖွဲ့ဝင်များက ညနေ ၄ နာရီ မိနစ် ၂၀ မှ စတင်ကာ မော်တော်ယာဉ်များဖြင့် အင်းတော်ဘူတာသို့ လိုက်လံပို့ဆောင်ပေးခဲ့သည်။

အလားတူ အင်းတော်ဘူတာတွင် ဆိုက်ရောက်လျက်ရှိသော အမှတ်-၅၆ အထူးအမြန်ရထားမှ ခရီးသွားပြည်သူများကိုလည်း အင်းတော်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ မော်တော်ယာဉ်များဖြင့် နဘားဘူတာသို့ ပို့ဆောင်ပေးခဲ့သည်။

ထို့အပြင် နဘားဘူတာတွင် ရောက်ရှိနေသော မြစ်ကြီးနား-မန္တလေး အစုန် အမှတ်-၄၂ ဒုတိယအမြန်ရထားမှ ခရီးသွားပြည်သူများကိုလည်း ည ၇ နာရီခွဲခန့်တွင် မော်ယာဉ်များဖြင့် အင်းတော်ဘူတာသို့ ပို့ဆောင်ပေးခဲ့သည်။

"ခရီးသွားပြည်သူတွေ အခက်အခဲမဖြစ်ရလေအောင် အချိန်နှင့်တစ်ပြေးညီ သွားလာနိုင်ဖို့အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေပါတယ်၊ မီးရထားလမ်းပိုင်းကိုလည်း အချိန်မီပွင့်လင်းပြီး သွားလာနိုင်စေဖို့ မီးရထားတိုင်း အမှတ်-၁ နှင့် -၂ မှ တာဝန်ရှိသူတွေက ပြန်လည်ပြုပြင်နေတာကြောင့် မကြာခင် လမ်းပွင့်တော့မှာပါ"ဟု ရဲအုပ်ကျော်စွာဝင်းက ပြောကြားသည်။

မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးကလည်း "အခုလို ကုန်တင်ရထား လမ်းချော်ခဲ့ရတဲ့အတွက် နဘားဘူတာမှာ ဆိုက်ရောက်နေတဲ့ အစုန်ရထားများဖြစ်တဲ့ အမှတ်-၅၆ အထူးအမြန်၊ အမှတ်-၄၂ ဒုတိယအမြန်၊ အမှတ်-၃၈ မြစ်ဆုံ၊ အမှတ်-၅၈ မန္တလာနှင့် အဆန်ရထားတွေဖြစ်တဲ့ အမှတ်-၅၅ အထူးအမြန်၊ အမှတ်-၅၇ မန္တလာ၊ အမှတ်-၃၇ မြစ်ဆုံ၊ အမှတ်-၄၁ ဒုတိယအမြန်ရထားတွေက အင်းတော်ဘူတာမှာ ဆိုက်ရောက်ရပ်နားထားရပါတယ်၊ ဒီရထားအားလုံးကို မြစ်ကြီးနားနဲ့ မန္တလေးဘူတာတွေဆီကို ရထားလမ်းမပွင့်မချင်း အလှည့်ကျ ပြန်လည်ပို့ဆောင်ပေးမှာပါ" ဟု ပြောသည်။

အဆိုပါ အမှတ်-၉၃၈ အစုန်ကုန်ရထား တိမ်းချော်ခဲ့သဖြင့် လူတစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်း မရှိခဲ့သော်လည်း ကုန်ရထားကိုးတွဲမှာ တိမ်းချော်ခဲ့ပြီး ပျက်စီးမှုအနည်းငယ်ရှိခဲ့ကြောင်း၊ ရထားများ ပုံမှန်ပြေးဆွဲသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက လမ်းပြုပြင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဝဇိရ**

# မိုးညှင်းမြို့နယ်၌ မူးယစ်ဆေးဝါးသယ်ဆောင်သူ အမျိုးသား ရှစ်ဦးအား ဖမ်းဆီးရမိ

**မိုးညှင်း ဒီဇင်ဘာ ၂၅**

မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏ အနောက်ဘက် မော်ဟန်-နမ္မချီးမှော်သွားကားလမ်းမတွင် ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီခန့်က ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ အမျိုးသားရှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မိုးညှင်းခရိုင်နှင့် မြို့နယ်ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ္မချီး-မော်ဟန်သွား ကားလမ်းမတွင် စောင်းဆိုင်းနေစဉ် ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်လာသူ မော်ဟန်ကျေးရွာ မော်ပင့်ရပ်ကွက်နေသူ ဖိုးသား (၄၅ နှစ်)၊ မော်ဟန်ကျေးရွာ နတ်ကြီးကုန်းရပ်ကွက်နေသူ မောင်မောင်ဌေး(၃၂ နှစ်)၊ လင်းဇော်မျိုး (၂၃ နှစ်)၊ ဟိန်းထက်အောင် (၂၄ နှစ်)၊ မိုးညှင်းမြို့ အောင်ချမ်းသာရပ်ကွက်နေသူ သက်နိုင်ဦး(၄၈ နှစ်)၊ အင်းတော်မြို့နယ် မော်လူးကျေးရွာနေသူ အောင်စိုး (၃၈ နှစ်)၊ မိုးညှင်းမြို့ အောင်သပြေ-၃ ရပ်ကွက်နေ အောင်ကျော်တိုး (၁၈ နှစ်)နှင့် သက်နိုင်ဦး (၁၈ နှစ်)တို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဘိန်းဖြူမှုန့် ခုနစ်ဂရမ်ခန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၅ ပြားနှင့်အတူ ဖမ်းဆီးရမိသူ ရှစ်ဦးကို မိုးညှင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မင်းမင်းဦး**

# ကွတ်ခိုင်မြို့နယ်၌ ၂၂ ဘီးယာဉ်တစ်စီး တိမ်းမှောက်

**မူဆယ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာ မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးဘေး၌ ဒီဇင်ဘာ ၂၄ ရက် ည ၁၀ နာရီခန့်က ၂၂ ဘီးယာဉ် တိမ်းမှောက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း အောင်မျိုးထွန်း(၃၂ နှစ်) သာကေတမြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် 9I/---- ၂၂ ဘီးယာဉ်သည် မူဆယ်ဘက်မှ ကုန်များတင်ဆောင်၍ မန္တလေးဘက်သို့ ထွက်ခွာလာစဉ် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာကျေးရွာအထွက် ရှေ့မှလာသော ယာဉ်တစ်စီးအား လမ်းဘေးရပ်၍ ရှောင်တိမ်းစဉ် ရေမြောင်းနံဘေးမှ မြေစာများပြိုကျကာ တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း အောင်မျိုးထွန်းနှင့် ယာဉ်နောက်လိုက် ပြည့်စုံတို့မှာ ဒဏ်ရာ(မစိုးရိမ်ရ)ရရှိပြီး ယာဉ်မှာ အနည်းငယ်ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# စိတ်ကြွရူးသွပ်ဆေးပြား တစ်သောင်းကျော်နှင့် အိုက်စ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်တပ်ဖွဲ့စု ၁၈ မန္တလေး-တောင်ပိုင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ည ၁၁ နာရီခွဲက သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာ မီးရထားသံလမ်းအနီးတွင် ရဲမင်းဌေး(ခ)အာကာ မောင်းနှင်ပြီး ဖုန်းမြတ်သူ(ခ)အရှည်ကြီး လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၄၈၀၊ အိုက်စ် ၁၅၀ ဂရမ်ကို လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၂၃ ရက်က မြိတ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ ကန်ကြီးနယ်မြေ ကမ်းနားလမ်းဆုံ၌ သန်းအောင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ပြား သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၈၃၆၉၀၊ ရွှေဆွဲကြိုး လေးကုံး၊ ရွှေလက်စွပ် လေးကွင်း၊ ငွေကျပ် ၂၆ သိန်း၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆိုင်ကယ်တစ်စီးတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

ဒီဇင်ဘာ ၂၃ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတုံကားလမ်းတွင် လုဝင်း မောင်းနှင်ပြီး ကျယော်လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ ယာဉ်၏နောက်ခန်း စက္ကူဖာအတွင်းမှ ဘိန်းဖြူပုလင်း ၂၇ လုံး (အလေးချိန် ၅၉၄ ဂရမ်)ကို သိမ်းဆည်းရမိခဲ့သဖြင့် လုဝင်း(၄၄ နှစ်)နှင့် ကျယော်(၅၃နှစ်)တို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားမဝင် အမဲသားများ သိမ်းဆည်းရမိ

**ဖျာပုံ ဒီဇင်ဘာ ၂၅**

ဖျာပုံမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်နိုင်ထွန်းဦးစီးပြီး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက်က ဖျာပုံမြို့အဝင်စစ်ဆေးရေးဂိတ်၌ တရားမဝင် သယ်ဆောင်လာသော အမဲသားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၅ ရက် နံနက် ၅ နာရီခန့်က ဖျာပုံမြို့အဝင် အမှတ်-၁၉ ရပ်ကွက် မြို့ဝင်စစ်ဆေးရေးဂိတ်၌ အမာမြို့ဘက်မှ အမာ-ကျုံကဒွန်း- ဖျာပုံကားလမ်းအတိုင်း ကျုံကဒွန်းဘက်မှ ဖျာပုံဘက်သို့ ယာဉ်မောင်း သူရအောင်(ခ) မောင်ငယ် (၃၇ နှစ်) မာလာမြိုင်-၂ လမ်း ပေါက်တောရပ်ကွက် အင်းစိန်မြို့နယ်နေသူ မောင်းနှင်လာသည့် GG/----ပရိုဘောက်ယာဉ်ပေါ်မှ တရားမဝင်သယ်ဆောင်လာသည့် အမဲသား ပိဿာချိန် ၂၀၀ ခန့်နှင့်အတူ 4E/ ---- ယာဉ်နံပါတ်ပြား အပိုတစ်စုံ တွေ့ရှိသဖြင့် သိမ်းဆည်းရမိသဖြင့် ဖျာပုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်စိုးမိုး**

# မြို့နယ်သမဝါယမဦးစီးဌာနသို့ ပြန်သွင်းရမည့် ငွေကျပ် သိန်း ၅၀၀ ကျော်ပျောက်ဆုံး

**ဆိပ်ဖြူ ဒီဇင်ဘာ ၂၅**

ဆိပ်ဖြူမြို့နယ် ဇီးကပ်ကျေးရွာနေ ရာအိမ်မှူးသည် ၎င်းမြို့နယ်သမဝါယမဦးစီးဌာနသို့ ပြန်သွင်းရန် ငွေကျပ်သိန်း ၅၀၀ ကျော် ပျောက်ဆုံးခဲ့မှုနှင့် ပတ်သက်၍ ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဒီဇင်ဘာ ၂၄ ရက်က အမှုဖွင့်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူမြို့နယ် ဇီးကပ်ကျေးရွာနေ ဦးအေးသွင် (၆၅ နှစ်)သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၆ နာရီက ၎င်း၏နေအိမ်အပေါ်ထပ်သို့ ဘုရားဝတ်ပြုရန် တက်ခဲ့ရာ ဒီဇင်ဘာ ၂၃ ရက်က စိုက်ပျိုးရေးနှင့် အထွေထွေစရိတ် မြို့နယ်သမဝါယမဦးစီးဌာနသို့ ပြန်သွင်းရန်အတွက် တောင်သူများထံမှ ကောက်ခံထားရှိသော ငွေကျပ် ၅၃၃ သိန်းအား သံသေတ္တာအတွင်း သော့ခတ်၍ အဆိုပါသံသေတ္တာပေါ်တွင် ထင်းရှူးသေတ္တာနှင့် ကြိမ်သေတ္တာနှစ်လုံး ဆင့်တင်ထားခဲ့ရာမှ ငွေထည့်ထားသည့် သံသေတ္တာမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း တရားလို၏ တိုင်ကြားချက်အရ သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ငွေများထည့်ထားသည့် သံသေတ္တာခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် ဦးအေးသွင်က တရားလိုပြုတိုင်ကြားခဲ့၍ ဆိပ်ဖြူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁၂-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ တွင် ပါရှိသည့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး အဝေးထိန်းမိုင်းတစ်လုံး တွေ့ရှိသတင်းတွင် **ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီခန့်** အစား **ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခန့်**ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မြန်မာ့အလင်း**

# တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် တီဗွီနှင့် ဖုန်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၁၁၅၀၊ သွင်းကုန် အစီး ၁၁၀၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၅၀ ၊သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၄ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၂၁၉ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၈ ဒသမ ၇၇၅ သန်းခန့် စုစုပေါင်း တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၂၄ ဒသမ ၉၉၄ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၂၄ ရက်က မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော မုပ္ပလင်သုသာန်လမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးခဲ့ရာ Nissan Caravan ယာဉ်တစ်စီး၊Toyota Hiace ယာဉ်နှစ်စီးအား တွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Philip TV (83 U) ပါ ပစ္စည်း သုံးမျိုး၊ i phone X 64 GB (280U)ပါပစ္စည်း ၇၉ မျိုးနှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၁၇ ဒသမ ၁၀၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Philip TV (83 U) ပါသုံးမျိုးနှင့် i phone X 64 GB (280U) ပါ ပစ္စည်း ၇၉ မျိုး။

# MNL ကလပ်အသင်းများ ရာသီသစ်အတွက် ကစားသမားသစ်များ အပြိုင်ခေါ်ယူ

ရန်ကုန် ဒီဇင်ဘာ ၂၅

**၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် လေ့ကျင့်မှုများ ပြုလုပ်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် ရာသီသစ်အတွက် ကစားသမားသစ်များ အပြိုင်အဆိုင် ခေါ်ယူလျက်ရှိသည်။**

ပြီးခဲ့သည့်ရာသီတွင် ပြိုင်ပွဲနှစ်ခုစလုံး၌ ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားကောင်းများ ပိုင်ဆိုင်ထားသောကြောင့် ပြည်ပကစားသမားများကိုသာ ဦးစားပေးခေါ်ယူလျက်ရှိသည်။ ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် နိုင်ဂျီးရီးယားတိုက်စစ်မှူး ခရစ္စတိုဖာကို သက်တမ်းတိုးထားပြီး ကင်မရွန်းလူငယ် တိုက်စစ်မှူး အာချာကို အသစ်ခေါ်ယူထားသည်။ ပြည်တွင်း အမာခံကစားသမား များဖြစ်သော အသင်းခေါင်းဆောင် သီဟစည်သူအပါအဝင် ဝင်းမင်းထွဋ်၊ တင်ဝင်းအောင်၊ ဇင်မင်းထွန်း၊ စိုးမင်းဦးနှင့် မျိုးမင်းလတ်တို့ကို သက်တမ်းတိုးထားကြောင်း သိရသည်။ ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ်များစွာ ခေါ်ယူနေသည့် ရန်ကုန်အသင်းသည် ပြည်တွင်းကစားသမားများဖြစ်သည့် မောင်မောင်လွင်နှင့် ဆောင်လမန်တို့ကို ခေါ်ယူပြီးနောက် နိုင်ငံခြားသားကစားသမား နှစ်ဦး ခေါ်ယူထားသည်။ နောက်ခံလူဟောင်း မိုကာလူးကို သက်တမ်း တိုးထားပြီး မကွေး တိုက်စစ်မှူးဟောင်း ဆယ်လာကို ခေါ်ယူထားသည်။ ရန်ကုန်အသင်းသည် အာရှသားကွင်းလယ်ကစားသမားတစ်ဦးနှင့် နိုင်ငံခြားသားတိုက်စစ်မှူးတစ်ဦး ထပ်မံ ခေါ်ယူမည်ဖြစ်ပြီး စမ်းသပ်နေသည့် ကစားသမားများတွင် GFA တိုက်စစ်မှူးဟောင်း အီမန်နျူရယ်လည်း ပါဝင်လျက်ရှိသည်။

ချန်ပီယံဆု လေးကြိမ်ရဖူးသည့် ရတနာပုံအသင်းမှာမူ လာမည့်ရာသီတွင် ပြည်တွင်း ကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြည်တွင်းကစားသမားသစ်များအဖြစ် ချမ်းငြိမ်းကျော်-ဂိုး (ရခိုင်)၊ တောင်ပံကစားသမား ဘီဘီနှင့် နောက်ခံလူ သောင်လျှပ်ထျန် (ချင်းယူနိုက်တက်)တို့ကို ခေါ်ယူထားကာ ယူ-၁၉ လက်ရွေးစင်များ ဖြစ်သည့် ဝင်းနိုင်ထွန်း၊ ပြည့်စုံနိုင်တို့ကို ခေါ်ယူရန် သဘောတူညီမှု ရထားသည်။ ဟံသာဝတီအသင်းသည် GFA ကွင်းလယ်လူဟောင်း မတ်ခ်ကို ခေါ်ယူထားပြီး နိုင်ငံခြားသား ကစားသမားသစ်နှစ်ဦးနှင့် ပြည်တွင်းကစားသမားများ ထပ်မံခေါ်ယူမည် ဖြစ်သည်။ ဇွဲကပင်အသင်းမှာလည်း ပေါ်တူဂီ တိုက်စစ်မှူး ပေါ်လိုအား တစ်ရာသီစာချုပ် ချုပ်ဆိုထားကာ ပြည်တွင်းကစားသမား ၁၀ ဦးကျော်အထိ အပြောင်းအလဲလုပ်ထားပြီး တန်းတက် မြဝတီအသင်းမှာမူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်မည်ဖြစ်သည်။ မကွေး၊ ရောဝတီ၊ Southern နှင့် GFA အသင်းတို့မှာ ကစားသမားသစ်များ ခေါ်ယူရန် စမ်းသပ်နေဆဲဖြစ်ပြီး အပြီးသတ်ခေါ်ယူရခြင်းမရှိသေးပေ။ မကွေးအသင်းမှာမူ ပြည်တွင်းကစားသမားများဖြင့်သာ ယှဉ်ပြိုင်ဖွယ်ရှိနေသည်။ တန်းတက်အသင်းဖြစ်သည့် မဟာယူနိုက်တက်အသင်းအား အမည်ပြောင်းလဲထားသည့် စစ်ကိုင်းယူနိုက်တက်အသင်းသည် ဝါရင့်နောက်ခံလူ မိုးဝင်းကို ခေါ်ယူထားပြီး နိုင်ငံခြားသားကစားသမားသုံးဦး ခေါ်ယူထားသည်။ ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် ဖရိုင်းဒေးနှင့် ဆင်မြူရယ် တို့ကို သက်တမ်းတိုးထားပြီး အသစ်ခေါ်ယူမှုအဖြစ် နိုင်ဂျီးရီးယားနောက်ခံလူတစ်ဦးကို ခေါ်ယူထားသည်။

၂၀၁၈ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် အသင်း ၁၂ သင်း ဖြင့် စတင်ကျင်းပမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-စိုးညွန့်**



**ရန်ကုန်အသင်း ခေါ်ယူခဲ့သည့် မကွေးတိုက်စစ်မှူးဟောင်း ဆယ်လာ**

## နိုင်ငံတကာဘောလုံးအပြောင်းအရွှေ့သတင်းတိုများ



- လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန် ဟန်ဒါဆင်သည် ဘောက်ဆင်ဒေးပွဲစဉ်အဖြစ် **ယနေ့**တွင် ယှဉ်ပြိုင်ကစားမည့် ဆွမ်ဆီးနှင့်ပွဲစဉ်ကို ပေါင်ခြံဒဏ်ရာကြောင့် လွဲချော်မည်ဖြစ်ကြောင်း ဖိုးဖိုးတူးဒေ့ါကွန်းတွင် ဖော်ပြထားသည်။
- တော့တင်ဟမ်နည်းပြ ပိုချက်တီနိုသည် လာမည့်အပတ်တွင် ဖွင့်လှစ်မည့် ဇန်နဝါရီအပြောင်းအရွှေ့ ကာလတွင် အဲဗာတန်ကွင်းလယ်ကစားသမား ဘာကလေ (၂၄ နှစ်) နှင့် မန်ယူဗဟိုခံစစ်ကစားသမား လုခ်ရှော (၂၂ နှစ်) တို့နှစ်ဦးအား ကမ်းလှမ်းရန် အဆင်သင့်ရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။
- မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် လာမည့်နွေရာသီတွင် ၎င်း၏ ကွင်းလယ်အင်အားကို မြှင့်တင်ရန်အတွက် ရက်တာဒိုးနက် ကွင်းလယ်ကစားသမား အသက် (၂၄ နှစ်)အရွယ် ဖရက်ကိုစိတ်ဝင်စားလျက်ရှိကြောင်း ဒေးလီးမေးတွင် ဖော်ပြထားသည်။
- မစ်ဒယ်ဘရော့အသင်းသည် ဂယ်ရီမွန့်ခ်ကို ၎င်းတို့၏ အသင်းနည်းပြအဖြစ် ခန့်အပ်ပြီး ခြောက်လအကြာတွင် အသင်းမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။
- ပြီးခဲ့သည့် စနေနေ့ညက ပရီမီယာလိဂ်ပွဲစဉ် (၁၉) အဖြစ် ဟက်ဒါဖီးလ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သော ပွဲစဉ်တွင် ဂိုးသမား ဂျိုးနက်စ်လေ့စ်ကို ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် အက်ဖ်အေက ဆောက်သမ်ပတန် တိုက်စစ်မှူး ချာလီအော်စတင်ကို သုံးပွဲပယ်ပိတ်ပင်လိုက်ကြောင်း ဘီဘီစီသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။ ထို့ကြောင့် ၎င်းသည် လာမည့် တော့တင်ဟမ်၊ မန်စီးတီး၊ ခရစ္စတယ်ပဲလေ့စ်အသင်းတို့နှင့် ပွဲစဉ်တို့ကို လွဲချော်ရတော့မည်ဖြစ်ကြောင်းလည်း ဖော်ပြထားသည်။

**ဇော်ဇော်**

*** *ကျောဖုံးမှ***

သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ပွဲမစတင်မီ ဖွင့်ပွဲအခမ်းအနားကျင်းပမည် ဖြစ်သည်။

ပွဲစဉ် (၁)ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ ဒီဇင်ဘာ ၂၈ ရက်တွင် အားကစားနှင့် ကာယပညာ ဦးစီးဌာနအသင်းနှင့် တက္ကသိုလ်အသင်း၊ ဒီဇင်ဘာ ၂၉ ရက်တွင် အား/ကာသိပ္ပံအသင်းနှင့် YREO အသင်း၊ ဒီဇင်ဘာ ၃၀ ရက်တွင် ဂန္ဓမာအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ကာ ပထမအကျော့ပွဲစဉ်များကို ဒီဇင်ဘာ ၂၇ ရက်မှ ဖေဖော်ဝါရီ ၉ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် လက်ရှိချန်ပီယံ မြဝတီအသင်းအပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ အား/ကာသိပ္ပံ၊ ဇွဲကပင်၊ ဂန္ဓမာ၊ YREO နှင့် တက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။ ပထမအကြိမ်ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာမှ ၂၀၁၇ ခုနှစ် နိုဝင်ဘာအထိ ကျင်းပခဲ့ရာ မြဝတီအသင်းက ချန်ပီယံဆုရရှိခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ဖျော်ဖြေရေးအစီအစဉ်များဖြင့် ခမ်းနားစွာ ကျင်းပခဲ့ကြောင်း သိရသည်။ ဖွင့်ပွဲနေ့ အပါအဝင် ပွဲအားလုံးအား ဝင်ကြေးအခမဲ့ သတ်မှတ်ထားကြောင်း သိရသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွန့်**


## ဆရာကန်တော့ပွဲဖိတ်ကြားလွှာ

ရေစကြိုမြို့နယ်၊ ဗလဗရွာ အထက၏ ဒသမအကြိမ်မြောက် ဆရာကန်တော့ပွဲတွင် (၆၀)နှစ်အထက် ဆရာကြီး/ဆရာမကြီးများအား ကန်တော့မည် ဖြစ်ပါသောကြောင့် ရပ်ဝေး၊ ရပ်နီးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဆရာကန်တော့ပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၁-၁-၂၀၁၈ ရက် (ပြာသိုလပြည့်နေ့)
**အချိန်** - နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီ
**နေရာ** - အထက၊ ဗလဗရွာ

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6I/7153 Toyota Wish ZNE 110 S/W ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှမော် ၁၂/သကတ(နိုင်)၀၄၅၄၂၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ယာဉ်ဟောင်းများရောင်းချရန် လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် အသုံးမပြုသည့် ယာဉ်အစီး(၂၀)အား သတ်မှတ်စည်းကမ်းများနှင့်အညီ လေလံတင်ရောင်းချမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) | ကျောက်တော် | ထော်လာဂျီတစ်ပါ (၂)စီး |
| (ခ) | စစ်တွေ | အထူးသန့်ရှင်းရေးယာဉ်(၁)စီး၊ ထော်လာဂျီ(ရေသယ်)(၁)စီး |
| (ဂ) | တောင်ကုတ် | တိုယိုတာဒိုင်နာ(၁)စီး၊ ထော်လာဂျီတစ်ပါ(၂)စီး၊ အမှိုက်သိမ်းယာဉ်(၁)စီး၊ အထူးသန့်ရှင်းရေးယာဉ်(၁)စီး |
| (ဃ) | မောင်တော | ထော်လာဂျီတစ်ပါ (၁)စီး |
| (င) | မင်းပြား | ထော်လာဂျီတစ်ပါ(၂)စီး၊ ထော်လာဂျီ (၁)စီး |
| (စ) | မြောက်ဦး | ထော်လာဂျီတစ်ပါ(၁)စီး |
| (ဆ) | ရမ်းဗြဲ | ထော်လာဂျီတစ်ပါ(၁)စီး |
| (ဇ) | သံတွဲ | ထော်လာဂျီတစ်ပါ(၂)စီး |
| (ဈ) | အမ်း | ထော်လာဂျီတစ်ပါ(၂)စီး၊ ထော်လာဂျီ(၁)စီး |

၂။ လေလံတင်ရောင်းချမည့် ယာဉ်များနှင့်ပတ်သက်၍ ၂၆-၁၂-၂၀၁၇ ရက်မှ ၁၁-၁-၂၀၁၈ ရက်အတွင်း သက်ဆိုင်ရာ မြို့နယ်များတွင် သွားရောက်ကြည့်ရှုနိုင်ပြီး ယာဉ်တစ်စီးချင်း၏ ကြမ်းခင်းဈေးနှင့် စည်းကမ်းများ၊ အသေးစိတ်သိရှိလိုသည့် အချက်များအား သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးများသို့ ရုံးအချိန်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ရုံးတယ်လီဖုန်းများသို့ဖြစ်စေ၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃-၂၂၀၀၂ သို့ ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| (က) | **လေလံလျှောက်လွှာရောင်းချမည့်ရက်** | - | ၁-၁-၂၀၁၈ ရက်မှ ၂၆-၁-၂၀၁၈ရက်အထိ |
| (ခ) | **လေလံလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်** | - | ၂၆-၁-၂၀၁၈ ရက် ညနေ(၁၆း၃၀)နာရီအထိ |
| (ဂ) | **လေလံရောင်းချပွဲကျင်းပမည့်ရက်** | - | ၂၉-၁-၂၀၁၈ ရက် နံနက်(၁၁း၀၀)နာရီ |
| (ဃ) | **လေလံရောင်းချပွဲကျင်းပမည့်နေရာ** | - | ရခိုင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (မြို့နယ်အားလုံးအတွက် တစ်ပါတည်း ဖွင့်လှစ်ရောင်းချပါမည်။) |

**လေလံရောင်းချရေးကော်မတီ**

## ပြန်လည်ရောက်ရှိသူများမှ ခင်နန္ဒာ (ဗုဒ္ဓဂယာ) သို့ ပို့သမေတ္တာ မုဒိတာများ ☎ ၀၉-၅၆၀၀၁၂၃

၂၀-၁၂-၂၀၁၇ နိုင်ဇော် ၀၉-၄၂၀၂၁၉၀၆၆
- ဝမ်းသာပီတိ နှစ်သက်ကြည်နူးပါသည်။ အရှင်အာစိဏ္ဏ (ပခုက္ကူ ၀၉-၄၂၀၁၃၇၂၃၃)
- အရာခပ်သိမ်းအဆင်ပြေပြည့်စုံပါသည်။ ဦးကုမာရ (မရမ်းကုန်း ၀၉-၉၆၅၅၂၄၁၄၅)
- ဝမ်းသာပီတိကုသိုလ်စိတ်များဖြစ်ရပါတယ်။ ကျော်လွှမ်းမိုး (ပခုက္ကူ ၀၉-၅၀၅၁၅၇၇)
- ဝမ်းသာပါတယ်။ ကျေးဇူးလဲအထူးတင်ပါတယ်။ ဒေါ်ခင်ဝါဝါ (အောင်လံ ၀၉-၄၂၀၃၈၇၃၅)
- ခင်နန္ဒာအဖွဲ့နှင့် လိုက်ပါဦးမယ်။ ဒေါ်မိုးမိုးဆန်း (ရန်ကင်း ၀၉-၅၀၀၂၄၆၂)
- အရာရာပြည့်စုံ။ ဒေါ်မိုးသီတာ (လှိုင် ၀၉-၉၆၅၁၁၉၁၇၇)
- အားလုံးပြည့်စုံပါတယ်။ ဒေါ်ချစ်စုလင်း (မြို့ကလေး ၀၉-၇၉၄၉၁၂၂၅)
- အထူးကောင်း (၁၀၀%)။ ဦးဌေးလွင် (လှိုင် ၀၉-၉၇၇၆၆၆၈၆၈)
- တိုးတက်အောင်မြင်ပါစေ။ ဒေါ်ခင်စု (ပခုက္ကူ ၀၉-၅၀၅၁၅၇၇) ဒေါ်အုံးမြင့် (ပခုက္ကူ ၀၉-၇၃၁၇၀၆၁၃)
- စေတနာမေတ္တာအပြည့်အဝနှင့် ကူညီခဲ့။ ဒေါ်မော်မော်သိန်း (မင်္ဂလာဒုံ ၀၉-၄၀၀၀၀၂၃၁၉)

၂၃-၁၂-၂၀၁၇ စိုင်းအောင်နိုင်ဦး ၀၉-၉၇၆၇၅၆၄၄၅
- ဝန်ဆောင်မှုအား အထူးကျေနပ်မိပါသည်။ ဦးသက်ဦးမောင် (မင်္ဂလာဒုံ ၀၉-၅၁၇၈၄၁၀)
- တိုးတက်အောင်မြင်ပါစေ။ ဒေါ်ရှုပလှိုင် (မင်္ဂလာဒုံ ၀၉-၅၁၂၆၆၉၅)
- ကျေးဇူးအနန္တပါ ခင်နန္ဒာ။ ဒေါ်ဥမ္မာလှိုင် (မင်္ဂလာဒုံ ၀၉-၄၂၁၁၁၃၉၆၁)
- အောင်မြင်ပါစေ။ ဦးမျိုးလွင် (ရပ်စောက်မြို့ ၀၉-၇၈၇၄၀၉၉၁၇)
- နောက်အခေါက်များသွားလျှင်လည်း ခင်နန္ဒာနှင့် သာသွားပါမည်။ ဒေါ်စမ်းစမ်းကြည် (မန္တလေး ၀၉-၄၃၁၈၂၂၉၇) ဒေါ်အမာခင် (မန္တလေး ၀၉-၇၇၉၈၅၃၂၀၅)
- ပို၍ပို၍ အောင်မြင်ပါစေ။ ဒေါ်ခင်မာလွင် (ရပ်စောက်မြို့ ၀၉-၄၉၃၆၄၀၉၂)
- အထူးစိတ်ချရသော ဝန်ထမ်းဖြစ်ပါသည်။ ဒုတိယဗိုလ်မှူးကြီးစိန်လှိုင် (ငြိမ်း) (မင်္ဂလာဒုံ ၀၉-၂၅၀၀၉၁၀၇၇)
- စေတနာပြည့်ဝသော ကုမ္ပဏီဖြစ်ပါသည်။ ဒေါ်ခင်သန်းအေး (မင်္ဂလာဒုံ ၀၉-၄၂၁၀၄၉၉၃၃)

## ပျောက်ဆုံးကြောင်း

ကျွန်မ မသင်းမြတ်စိုး ၁၃/ကလန(နိုင်)၀၇၇၂၆၈ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၇၅၇၃၇၈၃၄**

## အောင်ပြည့်စုံ

အိမ်ပြောင်း၊အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကား မျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-250095114
09-421041338
09-73224763

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၄)ရပ်ကွက်၊ ယောမင်းကြီး(၁)လမ်း၊ မြေကွက်အမှတ် (၄/၁၂၅၈) မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် ဦးစံဝင်း (ISN-၀၆၆၈၆၄) ကွယ်လွန်အမည်ဖြင့် တည်ရှိပြီး၊ အဆိုပါ မြေကွက်၏ ခေါင်းရင်းခြမ်း၊ တရားဝင် မခွဲစိတ်ရသေးသော အကျယ်အဝန်း (၂၀×၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အား ဆက်စပ်စာချုပ်အရ ဒေါ်ရီလေး ၁၂/ထတပ(နိုင်)၀၃၃၉၂၃ ကိုင်ဆောင်သူမှ လက်ဝယ်ပိုင်ဆိုင်သူဖြစ်ကြောင်း ဖွင့်ဟဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ် ဒေါ်ညွန့်ညွန့်စန်း ၁၃/ဟပန(နိုင်)၀၂၂၇၃၂ မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ညွန့်ညွန့်စန်း**
**၁၃/ဟပန(နိုင်)၀၂၂၇၃၂**
**ဖုန်း-၀၉-၂၅၄၄၂၇၄၃၄**

# ဂျေရုဆလင်သို့ သံရုံးရွှေ့ပြောင်းမှုနှင့်ပတ်သက်၍ ဂွါတီမာလာကို အစ္စရေးအမွှမ်းတင်

**ဂျေရုဆလင် ဒီဇင်ဘာ ၂၅**

ဂွါတီမာလာနိုင်ငံသည် ၎င်း၏သံရုံးကို ဂျေရုဆလင်သို့ ပြောင်းရွှေ့အခြေစိုက်ရန် ဆုံးဖြတ်ခဲ့သည့်အတွက် ဂွါတီမာလာသမ္မတ ဂျင်မီမိုရေးအား အစ္စရေးအာဏာပိုင်များက တနင်္လာနေ့တွင် ချီးကျူးဂုဏ်ပြုခဲ့ကြကြောင်းသိရသည်။ ယင်းသို့ရွှေ့ပြောင်းမှုသည် ဂျေရုဆလင်မြို့၏ ဂုဏ်အင်္ဂါအဆင့်အတန်းသတ်မှတ်မှုနှင့် ပတ်သက်သည့် အငြင်းပွားမှုများတွင် အမေရိကန်၏မူဝါဒဆိုင်ရာ ခြေလှမ်းတစ်ဆင့်တက် ရွှေ့လျားလိုက်ခြင်း ဖြစ်သည်။

မိုရေး၏တရားဝင် ဖေ့စ်ဘုတ်အကောင့်တွင် တနင်္ဂနွေနေ့ကရေးသားခဲ့သည့် ပို့စ်၌ ၎င်းသည် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် စကားပြောဆိုဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက်တွင် သံရုံးကို တယ်လ်အဗစ်မှ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် ဒီဇင်ဘာ ၆ ရက်မှစတင်ကာ ဂျေရုဆလင်ကို အစ္စရေးမြို့တော်အဖြစ်သတ်မှတ်ခဲ့သည်။ ပြီးခဲ့သည့်ကြာသပတေးနေ့တွင် နိုင်ငံပေါင်း ၁၂၈ နိုင်ငံတို့သည် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်၏ ကျောထောက်နောက်ခံပေးမှုဖြင့် ထရန့်အားဖီဆန်ခဲ့ကြပြီး ဂျေရုဆလင်မြို့အား အစ္စရေးမြို့တော်အဖြစ် အမေရိကန်ပြည်ထောင်စုက သတ်မှတ်မှုကို လက်လျှော့ရန် တောင်းဆိုခဲ့ကြသည်။

ဂွါတီမာလာနှင့်အိမ်နီးချင်း ဟွန်ဒူရပ်စ်တို့သည် အစ္စရေးနှင့်အမေရိကန်တို့နှင့် အတူပူးပေါင်းသည့် နိုင်ငံနှစ်ခုဖြစ်ပြီး ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကိုဆန့်ကျင်၍ ၎င်းတို့၏ သံရုံးကို ဂျေရုဆလင်သို့ရွှေ့ပြောင်းရန် အလေးအနက်ကတိပေးအပ်ခဲ့သည့် နိုင်ငံများဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဂွါတီမာလာနှင့်ဟွန်ဒူရပ်စ်ကို ကူညီထောက်ပံ့မှုပေးနေသည့် အရေးကြီးသောအရင်းအမြစ်တစ်ခုဖြစ်ပြီး အကယ်၍ ယင်းနိုင်ငံတို့က ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကို ထောက်ခံခဲ့ပါက ငွေကြေးဆိုင်ရာအကူအညီပေးအပ်နေမှုကို ဖြတ်တောက်ပစ်မည်ဟု အမေရိကန်က သတိပေးခဲ့သည်။ **ရိုက်တာ**



ဒီဇင်ဘာ ၆ ရက်က ဂျေရုဆလင်မြို့ဟောင်းရှိ Dome of the Rock ဘာသာရေးအဆောက်အအုံနှင့် Western Wall တံတိုင်းမြင်ကွင်းကို တွေ့ရစဉ်။

# ၂၅ နှစ်ကြာ ထောင်သွင်းအကျဉ်းချခံထားရသော ပီရူးယခင်အာဏာရှင်ခေါင်းဆောင်ကို လွတ်ငြိမ်းချမ်းသာခွင့်ပေး

**လီမာ ဒီဇင်ဘာ ၂၅**

ပီရူးသမ္မတ ပီဒရိုပါဘလို ကူချန်စကီသည် ၂၅ နှစ်ကြာထောင်သွင်းအကျဉ်းချခံထားရသော ယခင်အာဏာရှင် ခေါင်းဆောင် အယ်လ်ဘာတို ဖူဂျီမိုရီကို ယမန်နေ့ နှောင်းပိုင်းက လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ကြောင်း၊ ၎င်းအပေါ် လူ့အခွင့်အရေးပြစ်မှုဆိုင်ရာစွပ်စွဲမှုအားလုံးနှင့် အဂတိလိုက်စားမှုများကို ကင်းရှင်းမှုပေးခဲ့ကြောင်း ရိုက်တာသတင်း တစ်ရပ်တွင် ဒီဇင်ဘာ ၂၅ ရက်က ဖော်ပြခဲ့သည်။

ပီရူးရှိလူများကို ကြက်သေသေသွားစေခဲ့သော အဆိုပါဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး ခရစ္စမတ်အခါတော်နေ့ ကျင်းပနေသော လီမာမြို့လယ်ရှိလူများ အနေဖြင့် ယင်းဆုံးဖြတ်ချက်အပေါ် သဘောမတူကြောင်း ဆန္ဒဖော်ထုတ်အောင်လူမှုမီဒီယာများကို လှုံ့ဆော်သလိုဖြစ်ခဲ့ရုံ သာမက အစိုးရအဖွဲ့မှ နုတ်ထွက်မှုများ လည်းရှိခဲ့ကြောင်း သိရသည်။ ဖူဂျီမိုရီ၏ရန်သူများက အဆိုပါ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည့်အပေါ် ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့သည်။ ကူချန်စကီကိုကူညီရန် နိုင်ငံရေးသဘောတူညီမှုဆိုင်ရာ လုပ်ဆောင်မှုတစ်ခု အဖြစ်လည်း အချို့က ရှုမြင်ကြသည်။ သို့သော်လည်း ကူချန်စကီ၏ သမ္မတရုံးက အဆိုပါစွပ်စွဲမှုများကို ငြင်းဆန်ခဲ့သည်။

ထို့အပြင် ဆေးဘက်ဆိုင်ရာ သုံးသပ်ချက်က ဖော်ပြခဲ့သည်မှာ ပီရူးကို ၁၉၉၀ မှ ၂၀၀၀ ပြည့်နှစ်အထိ အုပ်စိုးခဲ့သော ဖူဂျီမိုရီသည် ကုမရသောရောဂါများ ခံစားခဲ့ရသည်ဟု ဖော်ပြခဲ့သည်။

ကူချန်စကီကို သဘောကျသော ဖူဂျီမိုရီကို လွန်ခဲ့သောစနေနေ့ နှောင်းပိုင်းက သွေးပေါင်ချိန်ရုတ်တရက် ထိုးကျလာပြီး သွေးပေါင်ချိန်ပုံမှန် မဟုတ်သောကြောင့် ဆေးရုံသို့ ချက်ချင်းပို့ဆောင်ခဲ့ရကြောင်း ၎င်း၏ဆရာဝန်က ပြောခဲ့သည်။ ဖူဂျီမိုရီကို သွားပုပ်လေလွင့်ပြောသူ အချို့က ၎င်းကို ဆေးရုံတင်ခြင်းသည် ဥပဒေကြောင်းအရ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အခြေအနေတစ်ရပ်ဖြစ်ပေါ်စေခဲ့ကြောင်း ပြောခဲ့သည်။ **ရိုက်တာ**



ယခင်အာဏာရှင်ခေါင်းဆောင် အယ်လ်ဘာတို ဖူဂျီမိုရီ

# တောင်တရုတ်ပင်လယ်အတွင်းရှိ တရုတ်နိုင်ငံက ပိုင်ဆိုင်သည့်ကျွန်းများကို ကျိုးကြောင်းညီညွတ်စွာ တိုးချဲ့ခဲ့ကြောင်း တရုတ်ဖော်ပြ

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံသည် အငြင်းပွားတောင်တရုတ်ပင်လယ်အတွင်းရှိ ၎င်း၏ ကျွန်းများကို ကျိုးကြောင်းညီညွတ်စွာချဲ့ထွင်ခဲ့ကြောင်းနှင့်ယင်းနေရာရှိ ယခုနှစ်အတွက် ဆောက်လုပ်ရေးစီမံကိန်းများတွင် စတုရန်းမီတာ ၂၉၀၀၀၀ (၇၂ ဧက)ကို လွှမ်းခြုံထားပြီး ရေဒါဝန်ဆောင်မှုများပါဝင်ကြောင်း အစိုးရ၏ သတင်းဖော်ပြမှုအသစ်တစ်ရပ်အရ သိရသည်။

ကျွန်းများကို တိုးချဲ့ခဲ့သည့် အရေအတွက်သည် ယခုလအစောပိုင်းက အမေရိကန်အမျိုးသားအကျိုးစီးပွားပြဿနာဆိုင်ရာ အကြံပေးပါရဂူအဖွဲ့က ဖော်ပြခဲ့သည့် အရေအတွက်နှင့် ထပ်တူကျကြောင်းသိရသည်။ တရုတ်နိုင်ငံသည် တောင်တရုတ်ပင်လယ်အတွင်းရှိ ၎င်းထိန်းချုပ်ထားသည့်ကျွန်းများနှင့် သန္တာကျောက်တန်းအချို့တို့တွင် မြေယာပြန်လည်ပြုပြင်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကာ အိမ်နီးချင်းနိုင်ငံများနှင့်ဝါရှင်တန်ကို သတိပေးနှိုးဆော်လျက်ရှိသည်။

တရုတ်နိုင်ငံက ယင်းဆောင်ရွက်မှုများသည် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးကဲ့သို့သော နိုင်ငံတကာဝန်ဆောင်မှုများကို အကူအညီ အထောက်အပံ့ဖြစ်စေကြောင်း၊ သို့သော်လည်း စစ်ရေးအရ ရည်ရွယ်ချက်တစ်ခုလည်းရှိနေကြောင်းဖွင့်ဟခဲ့သည်။ တရုတ်နိုင်ငံ အနေဖြင့် ၎င်း၏ ပိုင်နက်ပေါ်တွင် ၎င်းအလိုရှိသည့် မည်သည့်အရာကိုမဆို လုပ်ကိုင်သွားနိုင်ကြောင်းကိုလည်း ပြောကြားခဲ့သည်။

**ရိုက်တာ**



# မြေပြင်၊ ရေပြင်ဆင်းသက်နိုင်သည့် ကမ္ဘာ့အကြီးဆုံးလေယာဉ်ကြီးကို ပထမဆုံးအကြိမ် ပျံသန်း

**ပေကျင်း ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ၏ မြေပြင်၊ ရေပြင်ဆင်းသက်နိုင်သည့် AG 600 ကမ္ဘာ့အကြီးဆုံး လေယာဉ်ကြီးကို ပထမဆုံးအကြိမ်အဖြစ် တစ်နာရီကြာပျံသန်းမှုကို ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း၊ ယင်းသည် စစ်ဘက်ဆိုင်ရာ ခေတ်မီဆန်းသစ်မှုတစ်ခုဖြစ်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

Boeing 737 အရွယ်အစားရှိ အင်ဂျင်လေးလုံး တပ်ဆင်ထားသည့် AG 600 လေယာဉ်ကြီးကို တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကျူးဟိုင်လေဆိပ်မှ ပျံတက်ခဲ့ခြင်းဖြစ်သည်။

တောင်တရုတ်ပင်လယ်ကမ်းခြေ ကျူးဟိုင်လေဆိပ်မှ ပျံသန်းခဲ့သည့် AG 600 လေယာဉ်ကြီး၏ တိုက်ရိုက်ပျံသန်းမှုပုံရိပ်ကို နိုင်ငံပိုင် ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ပျံသန်း ဆင်းသက်လာသည့် လေယာဉ်ကြီးကို သံစုံစစ်တီးဝိုင်းများ၊ အလံများ ဝှေ့ယမ်းပြီး ကြိုဆိုခဲ့ကြသည်။

AG 600 လေယာဉ်ကြီးကို တောမီးငြိမ်းသတ်မှုနှင့် ရေပြင်ကယ်ဆယ်ရေးလုပ်ငန်းများ၌ အသုံးပြုသွားရန် စီစဉ်ထားကြောင်း သိရသည်။

ကွန်လောင်းဟုခေါ်သည့် အဆိုပါလေယာဉ်ကြီးသည် တရုတ်တောင်ဘက်စွန်း နယ်မြေဒေသများအထိ ပျံသန်းနိုင်ကြောင်း သိရသည်။

ရေပြင်၊ မြေပြင်နှစ်မျိုးလုံးဆင်းသက်နိုင်သည့် ကမ္ဘာ့အကြီးဆုံးလေယာဉ်ကို တရုတ်အစိုးရပိုင် လေယာဉ်ထုတ်လုပ်ရေးစက်ရုံ၌ တည်ဆောက်ခဲ့ကြောင်း သိရပြီး လေယာဉ်ကြီးတည်ဆောက်ပြီးစီးရန် ရှစ်နှစ်ခန့် အချိန်ယူတည်ဆောက်ခဲ့ရကြောင်း သိရသည်။

မိုင်ပေါင်း ၂၈၀၀နီးပါးပျံသန်းနိုင်သည့် အဆိုပါ လေယာဉ်ကြီးကို တရုတ်နိုင်ငံအတွင်းတွင် မှာယူမှု ၁၇ ခုအထိ ရှိခဲ့ကြောင်း သိရသည်။

**ရိုက်တာ**



# မီးအကြီးအကျယ်လောင်ကျွမ်းခဲ့သော လန်ဒန်တိရစ္ဆာန်ရုံပြန်ဖွင့်

**လန်ဒန် ဒီဇင်ဘာ ၂၅**

မီးအကြီးအကျယ်လောင်ကျွမ်းခဲ့သော လန်ဒန်တိရစ္ဆာန်ရုံကို ဒီဇင်ဘာ ၂၅ ရက်က ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

မီးလောင်မှုသည် ဒီဇင်ဘာ ၂၄ ရက်နံနက်ပိုင်းတွင် ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် ပုရွက်ဆိတ်စား အာဖရိကန်နို့တိုက်သတ္တဝါတစ်ကောင်သေဆုံးခဲ့သည့်အပြင် တိရစ္ဆာန်ရုံ၏ အစိတ်အပိုင်းများ မီးလောင်ကျွမ်းခဲ့ကြောင်း မီးသတ်သမားများက ပြောခဲ့သည်။

မီးလောင်မှုဖြစ်ပွားနေစဉ် ဆေးရုံဝန်ထမ်းများက တိရစ္ဆာန်များကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရာ ဒဏ်ရာရရှိမှုများဖြစ်ပွားခဲ့သောကြောင့် ၎င်းတို့ကို ပြုစုပေးခဲ့ကြောင်း၊ တချို့ကိုလည်းဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာအမြင်များ ဖလှယ်နိုင်မှုသည် မြန်မာ့တိုင်းရင်းဆေးလောကအတွက် အထောက်အကူကောင်းဖြစ်

**ခင်ရတနာ**


ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

နိုင်ငံတိုင်းတွင် မိမိတို့၏ ဒေသထွက် ဆေးမြစ်၊ သစ်ဥ၊ သစ်ဖုများနှင့် ဆေးဖက်ဝင် ပရဆေးကုန်ကြမ်းများဖြင့် မိရိုးဖလာဆေးပညာအမွေအနှစ်များ ရှိကြသည်။ တိုင်းရင်းဆေးသမားတော်များသည် မိမိတို့၏ အတတ်ပညာ၊ ရှာဖွေဖော်ထုတ်မှုနှင့် ဆေးဖက်ဝင် သဘာဝသစ်တောထွက်ပစ္စည်းများဖြင့် တိုင်းရင်းသားများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးကြသူများဖြစ်သည်။ ခေတ်ကာလ တိုးတက်လာသည်နှင့်အမျှ တိုင်းရင်းဆေး၏ အသုံးဝင်ပုံ၊ အကျိုးပြုပုံများကို သိပ္ပံနည်းကျ ရှာဖွေဖော်ထုတ်ကာ ပိုမိုကောင်းမွန်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကို ပေးစွမ်းလာကြသည်။ နိုင်ငံအလိုက် အသုံးပြုပုံ၊ ရှာဖွေဖော်ထုတ်ပုံ အနည်းငယ် ကွာခြားသော်လည်း တိုင်းရင်းဆေးများ၏ အာနိသင်သည် ယနေ့တိုင် မည်သည့်နေရာဒေသတွင်မဆို အသုံးဝင်ဆဲ၊ အကျိုးပြုဆဲပင်ဖြစ်သည်။

**တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေး**

ပြီးခဲ့သည့် နိုဝင်ဘာ ၂၀ ရက်က (၈)ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးကို မြန်မာနိုင်ငံ ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများပြပွဲကြီးကိုလည်း နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက် အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမတွင် ကျင်းပနိုင်ခဲ့သည်။ ထိုကဲ့သို့ ကျင်းပခြင်းဖြင့် တိုင်းရင်းဆေးများ၏ အသုံးဝင်ပုံ၊ အကျိုးကျေးဇူးနှင့် သဘာဝတရား၏ အာနိသင်များကို ပိုမိုအသုံးချနိုင်လာကြတော့မည်ဖြစ်သည်။

ယခုကဲ့သို့ ကျင်းပနိုင်ခဲ့ခြင်းကြောင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ကုထုံးများနှင့် ဆေးဖက်ဝင်ပစ္စည်းများကို ပျောက်ကွယ်မသွားစေရန် ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်မည်ဟု ယုံကြည်ရပါသည်။ ထို့ပြင် အသိဉာဏ်ပစ္စည်းဆိုင်ရာ မူပိုင်ခွင့်အကြောင်းအရာများကိုလည်း တိုင်းရင်းဆေးပညာရှင်များ အချင်းချင်း သိရှိနားလည်မှုများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် 'နာဂိုယာပရိုတိုကော'ဟုခေါ်သည့် အရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် သာတူညီမျှ ခွဲဝေခံစားနိုင်ရန်အတွက်လည်း များစွာအထောက်အကူပြုခဲ့ကြောင်း မဲခေါင်ဒေသတွင်းနိုင်ငံများ တိုင်းရင်းဆေးပညာရပ် အစည်းအဝေးကြီးမှ သိရှိရသည်။

**သဘောတူညီချက်များ ရရှိခဲ့**

ရိုးရာတိုင်းရင်းဆေးပညာရှင်များအနေဖြင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် သိရှိရမည့် လမ်းညွှန်ချက်များနှင့် ကျင့်ဝတ်ဆိုင်ရာများကိုလည်း မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအားလုံး အတူတကွ လိုက်နာကျင့်သုံးကြရန်နှင့် တိုင်းရင်းဆေးကဏ္ဍအနေဖြင့် ရိုးရာတိုင်းရင်းဆေးပညာရှင်များ၏ ရောဂါဗေဒဆိုင်ရာ ကုထုံးများနှင့် အသုံးပြုသည့် အဖိုးအနဂ္ဃထိုက်တန်သော ဆေးပင်များကို မှတ်တမ်းတင်ထားရှိရန် အစည်းအဝေးကြီးမှ သဘောတူညီချက်များ ရရှိခဲ့သည်။

**အထောက်အပံ့ရန်ပုံငွေများ ပေးအပ်မည်**

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက တိုင်းရင်းဆေးဘာသာရပ်နှင့် ပတ်သက်၍ သုတေသနလုပ်ငန်းများဆောင်ရွက်ရန်အတွက် အထောက်အပံ့ရန်ပုံငွေများ ပေးအပ်သွားမည်ဖြစ်ပြီး မဲခေါင်မြစ်ဝှမ်းဒေသနိုင်ငံများအတွင်း သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်သွားရန်အတွက်လည်း နိုင်ငံများမှ တိုင်းရင်းဆေးသမားတော်များ၊ တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ကြီးမှူး၍ ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ရှစ်ကြိမ်မြောက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အစည်းအဝေးကို လက်ခံကျင်းပနိုင်ခဲ့ခြင်းကြောင့် မြန်မာ့တိုင်းရင်းဆေးလောကသမိုင်းတွင် အားရဖွယ်ရာ လုပ်ငန်းဖြစ်ခဲ့ပြီး တိမ်မြုပ်ပျောက်ကွယ်နေသော တိုင်းရင်းဆေးပညာရပ်များကိုလည်း ပိုမို လက်ဆင့်ကမ်းဖော်ထုတ်၍ နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်အညီ လုပ်ဆောင်နိုင်တော့မည်ဖြစ်သည်။

**တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကြီး**

တိုင်းရင်းဆေးပညာရပ်များကို ပြည်သူများ ပိုမိုသိရှိနားလည်လာပြီး အသုံးပြုအားကိုးခြင်း တိုးပွားလာစေရန်အတွက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကြီးက များစွာအထောက်အကူဖြစ်စေခဲ့သည်။ ပြပွဲကြီးတွင် မဲခေါင်ဒေသများမှ ကိုယ်စားလှယ်များ၏ ပြခန်းများစွာနှင့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသမားတော်များ၏ ပြခန်းများကို ခင်းကျင်းပြသခဲ့သည်။ အဆိုပါပြပွဲကြီးတွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော မြန်မာ့တိုင်းရင်းဆေး ကုထုံးများကိုလည်း တိုင်းရင်းဆေးပညာဦးစီးဌာနက ပြခန်းများဖွင့်လှစ်ကာ ပါဝင်ပြသ အားဖြည့်ခဲ့သည်ကို မြင်တွေ့ရသည်။

**ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြ**

အဖိုးမဖြတ်နိုင်သည့် ရိုးရာအမွေအနှစ် တိုင်းရင်းဆေးကုထုံးများဖြစ်ကြသော ဆရာကြီး ဓားဘသိန်း၏ တိုင်းရင်းဆေးကုထုံး၊ ကချင်ရိုးရာ ကြက်ဥဗေဒင်ဖြင့် ကျန်းမာရေးကို ဟောပြောပေးခြင်း၊ တိုင်းရင်းဆေးရုံအုပ်ဆရာကြီးဦးဝေဝင်း (ငြိမ်း)၏ မိုးကြိုးသွားဖြင့် တိုင်းရင်းဆေးကုသပေးခြင်းနှင့် မြန်မာတိုင်းရင်းဆေးသမားတော်ကြီး ဦးမောင်ဉာဏ်(ဗဟိုတိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ-ငြိမ်း)တို့ကလည်း ပြပွဲသို့ လာရောက်ကြသည့် မိဘပြည်သူများအား တိုင်းရင်းဆေးပညာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြသည်ကို မြင်တွေ့ရပြီး ဒေဝယက္ခ တိုင်းရင်းဆေးပြခန်းကြီးတွင်လည်း နိုင်ငံပေါင်းစုံမှလာရောက်ကြသည့် တိုင်းရင်းဆေးပညာရှင်များနှင့် စိတ်ပါဝင်စားသူများအတွက် စကားပြန်များထားရှိကာ မြန်မာ့တိုင်းရင်းဆေးများအကြောင်း ဖော်ထုတ်ရှင်းလင်း ပြောကြားပေးခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

**ဝိုင်းဝန်းဆွေးနွေး အဖြေရှာ**

ပြပွဲအတွင်း တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်ကလည်း "ပြပွဲကြီးက ရှစ်ကြိမ်မြောက် မဲခေါင်ဒေသတွင်း နိုင်ငံတွေရဲ့ အစည်းအဝေးကြီးနဲ့ ဆက်စပ်ပြီး ပြသနိုင်ခဲ့တာဖြစ်ပါတယ်။ တရုတ်နိုင်ငံနဲ့ ထိုင်းနိုင်ငံတို့က အခုလို အစည်းအဝေးကြီးကို တစ်လှည့်စီကျင်းပခဲ့တာ ခုနစ်ကြိမ်အထိပါပဲ။ ဒီနှစ်မှာတော့ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်အောင် ကျွန်မတို့ ကြိုးပမ်းနိုင်ခဲ့ပါပြီ။ မဲခေါင်ဒေသတွင်းနိုင်ငံတွေအနေနဲ့ တိုင်းရင်းဆေးကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ကြမလဲဆိုတာတွေနဲ့ ပတ်သက်ပြီး အားလုံးဝိုင်းဝန်းဆွေးနွေး အဖြေရှာခဲ့ကြပါတယ်။ ပြပွဲအတွင်းမှာလည်း တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နဲ့ မြန်မာတိုင်းရင်းဆေးပြခန်းတွေ ပါဝင်ပြသထားတာ အားရစရာ အလွန်ကောင်းပါတယ်။ မြန်မာနိုင်ငံအတွင်းမှာ တိုင်းရင်းဆေးတွေနဲ့ ပတ်သက်ပြီးလည်း ဥပဒေတစ်ရပ် ပြင်ဆင်ရေးဆွဲနေပါတယ်။ ၂၀၁၈ ခုနှစ်အတွင်းမှာ မဲခေါင်နိုင်ငံတွေနဲ့ တိုင်းရင်းဆေးအတွက် စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ လုပ်ဆောင်သွားဖို့အတွက် တိုင်းရင်းဆေးပညာဦးစီးဌာနအနေနဲ့ လက်မှတ်ရေးထိုးနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

**အသက်ရှည်ရာ အနာမဲ့ကြောင်း**

မြန်မာ့တိုင်းရင်းဆေးပညာသည် မြတ်စွာဘုရားရှင်ဟောကြားထားသော တရားဒေသနာတော်များကို အခြေပြု၍ လူသားတိုင်း၏ ကျန်းမာရေး၊ အသက်ရှည်ရေးတို့ကို အကျိုးပြုခဲ့သည်။ သမားတော်ကြီး ဇီဝကသည် မြတ်စွာဘုရားရှင်ကိုပင် ကုသပေးခဲ့သည့်အကြောင်းကို မှတ်သားရပြီး ဆရာဇီဝကက "လောက၌ ဆေးဖက်မဝင်သောအပင်ဟူ၍ မရှိ"ဟု ဥဒါန်းကျူးရင့်ကာ ဆေးဖက်ဝင်အပင်များကို အသုံးပြုခဲ့သည်။ မြန်မာတိုင်းရင်းဆေးပညာသည် ဒေသနာနယ၊ နက္ခတ္တနယ၊ ဘေသဇ္ဇနယနှင့် ဝိဇ္ဇာဓရနယ ဟူသည့် နယကြီးလေးပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်ပြီး အသက်ရှည်ရာ အနာမဲ့ကြောင်း ပြုစုနိုင်သော တိုင်းရင်းဆေးပညာရပ်များဖြစ်သည်။

**နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီညွတ်**

နွယ်မြက်သစ်ပင်ဆေးဘက်ဝင်ဟူသော ဆိုစကားအရ သဘာဝအလျောက်ပေါက်ရောက်သည့် အပင်များမှ ထုတ်ယူဖော်စပ်ရသော ဆေးများသည် သိပ္ပံနည်းကျ ဖော်စပ်သည့် ဓာတုဗေဒဆေးဝါးများနှင့် နှိုင်းယှဉ်ပါက ဓာတ်မတည့်ခြင်းနှင့် ဘေးထွက်ဆိုးကျိုးများ ဖြစ်ပွားစေခြင်းမှ သက်သာစေကြောင်း တိုင်းရင်းဆေးသမားတော်များထံမှ သိရှိရပြီး ယခုနောက်ပိုင်းတွင် မြန်မာ့တိုင်းရင်းဆေး ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် တိုင်းရင်းဆေးသမားတော်များသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ညီညွတ်ပြီး ထုတ်ပိုးမှုကောင်းမွန်သည့် မြန်မာ့တိုင်းရင်းဆေးစစ်စစ်များကို ဖော်ထုတ်လာကြသည်ကိုလည်း ဝမ်းမြောက်ဖွယ်မြင်တွေ့ရသည်။

"အခုလိုပြပွဲကြီးကို အိမ်ရှင်နိုင်ငံအနေနဲ့ လက်ခံကျင်းပနိုင်တဲ့အတွက် အိမ်နီးချင်းနိုင်ငံတွေအပါအဝင် မဲခေါင်ဒေသတွင်းနိုင်ငံတွေက တိုင်းရင်းဆေးတွေအကြောင်း၊ တိုင်းရင်းဆေးထုတ်လုပ်မှု လုပ်ငန်းစဉ်တွေအကြောင်းကိုလည်း သိရှိရတယ်။ လေ့လာခွင့်ရတယ်။ သူတို့နိုင်ငံကိုသွားပြီး တိုင်းရင်းဆေးအတွက် လေ့လာဖို့ဆိုတာ မလွယ်ကူပါဘူး။ ပြပွဲမှာ နိုင်ငံတွေက သူတို့ဆေးတွေမှာအသုံးပြုတဲ့ ကုန်ကြမ်းတွေကိုလည်း ယူလာပြကြတယ်။ သစ်ဥ၊ သစ်ဖုတွေနဲ့ သစ်မြစ်တွေကိုလည်း ပြသတယ်။ တိုင်းရင်းဆေး ထုတ်လုပ်သူအနေနဲ့ရော တိုင်းရင်းဆေးပညာရှင်တစ်ဦးအနေနဲ့ရော ပြပွဲကနေ အကျိုးကျေးဇူးတွေအများကြီးရရှိခဲ့တယ်"ဟု ပြခန်းတွင် ပါဝင်ပြသသော တိုင်းရင်းဆေးဝါးထုတ်လုပ်သူ ဒေဝယက္ခဆေးတိုက်မှ ဒေါက်တာဦးဖြေက ပြောကြားသည်။ ။

"တိုင်းရင်းဆေးပညာရပ်များကို ပြည်သူများ ပိုမိုသိရှိနားလည်လာပြီး အသုံးပြုအားကိုးခြင်း တိုးပွားလာစေရန်အတွက် မဲခေါင်ဒေသတွင်းနိုင်ငံများ၏ တိုင်းရင်းဆေးနှင့် ဆက်စပ်ပစ္စည်းများ ပြပွဲကြီးက များစွာအထောက်အကူဖြစ်စေခဲ့သည်၊ ပြပွဲကြီးတွင် မဲခေါင်ဒေသများမှ ကိုယ်စားလှယ်များ၏ ပြခန်းများစွာနှင့် မြန်မာနိုင်ငံမှ တိုင်းရင်းဆေးလုပ်ငန်းရှင်များ၊ တိုင်းရင်းဆေးသမားတော်များ၏ ပြခန်းများကို ခင်းကျင်းပြသခဲ့သည်၊ အဆိုပါပြပွဲကြီးတွင် တိမ်မြုပ်ပျောက်ကွယ်လုနီးပါးဖြစ်သော မြန်မာ့တိုင်းရင်းဆေး ကုထုံးများကိုလည်း တိုင်းရင်းဆေးပညာဦးစီးဌာနက ပြခန်းများဖွင့်လှစ်ကာ ပါဝင်ပြသအားဖြည့်ခဲ့သည်"

---



မွန်ပြည်နယ် သထုံမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင် ဦးဆောင်သော မူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် သထုံမြို့နယ် ပန်တိန်ရိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီက နယ်မြေစခန်းမှူး ရဲအုပ်သိန်းနိုင်က ကျောင်းသား ကျောင်းသူများအား မှုခင်းအသိပညာပေး ဆောင်ရွက်စဉ်။ (၁၃၈)

## မိုးညှင်းမြို့နယ်တွင် အခြေခံရှေးဦးပြုစုနည်းသင်တန်းဖွင့်

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အခြေခံ ရှေးဦးပြုစုနည်းသင်တန်း အမှတ်စဉ်(၇/၂၀၁၇)ကို ဒီဇင်ဘာ ၂၄ ရက်က ဖွင့်လှစ်ခဲ့သည်။

မိုးညှင်းကြက်ခြေနီအသင်းခွဲနှင့် နန်းမားကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်းဖွင့်လှစ်သည့် အဆိုပါသင်တန်းတွင် ကြက်ခြေနီအသင်း ရာသက်ပန်ဂုဏ်ထူးဆောင် ဦးမြင့်သိန်းက သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး နန်းမားကြက်ခြေနီအသင်းခွဲမှ ဂုဏ်ထူးဆောင်အသင်းဝင် ဦးထိန်လင်းက သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းသည်။ သင်တန်းသို့ အင်းကုန်းအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသားကျောင်းသူ ၇၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ဖြစ်သည်။ ရခိုင်ပြည်နယ်သို့ လူမှုကရုဏာ လုပ်ငန်းများ တစ်လကြာသွားရောက်ဆောင်ရွက်ရာတွင် မိုးညှင်းမြို့နယ်မှ လိုက်ပါမည့် ကြက်ခြေနီဦးစီးမှူး(တတိယတန်း) ဦးဇော်နိုင်ထွန်းနှင့် ဦးမင်းသစ်(တပ်ကြပ်ကြီး)တို့အတွက် မြို့နယ်မှ ထောက်ပံ့ငွေကိုလည်း သင်တန်းဖွင့်ပွဲတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝ၆၇)

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(၃) မှတ်ပုံတင်အရာရှိကဖြစ်စေ၊ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကဖြစ်စေ တရားရုံးအမိန့်တစ်ရပ်ချမှတ်ရန်အတွက် စွဲဆိုသည့်အမှုများတွင် တရားရုံးက အမိန့်တစ်ရပ် ချမှတ်ရန်လိုအပ်ကြောင်း အထောက်အထားများရှိခဲ့လျှင် ထိုအမှုများကို ခုခံချေပခြင်း သို့မဟုတ်

(၄) ဤဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးကို သက်သာခွင့်ပြုရန်အတွက် တရားစွဲဆိုသောအမှုဖြစ်ပြီး တရားရုံးက ထိုသက်သာခွင့်ကို ငြင်းပယ်သည့်အမှုများနှင့်စပ်လျဉ်းခြင်း။

(ဂ) ပုဒ်မခွဲ (ခ) ပါကိစ္စရပ်များအတွက် တရားစွဲဆိုမှုတွင် အယူခံမှုများလည်းပါဝင်သည်။

**အာမခံထားရှိခြင်း**

၁၈၂။ (က) ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့် အဖွဲ့အစည်းတစ်ခုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အောက်ပါကိစ္စရပ်တစ်ခုခုကြောင့် ပေါ်ပေါက်လာသော တာဝန်ရှိမှုတစ်ရပ်အပေါ် တရားရုံးစရိတ်များအတွက် တာဝန်ရှိမှုမှအပ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံပဋိညာဉ် တစ်ရပ်၏ ပရီမီယံကြေး (premium) ကို ပေးဆောင်ခြင်းမပြုရ သို့မဟုတ် ပေးဆောင်ရန်သဘောတူခြင်း မပြုရ -

(၁) ကုမ္ပဏီနှင့်သက်ဆိုင်သော တာဝန်တစ်ရပ်ရပ်ကို တမင်ဖောက်ဖျက်ခြင်းများပါဝင်သော ဆောင်ရွက်မှုများ ပြုလုပ်ခြင်း သို့မဟုတ်

(၂) ပုဒ်မ ၁၆၇ သို့မဟုတ် ပုဒ်မ ၁၆၈ ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ဆောင်ရွက်ခြင်း။

(ခ) အခြားသက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် (၂) တွင်ရည်ညွှန်းသည့်တာဝန်ရှိမှုတစ်ရပ်မှအပ အခြားတာဝန်ရှိမှုကို ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုသည် ပေးချေရန် သို့မဟုတ် ပေးချေရန် သဘောတူခြင်း၊ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ ကုမ္ပဏီ၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် စာရင်းစစ်ဖြစ်သူအတွက် အာမခံပဋိညာဉ်တစ်ရပ်၏ ပရီမီယံကြေး (premium) ပေးဆောင်ခြင်းကို ပုဒ်မခွဲ (က) သည် တားမြစ်ခြင်းမရှိ။

**တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ဒါရိုက်တာများ၌ အကန့်အသတ် မရှိသော တာဝန်ရှိမှုများ ရှိနိုင်ခြင်း**

၁၈၃။ ဤဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ကန့်သတ်ထားခြင်း မရှိစေဘဲ ဤဥပဒေစတင်အာဏာသက်ရောက်ခြင်းမရှိမီက ဖွဲ့စည်းတည်ထောင်ခဲ့သည့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုတွင် ဤဥပဒေ စတင်အာဏာသက်ရောက်ခြင်းမရှိမီက ခန့်အပ်ထားသော ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာတစ်ဦးဦး၏ တာဝန်ရှိမှုများသည် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ထိုသို့အကန့်အသတ်မရှိကြောင်း သတ်မှတ်ဖော်ပြထားလျှင် အကန့်အသတ်မရှိထားရှိနိုင်သည်။

**ဒါရိုက်တာများ၊ အရာရှိများနှင့် အခြားဆက်နွှယ်သည့်ပုဂ္ဂိုလ်များ၏အကျိုးခံစားခွင့်များနှင့် ၎င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်မှုများဆိုင်ရာ ပြဋ္ဌာန်းချက် အငြိမ်းစားယူခြင်းအတွက် အကျိုးခံစားခွင့်များ ထောက်ပံ့ခြင်း**

၁၈၄။ (က) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီတစ်ခုသည် အကျိုးခံစားခွင့်ပေးရန်အတွက် ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက်မရရှိဘဲ ကုမ္ပဏီ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ အရာရှိတစ်ဦးအဖြစ်မှ ပုဂ္ဂိုလ်တစ်ဦးဦးက အငြိမ်းစားယူခြင်းနှင့် သက်ဆိုင်သောအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ထိုပုဂ္ဂိုလ်အားပေးအပ်ခြင်း မပြုရ။

(ခ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်သည် အရာရှိ၏ အလုပ်ခန့်ထားခြင်းဆိုင်ရာ ပဋိညာဉ်စာချုပ် သို့မဟုတ် ကုမ္ပဏီနှင့်အလားတူ စီစဉ်ဆောင်ရွက်ထားမှုအရ သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ ဥပဒေအရသော်လည်းကောင်း၊ သဘောရိုးဖြင့်သော်လည်းကောင်း ပေးချေရန်လိုအပ်သည့် အကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ပေးချေခြင်းအား ကန့်သတ်ထားခြင်း မရှိစေရ။

**တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းကိုလွှဲပြောင်းခြင်းနှင့် စပ်လျဉ်းသည့်အကျိုးခံစားခွင့်များ ပေးအပ်ခြင်း**

၁၈၅။ ကုမ္ပဏီတစ်ခုသည် ယင်း၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခုခု၏ အရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော အရာရှိတစ်ဦးကိုဖြစ်စေ၊ ယင်းတို့၏ဇနီးမယား၊ ဆွေမျိုး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူတစ်ဦးဦးကိုဖြစ်စေ ပုဒ်မ ၁၈၆ အရ ကုမ္ပဏီတွင် ပါဝင်သူများ၏ အတည်ပြုချက် မရရှိဘဲ ယင်းကုမ္ပဏီ၏ သို့မဟုတ် ဆက်စပ်သည့်အဖွဲ့အစည်းတစ်ခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းပေးခြင်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အား ပေးအပ်ခြင်း မပြုရ။

**အကျိုးခံစားခွင့်ဆိုင်ရာများကို ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

၁၈၆။ (က) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တို့တွင် ဖော်ပြထားသော အကျိုးခံစားခွင့်တစ်မျိုးမျိုးကို ကုမ္ပဏီတစ်ခု၊ အဆိုပါ ကုမ္ပဏီ၏ မူရင်းအစုများပိုင်ဆိုင်သည့် ကုမ္ပဏီရှိခဲ့ပါက ၎င်းကုမ္ပဏီနှင့် အခြားဆက်စပ်သည့် အဖွဲ့အစည်းများမှ ထိုကုမ္ပဏီများတွင် ပါဝင်သူများ၏ အထွေထွေအစည်းအဝေး၌ အတည်ပြုခဲ့လျှင် ပေးအပ်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကျင်းပသော အစည်းအဝေးတစ်ရပ်ရပ်အတွက် အကြောင်းကြားစာတွင် အကျိုးခံစားခွင့်နှင့်သက်ဆိုင်သည့် အသေးစိတ်ဖော်ပြချက်များနှင့် ယင်းအတွက် မည်သို့မဲပေးဆောင်ရွက်မည်ဟူသည့် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်းသည့် အရေးကြီးသော အချက်အလက်များကို ဖော်ပြပါရှိရမည်။

(ဂ) ပုဒ်မ ၁၈၄ သို့မဟုတ် ၁၈၅ တွင် ဖော်ပြထားသောအရာရှိ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သောအရာရှိ သို့မဟုတ် အကျိုးခံစားခွင့်ကို ရရှိနိုင်သော အခြားသူတစ်ဦးဦးသည် အခြားပုဂ္ဂိုလ်တစ်ဦးထံမှ ကိုယ်စားလှယ်အဖြစ် မည်သို့မဲပေးရမည်ကို ညွှန်ကြားထားလျှင်မှတစ်ပါး အဆိုပါအကျိုးခံစားခွင့်နှင့်စပ်လျဉ်းသော ဆုံးဖြတ်ချက်တစ်ရပ်ရပ်အတွက် မဲပေးခြင်း မပြုရ။

**ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများနှင့် ဆက်နွှယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အခြားအကျိုးခံစားခွင့်များ**

၁၈၇။ (က) ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့သည် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေတွင် လည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်လည်းကောင်း ပါရှိသော သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ အောက်ပါကိစ္စရပ်များကို ခွင့်ပြုနိုင်သည် -

(၁) ဒါရိုက်တာအဖြစ်ဆောင်ရွက်ခြင်း သို့မဟုတ် အခြားရာထူးနေရာတွင် ဆောင်ရွက်ခြင်းအတွက် ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ၎င်းနှင့်ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ပေးရမည့် အခကြေးငွေ သို့မဟုတ် အခြားအကျိုးခံစားခွင့်များကို ပေးချေခြင်း၊

(၂) လုပ်ငန်းလက်လွှတ်ဆုံးရှုံးမှုအတွက် လျော်ကြေးငွေကို ကုမ္ပဏီက ဒါရိုက်တာ သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာတစ်ဦးဦးသို့ ပေးချေခြင်း၊

(၃) ကုမ္ပဏီက ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးသို့ ချေးငွေထုတ်ပေးခြင်း၊

(၄) ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးဦးက ပေးချေရမည့် ကြွေးမြီများအတွက် ကုမ္ပဏီက အာမခံချက်များ ပြုလုပ်ပေးခြင်း၊

(၅) ပုဒ်မခွဲငယ် (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြပါရှိသည့် ကိစ္စရပ်များအနက်မှ တစ်ရပ်ရပ်ကို ပြုလုပ်ပေးရန် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ အခြားနည်းအားဖြင့် သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိသည့် ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်အတွက် အခြားသောငွေကြေးဆိုင်ရာ အကျိုးခံစားခွင့် တစ်ရပ်ရပ်ပြုလုပ်ပေးခြင်းနှင့်

(၆) ဘုတ်အဖွဲ့သည် အောက်ပါကိစ္စရပ်များကို ကျေနပ်လက်ခံလျှ င် -

(ကက) ထိုသို့ ဆောင်ရွက်ခြင်းသည် ကုမ္ပဏီ၏ အကောင်းဆုံး အကျိုးစီးပွားအတွက်ဖြစ်ခြင်း၊

(ခခ) ထိုသို့ဆောင်ရွက်ခြင်းသည် ဆောင်ရွက်နေသော အခြေအနေများနှင့် ကျိုးကြောင်း ညီညွတ်မှုရှိခြင်းနှင့်

(ဂဂ) ထိုသို့ငွေပေးချေခြင်း သို့မဟုတ် အကျိုးခံစားခွင့် သို့မဟုတ် ချေးငွေ သို့မဟုတ် အာမခံချက် သို့မဟုတ် ပဋိညာဉ်သည် ကုမ္ပဏီ၏ ရှုထောင့်မှကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှုမရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် သတ်မှတ်၍ ဆောင်ရွက်ခြင်း။

(ခ) ဒါရိုက်တာအဖွဲ့သည် ငွေပေးချေမှုပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းများ ပြုလုပ်ရန် ခွင့်ပြုပြီးနောက်တွင် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ပုဒ်မ ၁၉၉ အရကုမ္ပဏီက ထိန်းသိမ်းထားရှိသည့် အကျိုးခံစားခွင့်ဆိုင်ရာမှတ်ပုံတင်စာရင်းတွင် ရေးသွင်းဖော်ပြရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ခွင့်ပြုထားသော ပဋိညာဉ်တစ်ရပ်ရပ်အရ ဒါရိုက်တာတစ်ဦး သို့မဟုတ် ဆက်နွှယ်သည့်ပုဂ္ဂိုလ်တစ်ဦးဦးထံသို့ အခကြေးငွေများ ပေးချေခြင်း သို့မဟုတ် အခြားအကျိုးခံစားခွင့်များ ပေးအပ်ခြင်းတို့ကို အဆိုပါပုဒ်မခွဲအရ ထပ်မံ ခွင့်ပြုပေးရန်မလို။

(ဃ) ပုဒ်မခွဲ (က) အရ ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုရန်အတွက် ဆန္ဒမဲပေးသော ဒါရိုက်တာများသည် ၎င်းတို့၏ ထင်မြင်ချက်အရ ငွေပေးချေမှု ပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း၊ ချေးငွေထုတ်ပေးခြင်း၊ အာမခံချက်များပေးခြင်း သို့မဟုတ် ပဋိညာဉ်စာချုပ်ချုပ်ဆိုခြင်းများသည် ကုမ္ပဏီ၏ အကျိုးစီးပွားအတွက် အကောင်းဆုံးဖြစ်ကြောင်း၊ ကုမ္ပဏီ၏ရှုထောင့်မှ ကြည့်ပါက နှစ်ဦးနှစ်ဖက် လွတ်လပ်စွာဖြင့် ဘက်လိုက်မှု မရှိသည့် စည်းကမ်းချက်များထက် မလျော့နည်းသည့် စည်းကမ်းချက်များဖြင့် ပြုလုပ်ကြောင်း၊ ဆောင်ရွက်နေသော အခြေအနေများနှင့် ကျိုးကြောင်းညီညွတ်မှုရှိကြောင်း၊ အဆိုပါ ထင်မြင်ယူဆချက်များအတွက် အခြေခံအထောက်အထားများအား ဖော်ပြထားသည့် မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြရမည်။

(င) ငွေပေးချေမှု ပြုလုပ်ခြင်း၊ အကျိုးခံစားခွင့်များပေးခြင်း သို့မဟုတ် အာမခံချက်များ ပေးခြင်းများကို ပုဒ်မခွဲ (က) နှင့်အညီ ဆောင်ရွက်ပြီး အောက်ပါကိစ္စရပ်တစ်ခုခုဖြစ်ပေါ် ခဲ့သည့်အခါတွင် -

(၁) ပုဒ်မခွဲ (က) နှင့် (ဃ) တို့ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်းမရှိလျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ဃ) အရ ထုတ်ပေးသည့် အထောက်အထားလက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများ မရှိခဲ့လျှင် ငွေပေးချေမှုကို လက်ခံခဲ့သည့် သို့မဟုတ် အကျိုးခံစားခွင့်ပေးခြင်းကို ရရှိခဲ့သည့် သို့မဟုတ် အာမခံချက်ပေးခြင်းနှင့် သက်ဆိုင်ခဲ့သည့် ဒါရိုက်တာ သို့မဟုတ် ယခင်က တာဝန်ထမ်းဆောင်ခဲ့သော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ငွေပေးချေခြင်း၊ အကျိုးခံစားခွင့်ပေးခြင်း၊ အာမခံချက်ပေးခြင်းများကို ပြုလုပ်သည့် အချိန်က ယင်းသို့ဆောင်ရွက်မှုများသည် ကုမ္ပဏီအပေါ်မျှတမှုရှိခဲ့ကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ပေးချေထားသည့်ငွေပမာဏ၊ အကျိုးခံစားခွင့်အတွက် တန်ဖိုးငွေပမာဏ သို့မဟုတ် အာမခံချက်အရ ကုမ္ပဏီက ပေးချေခဲ့သည့် ငွေပမာဏများအတွက် ကုမ္ပဏီသို့ တစ်ဦးချင်းအလိုက် မိမိတို့ကိုယ်တိုင် တာဝန်ရှိစေရမည်။

(စ) ချေးငွေထုတ်ပေးခြင်းကို ပုဒ်မခွဲ (က) နှင့်အညီ ဆောင်ရွက်ပြီးအောက်ပါ ကိစ္စရပ်တစ်ခုခု ဖြစ်ပေါ်ခဲ့သည့်အခါတွင် -

(၁) ပုဒ်မခွဲ (က) နှင့် (ဃ) တို့ပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ထားခြင်း မရှိလျှင် သို့မဟုတ်

(၂) ပုဒ်မခွဲ (ဃ) အရ ထုတ်ပေးသည့် တရားဝင်အထောက်အထား လက်မှတ်တွင် ဖော်ပြပါရှိသည့် ထင်မြင်ချက်များအတွက် သင့်လျော်သော အခြေခံအထောက်အထားများ မရှိခဲ့လျှင် ချေးငွေထုတ်ပေးသည့်အချိန်က အဆိုပါချေးငွေကို ပြုလုပ်ခြင်းသည်ကုမ္ပဏီအပေါ် မျှတမှုရှိကြောင်း သက်သေထင်ရှားပြနိုင်သည့် ကိစ္စရပ်မှအပ ချေးငွေနှင့်စပ်လျဉ်း၍ ပြုလုပ်ထားသည့် စည်းကမ်းချက်များ၊ သဘောတူညီချက်များ ရှိစေကာမူ ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသည် ထုတ်ပေးထားသည့်ချေးငွေကို ကုမ္ပဏီသို့ ချက်ချင်းပြန်လည် ပေးဆပ်ရမည်။

(ဆ) ဒါရိုက်တာများသည် ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ်တစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို ကုမ္ပဏီ၏နောက်တစ်ကြိမ်ကျင်းပသော နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီတွင် ပါဝင်သူများထံသို့ သေချာစွာထုတ်ဖော်တင်ပြရမည်။

**ဒါရိုက်တာများ၏ အခကြေးငွေနှင့် ဒါရိုက်တာများ၊ ဆက်နွှယ်သည့် ပုဂ္ဂိုလ်များသို့ ပေးအပ်သည့် အကျိုးခံစားခွင့်များအား ကုမ္ပဏီတွင်ပါဝင်သူများက အတည်ပြုခြင်း**

၁၈၈။ (က) ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များအရ ကုမ္ပဏီတွင် ပါဝင်သူများကအတည်ပြုခဲ့လျှင် ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပါရှိသော ကန့်သတ်ချက်များ၊ ဤဥပဒေနှင့်အခြားသက်ဆိုင်ရာ ဥပဒေ တစ်ရပ်ရပ်တွင်ပါရှိသော သက်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဒါရိုက်တာ တစ်ဦး သို့မဟုတ် အခြားဆက်နွှယ်သည့် ပုဂ္ဂိုလ်တစ်ဦးသို့ ပုဒ်မ ၁၈၇၊ ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသော ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ချေးငွေ၊ အာမခံ ချက် သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ခွင့်ပြုနိုင်သည်။

(ခ) သက်ဆိုင်ရာအစည်းအဝေးကျင်းပရန်အတွက် အကြောင်းကြားစာအား မှတ်ပုံတင်အရာရှိသို့ ပေးပို့ခြင်းမပြုမီ ကုမ္ပဏီသည် အောက်ပါတို့ကို ပေးပို့ တင်ပြရမည်-

(၁) အဆိုပြုမည့် ဆုံးဖြတ်ချက်စာသားများအား ရေးသားဖော်ပြပါရှိသည့် အဆိုပြုအစည်းအဝေး အကြောင်းကြားစာ၊

(၂) ငွေပေးချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊ အာမခံချက် သို့မဟုတ် ပဋိညာဉ် စာချုပ်တစ်ရပ်ရပ်အား လက်ခံရရှိသော ဒါရိုက်တာ သို့မဟုတ် ဆက်နွှယ် သည့် ပုဂ္ဂိုလ်များ၏အသေးစိတ်အချက်အလက်များ၊ အဆိုပါငွေပေး ချေမှု၊ အကျိုးခံစားခွင့်၊ ချေးငွေ၊အာမခံချက် သို့မဟုတ် ပဋိညာဉ်စာချုပ် တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ အပါ အဝင် ဆုံးဖြတ်ချက်ကို မည်သို့မဲပေးဆုံးဖြတ်မည်ဟူသည့်ကိစ္စရပ် အတွက် အရေးပါသော အချက်အလက်များဖြစ်သော ကုမ္ပဏီကသိရှိ ထားသည့် အချက်အလက်များအားလုံးကို ဖော်ပြထားသည့် အဆိုပြု ထားသော ရှင်းလင်းဖော်ပြချက် တစ်စောင်နှင့်

(၃) အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာနှင့်အတူ ပူးတွဲတင်ပြမည့် အခြား စာရွက်စာတမ်းများနှင့် အဆိုပြုထားသော ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အခြားစာရွက်စာတမ်းများ။

(ဂ) မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီမှ ကုမ္ပဏီတွင်ပါဝင်သူများထံသို့ အစည်းအဝေး အကြောင်းကြားစာ ပေးပို့ဆောင်ရွက်နိုင်ခြင်း ရှိ မရှိ ကို ၂၈ ရက်အတွင်း ဆုံးဖြတ်ရမည်။မှတ်ပုံတင်အရာရှိက အကြောင်းကြားစာပေးပို့ရန် အတည်ပြု ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း အတည်ပြုချက်ကို မထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီတွင် ပါဝင်သူများ အား ပေးပို့ဆောင်ရွက်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ အတည်ပြုချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင် အရာရှိသည် ကုမ္ပဏီတွင် ပါဝင်သူများအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟု ယူဆသည့်အခါတွင် ပုဒ်မခွဲ (ခ) အရ တင်ပြသော စာရွက် စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာ ဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင် ရန်အတွက် ကုမ္ပဏီအား ညွှန်ကြားနိုင်သည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂) တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူ အရေးကြီးသော အကြောင်းများရှိခဲ့ကြောင်းနှင့်စပ်လျဉ်း၍ သင့်လျော်သည့် အကြောင်းအရာများကို တွေ့ရှိရလျှင် အစည်းအဝေး အကြောင်းကြားစာ ထုတ်ဝေပေးပို့ခြင်း ငြင်းပယ်နိုင်သည်။

(စ) ဒါရိုက်တာ သို့မဟုတ် သက်ဆိုင်ရာ ဆက်နွှယ်သည့်ပုဂ္ဂိုလ်သည် အထွေထွေ အစည်းအဝေး၌ အခြားပုဂ္ဂိုလ်တစ်ဦးထံမှကိုယ်စားလှယ်အဖြစ် မည်သို့မဲပေး ရမည်ကို ညွှန်ကြားထားလျှင် မှတစ်ပါး ဆုံးဖြတ်ချက်တစ်ရပ်ရပ် ချမှတ်ရန် အတွက် မဲပေးခြင်း မပြုရ။

(ဆ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် ၁၄ ရက်အတွင်း ပုဒ်မခွဲ (က) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့တင်ပြရမည်။

**ဒါရိုက်တာများ၏ အချက်အလက်များနှင့် အခြားအကြောင်းအရာများ**

**ဒါရိုက်တာများ၊ အတွင်းရေးမှူးများနှင့် သက်ဆိုင်သည့် မှတ်တမ်းများ**

၁၈၉။ (က) ကုမ္ပဏီအားလုံးသည် ယင်းတို့၏ မှတ်ပုံတင်ထားသောရုံးခန်း သို့မဟုတ် ယင်းတို့၏ မှတ်ပုံတင်စာရင်းများထားရှိရာ အခြားနေရာ၌ အောက်ပါအချက် အလက်များ ပါဝင်သောဒါရိုက်တာများ၊ အလှည့်ကျဒါရိုက်တာများ၊ အတွင်း ရေးမှူးများနှင့်သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ရပ်ကို ထိန်းသိမ်းထား ရှိရမည် -

(၁) ဒါရိုက်တာ၊ အလှည့်ကျဒါရိုက်တာ သို့မဟုတ် အတွင်းရေးမှူး၏ လက်ရှိ အမည်အပြည့်အစုံ၊ ယခင်အသုံးပြုခဲ့သည့်အမည် အပြည့်အစုံ၊ မွေးနေ့၊ အမြဲတမ်းနေရပ်လိပ်စာ၊ နိုင်ငံ၊ နိုင်ငံသားနှင့်အခြားနိုင်ငံသားအဖြစ် ထပ်မံခံယူထားလျှင် ယင်းနိုင်ငံသား၊ စီးပွားရေးအလုပ်အကိုင်ရှိခဲ့လျှင် ယင်းအလုပ်အကိုင်၊ အခြားဒါရိုက်တာနေရာ သို့မဟုတ် ဒါရိုက်တာ နေရာများကို ရယူထားခြင်းရှိခဲ့လျှင် အဆိုပါနေရာများ၏ အကြောင်း အရာများ၊

*(ဆက်လက်ဖော်ပြပါမည်)*

# ရွှေတိဂုံစေတီတော်ခြေရင်းမှ ဂူဗိမာန်လေးလုံး

## မောင်သာ(ရှေးဟောင်းသုတေသန)

ရန်ကုန်မြို့၏ သင်္ကေတတစ်ခုအဖြစ်သာမက မြန်မာနိုင်ငံ၏ အမှတ်လက္ခဏာတစ်ခုအဖြစ်ပါ ကမ္ဘာအနှံ့ထင်ရှားသည့် ရွှေတိဂုံစေတီတော်ကို လွန်ခဲ့သည့် နှစ် ၂၆၀၀ ကျော်က တည်ထားခဲ့သည်ဟု ယူဆကြသည်။ ရွှေတိဂုံသည် ဗုဒ္ဓဘာသာဆိုင်ရာ ရှေးဟောင်းအဆောက်အအုံတစ်ခုအဖြစ်သာမက တင့်တယ်သပ္ပာယ်သော ရွှေစေတီကြီးတစ်ဆူအဖြစ်ပါ ထင်ရှားသည်။

သိင်္ဂုတ္တရကုန်းမြင့်ပေါ်တွင် ရွှေတိဂုံစေတီတော်ကို တည်ထားခဲ့စဉ်က စေတီတော်ဝန်းကျင်နေရာများတွင် သစ်ပင်သစ်တောများ ဝန်းရံနေခဲ့သည်။ ရန်ကုန်မြို့သည် ခေတ်အဆက်ဆက် မြို့ပြဖွံ့ဖြိုးလာချိန်တွင် စေတီတော်၏ အရပ်မျက်နှာလေးဘက်တွင် မုခ်ဦးတန်ဆောင်းများတည်ဆောက်၍ လမ်းများကိုလည်း ဖောက်လုပ်ခဲ့ကြသည်။

ရွှေတိဂုံစေတီတော် မုခ်အသီးသီး၏ အောက်ခြေမြေကွက်လပ်များတွင် မြန်မာနိုင်ငံ၏ အထင်ကရလူပုဂ္ဂိုလ်များ၏ ဂူဗိမာန်များကို ထားရှိသည့်အနက် စေတီတော်အနောက်မုခ်နှင့် တောင်ဘက်မုခ်အကြားရှိ အာဇာနည်ဗိမာန်သည် အထင်ရှားဆုံးဖြစ်သည်။ ထို့အတူ စေတီတော် တောင်ဘက်မုခ်အဆင်းရှိ ရွှေတိဂုံဘုရားလမ်းအနောက်ဘက်ခြမ်းတွင်လည်း သမိုင်းဝင် ဂူဗိမာန်လေးလုံးကို လေ့လာနိုင်ကြပေသည်။ ဂူဗိမာန်များထားရှိသည့် ယင်းဝင်းခြံအတွင်း၌ သီပေါမင်း၏မိဖုရား စုဖုရားလတ်၊ ငြိမ်းချမ်းရေးခေါင်းဆောင် သခင်ကိုယ်တော်မှိုင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်နှင့် အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်တို့၏ အုတ်ဂူများကို မြင်တွေ့ကြရသည်။

### စုဖုရားလတ် (ခရစ်နှစ် ၁၈၅၉-၁၉၂၅)

မြန်မာနိုင်ငံသမိုင်းတွင် နောက်ဆုံးဘုရင်ဖြစ်သည့် သီပေါမင်း၏ကြင်ယာတော် စုဖုရားလတ်ကို ခရစ်နှစ် ၁၈၅၉ ခုနှစ် ဧပြီလ ၁၂ ရက်တွင် မင်းတုန်းမင်းနှင့် အလယ်နန်းတော်မိဖုရား ဆင်ဖြူမရှင်တို့က ဒုတိယမြောက်သမီးတော်အဖြစ် ဖွားမြင်ခဲ့သည်။ သီရိပဝရ တိလောကမင်္ဂလာ မဟာရတနာဒေဝီဘွဲ့ခံ စုဖုရားလတ်၏ မယ်တော် ဆင်ဖြူမရှင်သည် ကုန်းဘောင်ဆက်ဘုရင် စစ်ကိုင်းမင်းနှင့် နန်းမတော်မယ်နုတို့၏ သမီးဖြစ်ပြီး မြန်မာသမိုင်းတွင် ပုဂံခေတ်က ဖွားစော၊ ကုန်းဘောင်ခေတ်တွင် နန်းမတော်မယ်နုနှင့် စုဖုရားလတ်တို့သည် အထင်ရှားဆုံးမိဖုရားများ ဖြစ်ခဲ့သည်။

သီပေါမင်းသည် မင်းတုန်းမင်းနှင့် လောင်းရှည်မိဖုရားတို့၏ သားတော်ဖြစ်ပြီး ခမည်းတော်တူ၍ မယ်တော်ကွဲသည့် နှမဖြစ်သူ စုဖုရားလတ်နှင့် လက်ဆက်ခဲ့ကာ မင်းတုန်းမင်းနတ်ရွာစံပြီးနောက် ခရစ်နှစ် ၁၈၇၈ ခုနှစ်တွင် ကုန်းဘောင်ဘုရင် ဖြစ်လာခဲ့သည်။

သီပေါမင်းသည် ရတနာပုံမန္တလေးတွင် ခုနစ်နှစ်ကြာ နန်းစံခဲ့ပြီး ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှတို့က နန်းမှချကာ အိန္ဒိယသို့ ပို့ဆောင်ခဲ့သဖြင့် မိဖုရားဖြစ်သူ စုဖုရားလတ်လည်း လိုက်ပါသွားခဲ့ရသည်။ ထိုအချိန်တွင် သီပေါမင်းသည် အသက် ၂၇ နှစ်၊ စုဖုရားလတ်က အသက် ၂၆ နှစ်အရွယ်သာ ရှိခဲ့ကြသည်။

ကုန်းဘောင်ဆက် နောက်ဆုံးဘုရင်နှင့် မိဖုရားတို့သည် အိန္ဒိယနိုင်ငံတွင် နှစ် ၃၀ ကြာ နေခဲ့ကြရပြီး သီပေါမင်းသည် ၁၉၁၆ ခုနှစ်တွင် ရတနာဂီရိ၌ နတ်ရွာစံခဲ့သည်။ ဗြိတိသျှအစိုးရက သီပေါမင်း၏ရုပ်အလောင်းကို မြန်မာနိုင်ငံသို့ သယ်ယူခွင့်မပြုသဖြင့် အိန္ဒိယနိုင်ငံ၌ပင် သင်္ဂြိုဟ်မြှုပ်နှံခဲ့ရသည်။ ဗြိတိသျှအစိုးရသည် စုဖုရားလတ်ကို ၁၉၁၉ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ပြန်ခွင့်ပြုခဲ့ပြီး ရန်ကုန်မြို့တွင်နေထိုင်စေခဲ့ကာ မန္တလေးသို့ သွားခွင့်မပြုခဲ့ချေ။ စုဖုရားလတ်သည် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီးနောက် သခင်ကိုယ်တော်မှိုင်းက အကြံဉာဏ်များပေးခဲ့သည်။ သခင်ကိုယ်တော်မှိုင်းသည် အသက်ကိုးနှစ်အရွယ်က သီပေါမင်းနှင့် စုဖုရားလတ်တို့ ပါတော်မူသည့် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် အရှင်နှစ်ပါးကို ဗြိတိသျှတပ်များက ရေဝတီမြစ်ဆိပ်ရှိ သူရိယသင်္ဘောသို့ ခေါ်ဆောင်သွားပုံကို မန္တလေးမြို့ မြတောင်ကျောင်းတိုက် စာတော်ဝန်ဦးစံကျောင်းပေါ်မှ ကိုယ်တိုင်မြင်တွေ့ခဲ့သည်။

စုဖုရားလတ်သည် အသက် ၆၆ နှစ်အရွယ် ၁၉၂၅ ခုနှစ် နိုဝင်ဘာ ၂၄ ရက် အင်္ဂါနေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ရာ ဆွေတော်မျိုးတော်များက မန္တလေးမြို့တွင်မြှုပ်နှံရန် ဆန္ဒရှိခဲ့သော်လည်း ဗြိတိသျှအစိုးရက ခွင့်မပြုခဲ့ဘဲ ဈာပနကျင်းပသည့်နေ့ကို ရုံးပိတ်ရက်အဖြစ် ကြေညာပေးခဲ့သည်။ စုဖုရားလတ်၏ရုပ်ကလာပ်ကို ယခုထားရှိသောနေရာတွင် မြှုပ်နှံသည့် အခမ်းအနားသို့ သံဃာတော်အပါး ၉၀ ကြွရောက်ခဲ့သည်။ စုဖုရားလတ်၏ ဈာပနအခမ်းအနားသို့ ဗြိတိသျှဝန်ရှင်တော်မင်းကြီး ဆာဟာကုတ်ဘတ္တလာ တက်ရောက်ခဲ့ကာ ရုပ်ကလာပ်ကို ထီးဖြူရှစ်လက်မိုးလျက် ဂုဏ်ပြုသေနတ်အချက် ၃၀ ပစ်ဖောက်ခဲ့သည်။

သီပေါမင်းနှင့် စုဖုရားလတ်တို့သည် သားတော်တစ်ပါးနှင့် သမီးတော်လေးပါး ထွန်းကားခဲ့သည်။ ယခုအခါ စုဖုရားလတ်၏ ဂူဗိမာန်ပတ်လည်တွင် ကွယ်လွန်ခဲ့သည့် ဆွေတော်မျိုးတော်ခြောက်ဦး၏ အုတ်တိုင်မှတ်တမ်းများ စိုက်ထူထားသည်။

### သခင်ကိုယ်တော်မှိုင်း (ခရစ်နှစ် ၁၈၇၆-၁၉၆၄)

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားသည့် ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို ခရစ်နှစ် ၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက်(မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ ရက်)တွင် အဖ ဦးစံဒွန်း၊ အမိ ဒေါ်အုန်းတို့က ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးလယ်ရွာတွင် ဖွားမြင်ခဲ့သည်။ မွေးချင်း ငါးယောက်အနက် ဒုတိယမြောက်ဖြစ်ပြီး ငယ်နာမည်မှာ မောင်လွန်းမောင်ဖြစ်သည်။ ငယ်စဉ်က ကျီးသဲလေးထပ်ဆရာတော်ကြီးထံတွင် ပညာသင်ယူခဲ့ပြီး မန္တလေးမြတောင်ကျောင်းတွင် ရှင်ပဏ္ဍိတဘွဲ့အမည်ဖြင့် ကိုရင်ဝတ်ခဲ့ကာ စစ်ကိုင်း၊ ချောင်းဦး၊ အလုံ၊ မောင်းထောင်၊ ဘုတလင်၊ ကန္နီဒေသများတွင် ပညာသင်ယူခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ကာ ၁၉၀၃ ခုနှစ်တွင် အိမ်ထောင်ကျခဲ့သည်။

သခင်ကိုယ်တော်မှိုင်းသည် ဇာတ်စာအုပ်များနှင့် ပြဇာတ် အပုဒ် ၈၀ ရေးသားပြီးနောက် ၁၉၁၂ ခုနှစ် ဝန်းကျင်တွင် ခေတ်ပညာတတ် မြန်မာလူငယ်များအကြား၌ အင်္ဂလိပ်ကိုအထင်ကြီးလျက် အမည်ရှေ့၌ မစ္စတာတပ်ခြင်း ခေတ်စားချိန်တွင် ချဉ်ပေါင်ရွက်သည်မောင်မှိုင်း ဝတ္ထုထဲမှ လူရှုပ်လူပွေမောင်မှိုင်း၏အမည်ကို ယူ၍ မစ္စတာမောင်မှိုင်းအမည်ဖြင့် သူရိယသတင်းစာတွင် ဆောင်းပါးများရေးသားခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် သူရိယသတင်းစာ၌ အယ်ဒီတာလုပ်နေရာမှ စားဝတ်နေရေးအခက်အခဲများရှိသည့်တိုင် သပိတ်မှောက်ကျောင်းသားများကိုစွသည် အမျိုးသားရေးကိစ္စဟု ယူဆကာ သတင်းစာမှထွက်၍ ဗဟန်းအမျိုးသားကောလိပ်တွင် မြန်မာစာပေနှင့် ရာဇဝင်ဘာသာရပ်များ ပို့ချသင်ကြားသည့်တာဝန်ကို ယူခဲ့သည်။ ၁၉၂၁ ခုနှစ်တွင် ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသားအား ဂုဏ်ပြုသည့်ရတုကို ဉာဏ်ပူဇော်ခ ၁၀၀၀ ကျပ်ဖြင့် ရေးပေးရန် ဦးမေအောင်က ပန်ကြားခဲ့ခြင်းကို ငြင်းပယ်ခဲ့သည်။ ထိုအချိန်က ငွေတန်ဖိုးသည် ရွှေတစ်ကျပ်သားဝယ်လျှင် မြန်မာငွေ ၁၀ ကျပ်သာပေးရသည့် အချိန်ဖြစ်ရာ များပြားလှသည့်ငွေကြေးကို တိုင်းတစ်ပါးသားအား ဂုဏ်ပြုရမည့် စာတစ်ပုဒ်နှင့် မလဲခဲ့သည့် သခင်ကိုယ်တော်မှိုင်း၏လုပ်ရပ်သည် အားကျဂုဏ်ယူဖွယ် ထင်ရှားခဲ့ပေသည်။

သခင်ကိုယ်တော်မှိုင်းသည် ဆရာစံ တောင်သူလယ်သမားအရေးတော်ပုံ ပေါ်ပေါက်ခဲ့သည့် ၁၉၃၀ ပြည့်နှစ်တွင်လည်း သူရိယသတင်းစာ၌ ဂဠုန်ဒီပနီ ဆောင်းပါးများရေးကာ တောင်သူလယ်သမားများဘက်မှ ရပ်တည်ခဲ့သည်။

ရေနံချောင်းမြို့၌ ၁၉၃၄ ခုနှစ်တွင်ကျင်းပခဲ့သည့် ပထမအကြိမ် သခင်များညီလာခံက သခင်ကိုယ်တော်မှိုင်းကို တို့ဗမာအစည်းအရုံး နာယကအဖြစ် တင်မြှောက်ခဲ့သည်။ ထိုအချိန်မှစ၍ မစ္စတာမောင်မှိုင်းမှ သခင်ကိုယ်တော်မှိုင်းအမည်သို့ ပြောင်းလဲခဲ့သည်။ သခင်ကိုယ်တော်မှိုင်းသည် တို့ဗမာအစည်းအရုံး နာယကအဖြစ် မြန်မာနိုင်ငံတစ်ဝန်းတွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးတရားများ ဟောခဲ့သည်။

၁၉၄၁ ခုနှစ်တွင် ဗြိတိသျှတို့၏ ဖမ်းဝရမ်းထုတ်ခြင်း ခံရသဖြင့် တိမ်းရှောင်ခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးကာလ (ခရစ်နှစ် ၁၉၄၄-၁၉၄၅)တွင်လည်း သခင်ကိုယ်တော်မှိုင်းသည် တပည့် သခင်များနှင့်အတူ ရှောင်တိမ်းပုန်းအောင်းနေခဲ့ရသည်။

သခင်ကိုယ်တော်မှိုင်းသည် ငြိမ်းချမ်းရေးဆောင်ရွက်မှုအဖြစ် ၁၉၅၃ ခုနှစ်တွင် တရုတ်နိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ ဟန်ဂေရီနိုင်ငံနှင့် ဆိုဗီယက်ယူနီယံနိုင်ငံတို့သို့ ခရီးလှည့်လည်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် သီဟိုဠ်နှင့် အိန္ဒိယနိုင်ငံတို့တွင် ငြိမ်းချမ်းရေးကွန်ဖရင့် တက်ရောက်ခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် အရှေ့ဂျာမနီ ဟမ်းဘတ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ရရှိခဲ့သည်။

ပြည်တွင်းငြိမ်းချမ်းရေး ဖခင်ကြီးတစ်ဦးအဖြစ် ထင်ရှားသည့် သခင်ကိုယ်တော်မှိုင်းသည် ၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်တွင် ကွယ်လွန်ခဲ့ရာ ကြွင်းကျန်သည့်ရုပ်ကလာပ်ကို ရွှေတိဂုံစေတီတော်တောင်ဘက်မုခ် ခြေတော်ရင်းတွင် မြှုပ်နှံခဲ့သည်။ ဆရာကြီးသည် စာအုပ် ၅၉ အုပ် ရေးသားကာ စာအုပ် ၁၅ အုပ်ကို တည်းဖြတ်ထုတ်ဝေခဲ့သည်။

### ဦးသန့်(ခရစ်နှစ် ၁၉၀၉-၁၉၇၄)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ တတိယမြောက် အထွေထွေအတွင်းရေးမှူးချုပ်တာဝန်ကို ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ သက်တမ်းနှစ်ကြိမ် ထမ်းဆောင်ခဲ့သူ ဦးသန့်သည် အာရှတိုက်သားများအနက် ပထမဆုံး ကုလအတွင်းရေးမှူးချုပ် ဖြစ်ခဲ့သည့် မြန်မာ့ဂုဏ်ဆောင် သံတမန်တစ်ဦးဖြစ်သည်။

ဦးသန့်ကို ၁၉၀၉ ခုနှစ် ဇန်နဝါရီ ၂၂ ရက်တွင် အဖ ဦးဖိုးနှစ်၊ အမိ ဒေါ်နန်းသောင်တို့က ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းလေးဦးအနက် အကြီးဆုံးဖြစ်ကာ မိဘများသည် မြေပိုင်ရှင်နှင့် ဆန်ကုန်သည်များ ဖြစ်ကြသည်။ ဦးသန့်၏ဖခင် ဦးဖိုးနှစ်သည် ကာလကတ္တားမြို့တွင် ပညာသင်ယူခဲ့သူတစ်ဦးဖြစ်သဖြင့် ဦးသန့်သည် ဖခင်ဖြစ်သူထံမှ အင်္ဂလိပ်စာနှင့် စာပေဗဟုသုတများကို သင်ယူခွင့်ရရှိခဲ့သည်။

ဦးသန့်သည် ရန်ကုန်တက္ကသိုလ်တွင် ပညာသင်ယူပြီးနောက် ပန်းတနော်မြို့အမျိုးသားကျောင်းတွင် တာဝန်ထမ်းဆောင်ကာ ကျောင်းအုပ်ဖြစ်လာခဲ့သည်။ ထိုအချိန်တွင် မအူပင်ပညာအုပ် ဦးနုနှင့် ခင်မင်ရင်းနှီးခဲ့ကာ ဦးနု ဝန်ကြီးချုပ်ဖြစ်လာချိန် ၁၉၄၈ ခုနှစ်တွင် ဦးသန့်အား အသံလွှင့်ဌာန ညွှန်ကြားရေးဝန်အဖြစ် တာဝန်ပေးခဲ့သည်။ နောက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၏ အတွင်းရေးမှူး ဖြစ်လာခဲ့ကာ နိုင်ငံတကာအစည်းအဝေးများကို တက်ရောက်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ ဘန်ဒေါင်းမြို့တွင် ကျင်းပခဲ့သည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ထူထောင်ရေး ပထမအကြိမ် အာရှ-အာဖရိကနိုင်ငံများ ညီလာခံတွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

ဦးသန့်သည် ၁၉၅၇ ခုနှစ်တွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ပေးအပ်ခြင်းခံရပြီး ၁၉၆၁ ခုနှစ်အထိ မြန်မာသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဒက်ဟမ်းမားရှိုး ရုတ်တရက်ကွယ်လွန်ခဲ့ပြီးနောက် ဦးသန့်အား ၁၉၆၁ ခုနှစ် နိုဝင်ဘာ ၃ ရက်မှစ၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် အထွေထွေညီလာခံက ယာယီအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ထို့နောက် ၁၉၆၂ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ဦးသန့်ကို အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။




ဦးသန့်သည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ပထမအကြိမ်သက်တမ်းအတွင်း ကျူးဘားဒုံးကျည်ပြဿနာနှင့် ကွန်ဂိုပြည်တွင်းစစ် အရေးတို့ကို အောင်မြင်စွာ ဖြေရှင်းပေးခဲ့သည်။ ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်တွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဒုတိယသက်တမ်း ဆက်လက် ထမ်းဆောင်ရန် ခန့်အပ်ခံရသည်။ ဦးသန့်သည် နိုင်ငံတကာအရေးများတွင် ကြားဝင်စေ့စပ်မှုများစွာကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ အထူးသဖြင့် ဒုတိယသက်တမ်းအတွင်း အာရပ်-အစ္စရေး ခြောက်ရက်စစ်ပွဲ(၁၉၆၇ ခုနှစ်)၊ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ(၁၉၇၁ ခုနှစ်) တို့ကို အေးငြိမ်းစေရန် ဖြေရှင်းပေးခဲ့သည်။ ဗီယက်နမ်စစ်ပွဲကို ပြစ်တင်ဝေဖန်ခဲ့သဖြင့် အမေရိကန်အစိုးရနှင့် ဆက်ဆံရေး အဆင်မပြေ ဖြစ်ခဲ့သည်။

ဦးသန့်သည် မိမိသက်တမ်းမကုန်မီ ၁၀ ရက်အလို ၁၉၇၁ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်တွင် အတွင်းရေးမှူးချုပ်အသစ် ကွတ်ဝါးလ်ဟိုင်းကို တာဝန်များ လွှဲပြောင်းပေးခဲ့သည်။ ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်တွင် ဦးသန့်သည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကွယ်လွန်ခဲ့ပြီးနောက် သူ၏ရုပ်အလောင်းကို မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်ခဲ့သည်။ ထိုအချိန်တွင် နိုင်ငံရေးရှုပ်ထွေးမှုများ ဖြစ်ပေါ်ခဲ့ပြီးနောက် ဦးသန့်၏ရုပ်အလောင်းကို ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်တွင် ရွှေတိဂုံစေတီတော် ခြေတော်ရင်း၌ မြှုပ်နှံခဲ့သည်။ ဦးသန့်သည် ဒေါ်သိန်းတင်နှင့် လက်ထပ်ခဲ့ကာ သားသမီးသုံးဦး ထွန်းကားခဲ့သည်။

### ဒေါ်ခင်ကြည် (ခရစ်နှစ် ၁၉၁၂-၁၉၈၈)

မြန်မာနိုင်ငံ၏အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်ကို ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ အဖ ဦးမိုးညှင်း၊ အမိ ဒေါ်စုတို့က ၁၉၁၂ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ဖွားမြင်ခဲ့သည်။ မွေးချင်းကိုးဦးအနက် သတ္တမဖြစ်သည်။ မြောင်းမြ၊ ကြည့်မြင်တိုင်နှင့် မော်လမြိုင်မြို့တို့တွင် ပညာသင်ယူခဲ့ပြီး မြောင်းမြအမျိုးသားအထက်တန်းကျောင်းတွင် စေတနာ့ဝန်ထမ်းဆရာမအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ဝါသနာအရ သူနာပြုဆရာမအလုပ်ကို ရွေးချယ်ခဲ့သည်။ စစ်မဖြစ်မီက ရန်ကုန်ဆေးရုံကြီးတွင် သူနာပြုတာဝန် ထမ်းဆောင်ခဲ့သည်။

ရန်ကုန်မြို့ ဗုံးဒဏ်သင့်ခံရပြီးနောက် ဒဏ်ရာရလူနာများကို ကာလာကတ္တားသို့ ပို့ဆောင်ရာတွင် စေတနာ့ဝန်ထမ်း လိုက်ပါဆောင်ရွက်ခဲ့ပြီး အိန္ဒိယမှ မြန်မာနိုင်ငံသို့ နောက်ဆုံးထွက်သည့်သင်္ဘောဖြင့် ပြန်လာခဲ့သည်။ ရန်ကုန်ဆေးရုံကြီးတွင် ဂျပန်များ တပ်စွဲထားသဖြင့် ဂေါ်ရာကုန်းရှိ ဒိုင်အိုစီဒင် မိန်းကလေးကျောင်းသည် ဒေါက်တာဘမော်လက်ထက်တွင် ရန်ကုန်ဆေးရုံကြီး ဖြစ်လာခဲ့ရာ ဒေါ်ခင်ကြည်သည် ယင်းဆေးရုံတွင် အမှုထမ်းနေစဉ် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆုံစည်းခဲ့ပြီး ၁၉၄၂ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် လက်ထပ်ထိမ်းမြားခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကျဆုံးပြီးနောက် ဒေါ်ခင်ကြည်သည် ဗိုလ်ချုပ်အောင်ဆန်း၏ မဲဆန္ဒနယ်တွင် လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဩဂုတ် ၂ ရက်တွင် ဗိုလ်ချုပ်ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း လိုက်နာကျင့်ဆောင်ကြပါရန် လူထုပန်ကြားလွှာကို ထုတ်ပြန်ခဲ့သည်။

ဒေါ်ခင်ကြည်သည် ၁၉၄၇ ခုနှစ်မှ ၁၉၅၃ ခုနှစ်အထိ မြန်မာအမျိုးသမီးညွှန်ကြားရေးဝန်အဖြစ်လည်းကောင်း၊ ၁၉၅၃ ခုနှစ်မှ ၁၉၅၈ ခုနှစ်အထိ လူမှုဝန်ထမ်းစီမံကိန်းကော်မရှင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါ်ခင်ကြည်သည် ကျန်းမာရေး လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ တက်ရောက်ခဲ့ရာ ကိုလံဘို ညီလာခံတွင် ညီလာခံသဘာပတိအဖြစ် တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။

ဒေါ်ခင်ကြည်သည် ၁၉၆၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဖြစ်လာခဲ့ကာ နီပေါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ်ပါ ပူးတွဲတာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးသံအမတ်ကြီးအဖြစ် ခုနစ်နှစ်တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် အငြိမ်းစားယူခဲ့ကာ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် ၇၆ နှစ်ရှိပြီဖြစ်ကာ ဒေါ်ခင်ကြည်သည် တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့မှုကြောင့် ပြည်တွင်းပြည်ပ ဆုတံဆိပ်များကို ရရှိခဲ့သည်။

မြန်မာနိုင်ငံ၏အထင်ကရ ရွှေတိဂုံစေတီတော်၏ခြေရင်းတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ၏ ဂူဗိမာန်များထားရှိသည့် အာဇာနည်ဗိမာန် တည်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏ အထင်ကရပုဂ္ဂိုလ်လေးဦး၏ ဂူဗိမာန်များလည်း တည်ရှိနေပေသည်။ မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားခဲ့သည့်ပုဂ္ဂိုလ်များ၏ ဂူဗိမာန်များကို ပြည်တွင်းပြည်ပမှ ရွှေတိဂုံစေတီတော်သို့ လာရောက်ကြသူများ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ရန် ဗိမာန်ဝင်းကို နေ့စဉ် ဖွင့်လှစ်ထားလျက်ရှိပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းများ**

“၁၉၂၁ ခုနှစ်တွင် ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသားအား ဂုဏ်ပြုသည့်ရတုကို ဉာဏ်ပူဇော်ခ ၁၀၀၀ ကျပ်ဖြင့် ရေးပေးရန် ဦးမေအောင်က ပန်ကြားခဲ့ခြင်းကို ငြင်းပယ်ခဲ့သည်၊ ထိုအချိန်က ငွေတန်ဖိုးသည် ရွှေတစ်ကျပ်သားဝယ်လျှင် မြန်မာငွေ ၁၀ ကျပ်သာပေးရသည့် အချိန်ဖြစ်ရာ များပြားလှသည့်ငွေကြေးကို တိုင်းတစ်ပါးသားအားဂုဏ်ပြုရမည့် စာတစ်ပုဒ်နှင့် မလဲခဲ့သည့် သခင်ကိုယ်တော်မှိုင်း၏လုပ်ရပ်သည် အားကျဂုဏ်ယူဖွယ် ထင်ရှားခဲ့ပေသည်”

# ရွှေမဥ္ဇူရေလယ်ဘုရားကြီးကို လုံးတော်ပြည့်ရွှေသင်္ကန်းအသစ် လှူဒါန်းမည်

**မိုးညှင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ နိုင်ငံတော်အဆင့်စာရင်းဝင် သမိုင်းဝင် ရွှေမဥ္ဇူရေလယ်ဘုရားကြီးကို ရွှေသင်္ကန်းတော်အသစ် ပြန်လည်ကပ်လှူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေလယ်ဘုရားကြီးကို ၂၀၀၆ ခုနှစ်က ပထမအကြိမ် ရွှေသင်္ကန်းကပ်လှူခဲ့ကြပြီး ယခုနှစ်တွင် ဒုတိယအကြိမ် ပြန်လည်လှူဒါန်းရန် စီစဉ်နေခြင်းဖြစ်ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က ပြောသည်။ "အရင်က ရွှေသင်္ကန်းကပ်လှူခဲ့တာဟာ ၁၁ နှစ်တိုင်အောင် ကြာခဲ့ပါပြီ၊ အခုအချိန်မှာ အဲဒီရွှေသင်္ကန်းတွေက အရောင်အဝါ မှေးမှိန်နေကြပြီဖြစ်လို့ ရွှေမဥ္ဇူရေလယ်ဘုရားကြီးရဲ့ ထီးတော်နဲ့ စေတီတော်တွေအားလုံးအပါအဝင် လုံးတော်ပြည့်ရွှေသင်္ကန်းအသစ်ကပ်လှူပူဇော်နိုင်ဖို့ ဆောင်ရွက်နေကြတာပါ၊ ရွှေသင်္ကန်းတော်ကပ်လှူပူဇော်လိုပါက သဒ္ဒါစိတ် တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါတယ်"ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။



ရွှေသင်္ကန်းကပ်လှူရန်အတွက် မိုးညှင်းမြို့နယ် သံဃနာယကအဖွဲ့ဝင်ဆရာတော် ဘဒ္ဒန္တတေဇနိယ ဦးဆောင်၍ ဆရာတော်များ၊ ဘုရားကြီး ဂေါပကများက ပြင်ဆင်နေကြကာ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်တို့က ကြီးကြပ်၍ ဘုရားဖူးများ စိတ်ချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားပွဲတော်စတင်ကျင်းပမည့် ၂၀၁၈ ဇန်နဝါရီ ၂၂ ရက်မတိုင်မီ ရွှေသင်္ကန်းကပ်လှူမှုပြီးစီးအောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

အင်းတော်ကြီးရေလယ်ဘုရားကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရာတွင် ဘုရားကြီးထီးတော်အတွက် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ ပါ အဆိုင်း ၅၀၊ ပင်မစေတီတော်အတွက် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ ပါ အဆိုင်းပေါင်း ၃၉၄၀၊ အရန်စေတီငယ်ရှစ်ဆူအတွက် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ ပါ ၁၂၈ ဆိုင်း၊ အရန်စေတီအလတ် ၂၄ ဆူအတွက် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ ပါ ၅၀၄ ဆိုင်း၊ အရန်စေတီကြီး လေးဆူအတွက် နှစ်လက်မပတ်လည်ရွှေဆိုင်း အရွက် ၁၀၀ ပါ ၁၄၈ ဆိုင်း၊ ရင်ပြင်တော်ရှိ အရန်စေတီလေးဆူအတွက် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ ပါ အဆိုင်း၄၈၀ စုစုပေါင်း ရွှေဆိုင်း ၄၈၀၀ ကို ဘုရားပွဲတော်မစတင်မီ အချိန်ကိုက်ကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေးကပြောသည်။

မြန်မာတစ်နိုင်ငံလုံးမှ လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် နှစ်လက်မပတ်လည် ရွှေဆိုင်း အရွက် ၁၀၀ပါ တစ်ဆိုင်းလျှင် ငွေကျပ် ၅၄၀၀၀ နှုန်းဖြင့် ပါဝင်လှူဒါန်းနိုင်ကြပြီး ချောင်းဝဆရာတော် ဖုန်း-၀၉ ၄၇၀၀၇၄၃၅၊ ဘုရားကြီးဂေါပက ဦးတင်အောင် ဖုန်း-၀၉ ၂၅၇၅၄၁၇၆၄၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်လေး ဖုန်း-၀၉၈၉၆၇၀၆၂၁၂ နှင့် မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင် ဖုန်း-၀၉ ၂၂၀၈၆၃ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သိရသည်။

**မင်းမင်းဦး**

# သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဘဏ္ဍာငွေရှာဖွေရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များနှင့် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပမည့် မြန်မာ-ထိုင်း ချစ်ကြည်ရေးသံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပတ်သက်၍ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၃ ရက်က ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ မြို့လယ်ဓမ္မာရုံ၌ ပြုလုပ်သည်။

အစည်းအဝေးတွင် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးအေးမောင်က အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မဟာမြတ်မုနိဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းက အလှူခံတာဝန်ယူထားသူများအနေဖြင့် အလှူငွေများလက်ခံရာတွင် ဖြတ်ပိုင်းနှင့် တိကျစွာရေးသွင်းလက်ခံ၍ လက်ခံရရှိသည့် အလှူငွေများကို ဇန်နဝါရီ ၁ ရက်မှစတင်ကာ ၁၀ ရက်နေ့နောက်ဆုံးထား၍ ကော်မတီရုံးဖွင့်လှစ်သည့်နေရာတွင် အဖွဲ့ဝင်တာဝန်ရှိသူများထံ အပ်နှံပေးကြရန်နှင့် ဘဏ္ဍာငွေစာရင်းကို UAB ဘဏ်တွင် စာရင်းဖွင့်လှစ်ရန်၊ ဝတ္ထုငွေလောင်းလှူရေး ကိစ္စအဝဝအတွက် သုံးစွဲရမည့်ငွေများကို ခေါင်းစဉ်အလိုက် အသေးစိတ် စာရင်းပြုလုပ်ထားရန်တို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် တက်ရောက်လာကြသောအဖွဲ့ဝင်များက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

မြန်မာ-ထိုင်း ချစ်ကြည်ရေး သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ ၂၁ နံနက်တွင် ချမ်းမြသာစည်လေဆိပ်၌ ကျင်းပမည်ဖြစ်ပြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲအတွက် ထိုင်းနိုင်ငံ ဓမ္မကာယဖောင်ဒေးရှင်းက အလှူငွေ ကျပ်သိန်း ၄၀၀၀ မတည်လှူဒါန်း၍ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များ ပူးပေါင်းကာ သံဃာတော်အပါး ၂၀၀၀၀ အား တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေ ကျပ်သုံးသောင်းစီနှင့် ဆွမ်းဟင်းများ၊ အခြားလှူဖွယ်ပစ္စည်းများကို စုပေါင်းလောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆွမ်းလောင်းပွဲကြီး၌ သံဃာတော်များနှင့် ဧည့်ပရိသတ်များ အဆင်ပြေစေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရက ဦးဆောင်ကာ လုပ်ငန်းကော်မတီအသီးသီးကို စနစ်တကျ ဖွဲ့စည်းထားရှိပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေကြပြီဖြစ်သည်။ ဆွမ်းလောင်းပွဲကြီးတွင် ပါဝင်လှူဒါန်းလိုသော အနယ်နယ်အရပ်ရပ်မှ အလှူရှင်များအနေဖြင့်လည်း ဖုန်း ၀၉- ၃၃၃၁၀၀၀၀၊ ၀၉ - ၂၅၉၀၉၀၉၀၉ တို့သို့ ဆက်သွယ်ကာ ပါဝင်လှူဒါန်းနိုင်ကြကြောင်း ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌထံမှ သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ဆည်ကြီးအင်းရေကျဆင်းမှုမရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ အခက်တွေ့နေ

**ကသာ ဒီဇင်ဘာ ၂၅**

ကသာမြို့နယ် ဧရာဝတီမြစ် အရှေ့တောင်ဘက်ရှိ ဒေသများ၌ ဆည်ကြီးအင်းရေကျဆင်းမှုမရှိ၍ သီးနှံစိုက်ပျိုးကြသူများ၊ လယ်ယာလုပ်ကိုင်မည့်တောင်သူများ စိုက်ပျိုးရေးအတွက် အခက်အခဲဖြစ်နေသလို အင်းအတွင်း ငါးလုပ်ငန်းလုပ်ကိုင်မည့်သူများလည်း အခက်အခဲများဖြစ်ပေါ်နေကြောင်း သိရသည်။

ဆည်ကြီးအင်း၏ ပတ်လည်တွင် ဘွက်ရွာ၊ ဆည်ကြီးရွာ၊ ဒေါင့်ကြီးရွာ၊ ကလုံးရွာနှင့် အင်းရွာလေးကျေးရွာတို့ရှိပြီး ထိုရွာများမှ လယ်ယာများတွင် အင်းရေဝင်နေကာ ရေပြန်မထွက်သည့်အတွက် စပါးစိုက်ပျိုးချိန် ရောက်ရှိနေသော်လည်း စိုက်ပျိုးရန် အခက်အခဲဖြစ်နေကြောင်း၊ ရေကျဆင်းရေးအတွက် ရေနုတ်မြောင်းများဖောက်ရန်လည်း အခက်အခဲများဖြစ်ပေါ်နေကြောင်း ဆည်ကြီးအင်းအနီးရှိ ဆည်ကြီးကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။ အဆိုပါကျေးရွာများတွင် ပုလဲသွယ်၊ ဆင်းရွှေဝါ၊ ဆင်းရတနာ စပါးများကို အဓိကစိုက်ပျိုးကြပြီး လယ်ယာမြေပုံစံ(၇) ရရှိထားပြီးသည့်အကွက် ဧက ၂၀၀၀ ကျော်ခန့် ရှိကာ အများစုမှာ အင်းရေကျဆင်းခြင်းမရှိ၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန် နှောင့်နှေးနေကြောင်းလည်း ၎င်းက ဆိုသည်။

အင်းပတ်လည်ရှိ အဆိုပါကျေးရွာအများစုအနီးမှာ ယခင်က ထူပိတ်နေသော တောကြီးရှိရာ စိုစွတ်သောကျေးရွာများဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အလွန်ကောင်းသောမြေများကို ပိုင်ဆိုင်သည့်ဒေသဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် စိုက်ပျိုးရေးချဲ့ထွင်ရန်အတွက် သစ်ပင်ကြီးများခုတ်လှဲ၍ လယ်ယာမြေဖော်ထုတ်ခြင်း၊ စိုက်ခင်းတိုးချဲ့ခြင်းတို့ လုပ်ကိုင်ကြရာ သစ်ပင်ကြီးများမရှိခြင်းနှင့်အတူ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်းနှင့် အင်းရေထွက်ပေါက်များ ပိတ်လာခြင်းတို့ကြောင့် ဒေသ၏ စိုက်ပျိုးရေးလုပ်ငန်းများကို ထိခိုက်လာစေခြင်းဖြစ်နိုင်ကြောင်း ဒေသခံတစ်ဦးက သုံးသပ်ပြောကြားသည်။



အဆိုပါကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ ကသာမြို့နယ် ဆည်မြောင်း ဦးစီးမှူးနှင့် ကျေးရွာငါးရွာရှိ အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ ဒီဇင်ဘာ ၂၁ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အင်းရေထွက်ပေါက်ပိတ်ဆို့နေသော နေရာအချို့ကိုရှင်းလင်းကာ ရေထွက်ပေါက်ပြုလုပ်ပေးနိုင်ရန် လှည့်လည်ကြည့်ရှုခဲ့ကြသည်။ အင်းရေထွက်အောင် ဆောင်ရွက်ရန် လိုအပ်သည်များကို ပံ့ပိုးကူညီမှုများပေးသွားမည်ဖြစ်ကာ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန် လွှတ်တော်ကိုယ်စားလှယ်က ပြောကြားခဲ့ပြီး လာမည့်နှစ်တွင် သီးနှံပိုမိုစိုက်ပျိုးနိုင်ရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေ ရှာဖွေပေးနေသော အင်းလုပ်သားများလည်း အဆင်ပြေစေရန် ပံ့ပိုးကူညီမှုများပေးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

**ငွေအိုး(ကသာ)**

# မြစ်ရေတိုက်စားမှုနှင့် တာတမံအသစ်တည်ဆောက်မှုကို ကွင်းဆင်းစစ်ဆေး

**ဇလွန် ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အထွဋ္ဌကျေးရွာအုပ်စုနှင့် သာခုချောင်းကျေးရွာအုပ်စုတို့တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု အခြေအနေများနှင့် တာတမံအသစ်တည်ဆောက်ခဲ့သဖြင့် တာတမံနယ်နိမိတ်အတွင်းကျရောက်သည့် နေအိမ်များအတွက် မြေနေရာချထားမှုအခြေအနေများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်အောင်နှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးသည့်အဖွဲ့သည် အထွဋ္ဌကျေးရွာအုပ်စုနှင့် သာခုချောင်းကျေးရွာအုပ်စုတို့မှ ဧရာဝတီမြစ်ရေတိုက်စားမှုအခြေအနေများကို ကြည့်ရှုပြီး တာတမံအသစ်တည်ဆောက်မှုကြောင့် တာတမံနယ်နိမိတ်အတွင်း ပါဝင်သွားသည့် နေအိမ် ၁၆၉ လုံးအတွက် မြေကွက်ရိုက်ပြီး မဲစနစ်ဖြင့် နေရာချထားပေးခဲ့သည်။ နေရာချထားပေးသည့် မြေ ၁၆ ဒသမ ၃၅ ဧကကို တိုင်းဒေသကြီးအစိုးရ၏ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေ ကျပ် ၆၅၄ သိန်းဖြင့် ဝယ်ယူထောက်ပံ့ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာသနဝိပုလပရိယတ္တိစာသင်တိုက် ငွေရတုပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

**နမ့်ခမ်း ဒီဇင်ဘာ ၂၅**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ဝန်ကြီးဌာန၏ မတည်လှူဒါန်းငွေနှင့် ဒေသအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ တိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းငွေဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့ရှိ သာသနဝိပုလပရိယတ္တိစာသင်တိုက် တည်ထောင်ဖွင့်လှစ်ခြင်း ၂၅ နှစ်ပြည့် ငွေရတုပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ငွေရတုပွဲတော်ကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၁ ရက်က စာသင်တိုက်ခန်းမဆောင်၌ ကျင်းပခဲ့ပြီး အစည်းအဝေးတွင် နိုင်ငံတော်ဗဟိုသံဃ ဝန်ဆောင် သာသနဝိပုလပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တသူရိယက ဩဝါဒမိန့်ကြားကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များ၊ ပွဲတော်ကျင်းပရေး ကော်မတီဝင်များက ကဏ္ဍအလိုက် အကြံပြုဆွေးနွေးခဲ့ကြသည်။

ငွေရတုပွဲကို နိုင်ငံတော်ဗဟိုသံဃနာယက ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာတော် သံဃာတော်များ အပါအဝင် သံဃာအပါး ၅၀၀ ပင့်ဖိတ်လှူဒါန်းခြင်း၊ ဓမ္မသဘင်တရားပွဲများ ဆင်ယင်ကျင်းပခြင်း၊ ရိုးရာပွဲလမ်း သဘင်များ ထည့်သွင်းခြင်းစသည့် အစီအစဉ်များဖြင့် ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ ဇန်နဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

# တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရန် သင်တန်းဖွင့်

**ကျိုက်ဒုံ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူရေးအတွက် သင်တန်းအမှတ်စဉ်(၄) ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က မြို့အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဦးက အမှာစကားပြောကြားပြီး ကြာအင်းဆိပ်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရာတွင် စနစ်တကျကောက်ယူနိုင်ရေးအတွက် မှာကြားကာ ကရင်ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဦးဝင်းဇင်မောင်က တိရစ္ဆာန်ကောင်ရေစာရင်း ကောက်မှုပုံစံနှင့် ကောက်ယူရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြာအင်းဆိပ်ကြီးမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာစိုးလွင်နှင့် ကျိုက်ဒုံမြို့ရုံးတာဝန်ခံတို့က ကျိုက်ဒုံဒေသတွင်းရှိ တိရစ္ဆာန်စာရင်းကောက်ယူမည့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့် စာရင်းကောက်များအား သင်တန်းပို့ချပေးခဲ့သည်။

ကျိုက်ဒုံမြို့နယ်တွင် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း လုပ်ငန်းများကို ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်ကာ မြို့နယ်တာဝန်ခံ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ စာရင်းကောက်ယူမည့်လုပ်သားများဖြင့် ဇန်နဝါရီလအတွင်း အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းထွန်းနိုင် (ပြန်/ဆက်)**

# အာဆီယံပါလီမန်များညီလာခံနှင့် မြန်မာလွှတ်တော်၏ အခန်းကဏ္ဍ

## ထွန်းလင်း (၂၉)

**ASEAN Inter-Parliamentary Assembly (AIPA) ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်**

အာဆီယံပါလီမန်များညီလာခံကို အရှေ့တောင်အာရှနိုင်ငံများ အဖွဲ့ဝင် ၁၀ နိုင်ငံရှိ ပါလီမန်များနှင့် ဖွဲ့စည်းထားပါသည်။ ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထုတ်ပြန်ခဲ့သည့် အာဆီယံကြေညာချက်၏ ဦးတည်ချက်များကို ပိုမိုအကောင်အထည်ဖော်နိုင်ရေး၊ အရှေ့တောင်အာရှဒေသ၏ ကြိုးပမ်းအားထုတ်မှုများနှင့် စဉ်ဆက်မပြတ် အောင်မြင်မှုကို အာမခံချက်ပေးနိုင်ရေးတို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြည်သူများ၏ တက်ကြွစွာ ပိုမိုပါဝင်ဆောင်ရွက်မှုသည် ကြီးမားသော အရေးပါမှုဖြစ်သည်ကို သိရှိ၍လည်းကောင်း၊ လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးရေးအတွက် ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ညီရင်းအစ်ကိုစိတ်ဓာတ်နှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မာစေရန်အတွက် ပူးပေါင်းကြိုးပမ်းအားထုတ်ကြရန် သန္နိဋ္ဌာန်ချ၍ လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူတို့ထံမှ အခြေတည်၍ ဖြစ်ပေါ်လာသည့် အာဆီယံနိုင်ငံများ၏ ဥပဒေပြုအဖွဲ့အစည်းများ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် အာဆီယံ၏ လုပ်ငန်းများတွင် အာဆီယံပြည်သူများ ပိုမိုတက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်၍လည်းကောင်း အာဆီယံပါလီမန်များအဖွဲ့ (ASEAN Inter-Parliamentary Organization - AIPO) ကို ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂ ရက်နေ့တွင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပသော (၂၇) ကြိမ်မြောက် အာဆီယံပါလီမန်များအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် AIPO မှ (ASEAN Inter-Parliamentary Assembly - AIPA) ဟု ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**မြန်မာလွှတ်တော် AIPA အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခြင်း**

မြန်မာနိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် အထွေထွေ ရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့ပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ဥပဒေပြုလွှတ်တော်များ ပေါ်ပေါက်ခဲ့ပါသည်။ ပထမအကြိမ် မြန်မာ့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများ မရှိလင့်ကစား လွှတ်တော် အကြီးအမှူးများ၏ ဦးဆောင်မှု၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်မှု၊ နိုင်ငံတကာလွှတ်တော်များနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကိုလည်း ရရှိစေခဲ့ပါသည်။ မြန်မာလွှတ်တော်အနေဖြင့် နိုင်ငံတကာပါလီမန်များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒေသတွင်းနှင့် နိုင်ငံတကာပါလီမန်နှင့် သက်ဆိုင်သော အဖွဲ့အစည်းများတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် လိုအပ်ချက်အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့တွင် ကျင်းပခဲ့သော (၃၂) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ (32th AIPA GA) သို့ တက်ရောက်ခဲ့ပြီး ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုလွှတ်တော်အား AIPA အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် အခမ်းအနားဖြင့် လက်ခံခဲ့ပါသည်။

**အစည်းအဝေးများကျင်းပခြင်း**

အာဆီယံပါလီမန်များညီလာခံ (AIPA GA) ကို နှစ်စဉ် တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပပြီး အိမ်ရှင်နိုင်ငံအဖြစ် အင်္ဂလိပ် အက္ခရာစဉ် (Alphabetical Order) အလိုက် တာဝန်ယူဆောင်ရွက်ပါသည်။ ထို့အပြင် ဆက်စပ်အစည်းအဝေးများဖြစ်သော AIPA Caucus နှင့် AIPA CODD (AIPA Advisory Council On Dangerous Drugs) အစည်းအဝေး (ယခင် AIFOCOM) တို့ကိုလည်း နှစ်စဉ် ကျင်းပပါသည်။ AIPA GA ကို နှစ်စဉ် စက်တင်ဘာလတွင် ကျင်းပလေ့ရှိပြီး Political Matters၊ Social Matters၊ Economic Matters၊ Organizational Matters နှင့် AIPA အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ (Women Parliamentarians of AIPA – WAIPA) အစည်းအဝေးတို့ကို ထည့်သွင်းဆောင်ရွက်ပါသည်။ ဆက်စပ်အစည်းအဝေးများဖြစ်သော AIPA Caucus အစည်းအဝေးကို နှစ်စဉ် ဇွန်လတွင်လည်းကောင်း၊ AIPA CODD အစည်းအဝေးကို နှစ်စဉ် မေလတွင်လည်းကောင်း ကျင်းပလေ့ရှိပါသည်။ ၂၀၁၁ ခုနှစ်မှစ၍ AIPA GA အစည်းအဝေးများနှင့် ဆက်စပ်အစည်း



အဝေးများသို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ နှစ်စဉ် တက်ရောက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသော (၃၆) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို ထိုအချိန်က ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးစီးသော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး Executive Meeting အစည်းအဝေးတွင် မိမိတို့လွှတ်တော် အနေဖြင့် လာမည့် ၂၀၁၆ ခုနှစ်တွင် AIPA GA အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပရမည်ဖြစ်သော်လည်း နှစ်ကုန်ပိုင်းတွင် အထွေထွေရွေးကောက်ပွဲကြီး ကျင်းပရန်ရှိသည်ကတစ်ကြောင်း၊ လွှတ်တော်အသစ်ဖြစ်နေမည်ကတစ်ကြောင်း၊ ၂၀၁၆ ခုနှစ် မတ်လကုန်တွင်လည်း အစိုးရအသစ် လွှဲပြောင်းရန်ရှိသဖြင့် လက်ခံကျင်းပနိုင်ခြင်း မရှိပါကြောင်း ပြောကြားခဲ့ပါသည်။

သို့သော် ၂၀၁၆ ခုနှစ် ဒုတိယအကြိမ် လွှတ်တော်သက်တမ်း အစမှာပင် AIPA အတွင်းရေးမှူးချုပ်မှ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ (37th ASEAN Inter-Parliamentary General Assembly) ကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပပေးပါရန် ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ကမ်းလှမ်းစာပေးခဲ့ပါသည်။ ထိုအချိန်က ယခုနိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်သူ့လွှတ်တော်တွင် ကိုယ်စားလှယ်အဖြစ်နှင့် ရှိနေပြီး AIPA အတွင်းရေးမှူးချုပ်၏ ကမ်းလှမ်းချက်အား လက်ခံသင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သဖြင့် (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံ (37th AIPA GA) ကို အိမ်ရှင်အဖြစ် ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပါသည်။ 37th AIPA GA အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် သက်တမ်းနုနယ်သော မြန်မာလွှတ်တော်အတွက် မှတ်ကျောက်တစ်ခုအဖြစ် ကျန်ရှိခဲ့ပါသည်။ ထိုကဲ့သို့ အောင်မြင်စွာ ကျင်းပနိုင်ခြင်းမှာ လွှတ်တော်အကြီးအမှူးများ၏ လမ်းညွှန်မှု၊ 37th AIPA GA ကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီတွင်ပါဝင်သော လွှတ်တော်ကိုယ်စားလှယ်များ၏ စီမံကွပ်ကဲမှု၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် လွှတ်တော်ရုံးအသီးသီးမှ ဝန်ထမ်းများ၏ ပူးပေါင်းပါဝင် ကြိုးပမ်းအားထုတ်မှုတို့ကြောင့် ဖြစ်ပါသည်။

**38th AIPA GA ၌ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ အခက်အခဲနှင့် အောင်မြင်မှု**

(၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၄ ရက်မှ ၂၀ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့ရာ မြန်မာလွှတ်တော်မှ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင် ၁၇ ဦး ပါဝင်တက်ရောက်ခဲ့ပါသည်။ မြန်မာလွှတ်တော်အနေဖြင့် 32th AIPA GA မှစ၍ အဖွဲ့ဝင် ဖြစ်ခဲ့သော်လည်း GA အစည်းအဝေးများ၌ မိမိနိုင်ငံနှင့် ပတ်သက်သည့် Resolutions များ မရှိခဲ့သဖြင့် သီးခြား ပြန်လည်ချေပဆွေးနွေးရသည့် ကိစ္စရပ်မရှိခဲ့ပါ။ (၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံ၌ ဆွေးနွေးရန် Resolution များ ပေးပို့ရာတွင် အင်ဒိုနီးရှား လွှတ်တော်သည် အစည်းအဝေးကျင်းပရက်နီးမှ Political Matters အတွက် ကြိုတင်ပေးပို့ထားသော Draft Resolution on Promoting the Values of Pluralism and Equality for Democracy Building in ASEAN အစား Draft Resolution on Violent Attacks on Rohingya and Humanitarians Crisis in Myanmar ဟူ၍ အစားထိုး ပေးပို့ခဲ့ပါသည်။

မိမိတို့လွှတ်တော်အနေဖြင့် ၎င်း Resolution သည် မိမိနိုင်ငံ၏ ပြည်တွင်းရေးကိစ္စဖြစ်ပြီး Resolution ခေါင်းစဉ်ပါ အချက်အလက်များသည် မောင်တောဒေသတွင် ဖြစ်ပွားလျက်ရှိသော လက်ရှိမြေပြင်ပကတိ အခြေအနေများနှင့် ကွဲလွဲလျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံတော်အစိုးရနှင့် တပ်မတော်သည် ARSA ၏ အစွန်းရောက် အကြမ်းဖက်လုပ်ရပ်များနှင့် အကြမ်းဖက် တိုက်ခိုက်သူများကိုသာ ဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်သဖြင့် အင်ဒိုနီးရှား၏ အစားထိုးပေးပို့သော Draft Resolution ကို ကန့်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယကထံမှ AIPA အလှည့်ကျ ဥက္ကဋ္ဌဖြစ်သော ဖိလစ်ပိုင် အောက်လွှတ်တော် ဥက္ကဋ္ဌထံသို့ ကန့်ကွက်စာ ပေးပို့ခဲ့ပါသည်။ အလားတူ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ် လွှတ်တော်ဥက္ကဋ္ဌများထံသို့လည်း ပြည်ထောင်စု လွှတ်တော်နာယက က အဖြစ်မှန်များကို သိရှိနိုင်စေရန် စာများ ပေးပို့ခဲ့ပါသည်။

အာဆီယံပါလီမန်များ အထွေထွေညီလာခံမစတင်မီ ပထမတစ်ရက်တွင် AIPA ဥက္ကဋ္ဌ ဦးစီးပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် AIPA SG တို့ ပါဝင်သော AIPA အမှုဆောင်ကော်မတီ (Executive Committee) အစည်းအဝေးပြုလုပ်ပြီး GA ၌ ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးအတည်ပြုပေးရပါသည်။ ယင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် ဦးစီးပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့်၊ ဒေါက်တာသန်းဝင်း၊ သံအမတ်ကြီး ဦးဝင်းနိုင်နှင့် ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးတို့ တက်ရောက်ခဲ့ပါသည်။ Executive Committee အစည်းအဝေးသည် သာမန်အားဖြင့် ကြာမြင့်ချိန် တစ်နာရီခန့်သာ လျာထားသော်လည်း အင်ဒိုနီးရှား၏ Draft Resolution on Violent Attacks on Rohingya and Humanitarians Crisis in Myanmar ကို ဝိုင်းဝန်းဆွေးနွေးကြသဖြင့် နံနက် ၉ နာရီခွဲအချိန်တွင် စသောအစည်းအဝေးသည် ညနေ ၄ နာရီခွဲအချိန်အထိ အဖြေမထွက်ဘဲ အစည်းအဝေးရပ်နားခဲ့ရပါသည်။

ဤနေရာတွင် အနည်းငယ်ရှင်းလင်းလိုသည်မှာ Political Matter အတွက် ဆွေးနွေးရန် Resolutions ရှစ်ခုရှိပြီး အင်ဒိုနီးရှားလွှတ်တော်မှ ပေးပို့ထားသော Resolutions နှစ်ခုပါဝင်ပါသည်။ Executive Committee အစည်းအဝေး၌ Resolutions တစ်ခုချင်းစီအလိုက် ဆွေးနွေးရာတွင် မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အင်ဒိုနီးရှားနိုင်ငံ၏ မြန်မာနိုင်ငံနှင့် ပတ်သက်သော Resolution ကို ကန့်ကွက်ဆွေးနွေးခဲ့ပါသည်။ စင်ကာပူ၊ လာအိုနှင့် အချို့နိုင်ငံ လွှတ်တော်ကိုယ်စားလှယ်အဖွဲ့များက မြန်မာနိုင်ငံ၏ အရေးကိစ္စဖြစ်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ သီးခြားညှိနှိုင်းပြီး ဆောင်ရွက်သင့်ကြောင်း ဝိုင်းဝန်းဆွေးနွေးခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ သဘောထားတင်းမာမှုကြောင့် ညှိနှိုင်းမှု အဆင်မပြေဖြစ်ခဲ့ရပါသည်။

နောက်တစ်နေ့ ဖွင့်ပွဲကျင်းပပြီးချိန်တွင် Executive Committee အစည်းအဝေးထပ်မံပြုလုပ်၍ ဆွေးနွေးကြရာတွင် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက သီးခြား ထပ်မံဆွေးနွေးရန်မရှိကြောင်း၊ မိမိအနေဖြင့် အချက်နှစ်ချက်သာ ပြောကြားလိုကြောင်း၊ "၎င်းတို့မှာ အာဆီယံအစဉ်အလာအားဖြင့် ကျင့်သုံးခဲ့သည့် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို အခြားနိုင်ငံတစ်ခုက ဝင်ရောက်မစွက်ဖက်ရေးနှင့် AIPA Statute-9.7 အရ Executive Committee အစည်းအဝေးတွင် Consensus မရသော Resolution တစ်ခုကို General Assembly အစည်းအဝေးကြီးတွင် တင်ပြခွင့်မရှိကြောင်း" ဆွေးနွေးခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံက ၎င်း၏ Resolution အပေါ် မြန်မာနိုင်ငံက ကန့်ကွက်၍ မဆွေးနွေးရလျှင် ကျန်ရှိသော Resolutions ခုနစ်ခုကိုလည်း ကန့်ကွက်ကြောင်း ဆွေးနွေးခဲ့သဖြင့် Resolution များ သဘောတူညီမှုမရဘဲ 38th AIPA GA တွင် Political Matter အစည်းအဝေး တစ်ရပ်လုံး ကျင်းပနိုင်ခြင်းမရှိခဲ့ပါ။ AIPA GA ကျင်းပမှု တစ်လျှောက်တွင်လည်း Political Matter အစည်းအဝေး မကျင်းပနိုင်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ မိမိတို့ မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် မိမိတို့နိုင်ငံအတွက် မဟုတ်မမှန် စွပ်စွဲထားသော Resolution တစ်ခုကို ဆွေးနွေးမှု အဆင့်ထိ မရောက်ရှိအောင် ဟန့်တားနိုင်ခဲ့ခြင်းသည် မြန်မာလွှတ်တော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၏ အောင်မြင်မှုတစ်ခုဟု ဆိုရမည်ဖြစ်ပါသည်။

(၃၈) ကြိမ်မြောက် အာဆီယံပါလီမန်များ အထွေထွေညီလာခံဖွင့်ပွဲအခမ်းအနားကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ Makati Shangri-La Hotel ၌ ကျင်းပခဲ့ရာ ဖိလစ်ပိုင်နိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Pantaleon D.Alvarez၊ ဖိလစ်ပိုင်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် AIPA အလှည့်ကျဥက္ကဋ္ဌ H.E. Aquilino Pimentel III တို့က အဖွင့်အမှာစကားများ ပြောကြားဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် ညီလာခံ၏ First Plenary Session ကို ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိုင်ငံအလိုက် Statement ပြောကြားခဲ့ရာတွင် Alphabetical Order အရ အင်ဒိုနီးရှားနိုင်ငံသည် တတိယမြောက်အဖြစ် ပြောကြားရပြီး မြန်မာက ဆဋ္ဌမမြောက်အဖြစ် ပြောကြားခဲ့ရပါသည်။

ထိုသို့နိုင်ငံအလိုက် Statement ပြောကြားရာတွင် အင်ဒိုနီးရှားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Dr. Fadli Zon က မြန်မာနိုင်ငံနှင့် ပတ်သက်၍ "ရိုဟင်ဂျာလူမျိုးများကို ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်သတ်ဖြတ်ခြင်းအတွက် လူမျိုးတုံးသတ်ဖြတ်သည် ဟူသော Ethnic Cleansing ထက် ပိုမိုသင့်လျော်သော စကားရပ်မရှိကြောင်း၊ ယခုကဲ့သို့ စနစ်တကျ စီမံနှိပ်ကွပ်နေမှုကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြောင်း၊ မြန်မာအစိုးရနှင့် မြန်မာလွှတ်တော်တို့မှ တည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးဆောင်ရွက်ပြီး လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့များကို ဘာသာ လူမျိုးမခွဲခြားဘဲ အမြန်ဆောင်ရွက်ပေးရန်" ထည့်သွင်းပြောကြားခဲ့ရာ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကလည်း ၎င်း၏ Statement တွင် "ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော ကိစ္စရပ်များသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့က မြန်မာနိုင်ငံ

> "ပထမအကြိမ် မြန်မာ့လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများ မရှိလင့်ကစား လွှတ်တော်အကြီးအမှူးများ၏ ဦးဆောင်မှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်မှု၊ နိုင်ငံတကာလွှတ်တော်များနှင့် အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုတို့ဖြင့် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကိုလည်း ရရှိစေခဲ့"

*စာမျက်နှာ ၂၀ သို့*


MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
ရွှေစကား
၁မိနစ် ၀
၁၀/-
*234*4#
ရွှေစကားအစီအစဉ်တွင် MPT အချင်းချင်း ဖုန်းခေါ်ဆိုတိုင်း ၁ မိနစ်လျှင် ၁၀ကျပ်သာ ကျသင့်ပါမည်။
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
www.facebook.com/mptofficialpage
MPTOFFICIAL
CALL CENTER 106
call free
24 hours everyday

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီ

## တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန တင်ဒါကော်မတီသည် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ အောက်ဖော်ပြပါ အဖွဲ့ပိုင်ဈေး (၂)ဈေးနှင့် ကားကြီးဝင်း (၁)ခု အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် Design & Build တင်ဒါတင်သွင်းလိုသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တိုင်းရင်းသားများပိုင် ပြည်တွင်းကုမ္ပဏီများအား တင်ဒါများ တင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအကြောင်းအရာ |
|---|---|
| (က) | ကော့မှူးမြို့မဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| (ခ) | ကွမ်းခြံကုန်း ကုန်စိမ်းဈေး အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |
| (ဂ) | ကျောက်တန်းမြို့ ကားကြီးဝင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း |

၂။ တင်ဒါများကို နည်းပညာပိုင်းဆိုင်ရာ အဆိုပြုလွှာနှင့် ငွေကြေးဆိုင်ရာ အဆိုပြုလွှာဟူ၍ သီးခြားစာအိတ်များဖြင့် တင်ဒါတင်သွင်းသူများ လိုက်နာရန် ညွှန်ကြားချက်များ (Instructions to Tenderers)နှင့်အညီ တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါစာရွက်စာတမ်းအပြည့်အစုံကို ၅-၁-၂၀၁၈ ရက်မှစ၍ ၁၉-၁-၂၀၁၈ ရက်အထိ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ အင်ဂျင်နီယာဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဆောင်ရွက်မည့် ဒီဇိုင်းအပါအဝင် တင်ဒါစာရွက်အပြည့်အစုံကို အထက်ဖော်ပြပါဌာနသို့ ၁၉-၂-၂၀၁၈ ရက် နံနက် ၀၉း၀၀ နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရပါမည်။ နောက်ကျတင်သွင်းသောတင်ဒါများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ၁၉-၂-၂၀၁၈ရက် ၁၀း၀၀နာရီတွင် တင်ဒါတင်သွင်းသူများရှေ့၌ စာရွက်စာတမ်းများကို ဖွင့်ဖောက်စစ်ဆေးသွားမည်ဖြစ်ပါသည်။

၅။ တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသောအချက်များကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ အင်ဂျင်နီယာဌာန၊ ဖုန်း-၀၉-၉၅၃၁၂၉၆၆၀၊ ၀၉-၉၇၆၆၈၀၄၇၉၊ ၀၉-၂၀၄၂၇၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဂျပန်နှစ်ရှည်ချေးငွေ (JICA ODA Loan)ဖြင့် ဆောင်ရွက်မည့် မိတ္ထီလာမြို့ ရေပေးရေးလုပ်ငန်း ဒီဇိုင်း(Detailed Design) အား တိုင်းရင်းသားလုပ်ငန်းရှင်များမှ တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)များကို ၂၃-၁-၂၀၁၈ရက် နံနက် ၁၀း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ Pre-Bid Meeting Session အား ၉-၁-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး on-site explanation ကို မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ၁၀-၁-၂၀၁၈ ရက်တွင် ပြုလုပ်မည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ်(၁၄)၊ နေပြည်တော် (ဖုန်း-၀၆၇-၃၄၀၉၀၂၉၊ ၃၄၀၉၄၀၇၊ ၃၄၀၉၂၁၅ တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကုသရေးဦးစီးဌာန မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကြီး

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း မော်လမြိုင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက်ကုသသော လူနာများအတွက် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၁။ **လျှောက်လွှာများရောင်းချမည့်ရက်** - ၂၆-၁၂-၂၀၁၇ ရက် (အင်္ဂါနေ့)

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၃၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**ပြည်သူ့ဆေးရုံကြီး-မော်လမြိုင်မြို့**
**ဖုန်း-၀၅၇-၂၄၈၃၉**

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ

## ကြေညာချက်

### (ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၀)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၃) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၆) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၈) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၁၁) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၁၁) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၁၅) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၂၂) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၂၅) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | **စုစုပေါင်း** | = | (၁၂၄၂၀၄) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## မီးစက် အမြန်ရောင်းရန်ရှိသည်

300-KVA တစ်လုံး

**ဖုန်း-၀၉-၇၉၅၃၁၁၃၂၄၊ ၀၉-၇၉၈၃၈၈၆၆၇**

လက်ရှိအသုံးပြုနေဆဲ

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၈၃၆)၊ ဧရိယာ ၀ဒသမ ၁၄၆ဧက၊ ဦးသိန်းကျော်(ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၂၁၉၈၀ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကျော်လွင် (ဘ) ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၃၂၈၆၈)၊ ဧရိယာ ၀ဒသမ ၁၄၆ဧက၊ ဒေါ်နှင်းစန္ဒာမြင့် (ဘ) ဦးမြင့်ရွှေ ၉/ပမန(နိုင်)၂၄၉၄၈၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကျော်လွင် (ဘ) ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ အေးရွာကျေးရွာအုပ်စု၊ ပေချောင်းကျေးရွာ၊ အိမ်ထောင်စုအမှတ်(၃၄)နေ ဖခင် ဦးကျော်ငြိမ်း ၁၄/ဘကလ(နိုင်)၁၀၃၄၄၄ နှင့် မိခင် ဒေါ်ခင်မာရီ ၁၄/ဘကလ(နိုင်)၁၀၃၄၃၅ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်မ၏ မိတ်ဆွေဖြစ်သော ဦးကျော်ငြိမ်း-ဒေါ်ခင်မာရီတို့၏ သားငယ် ကိုမျိုးဇော်အောင် ၁၄/ဘကလ(နိုင်)၂၂၀၅၄၃ သည် မိဘတို့၏ ဆုံးမသွန်သင်မှုကို နာခံခြင်းမရှိဘဲ မိဘတို့၏ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် အမျိုးမျိုးပြုလုပ်၍ မိမိသဘောဖြင့် ၁၉-၁၂-၂၀၁၇ ရက်တွင် နေအိမ်မှ ဆင်းသွားသောကြောင့် ထိုရက်မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် ဦးကျော်ငြိမ်း-ဒေါ်ခင်မာရီတို့၏ အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန့်သန့်နိုင် (အယ်လ်အယ်လ်ဘီ)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၇၉၆)**
**ဖုန်း-၀၉-၄၂၂၄၉၀၆၅၄**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်မ ဒေါ်နေခြည်စိုး(ခ)ဒေါ်တိုးတိုးလွင် ၇/ရတန(နိုင်)၀၇၀၃၄၁သည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ကန်သာကျေးရွာအုပ်စု၊ ရန်ကုန်-မန္တလေးလမ်း၊ သပြေဝလမ်းဆုံ၊ ထနောင်းကန်ဆိုင်တန်းစက်မှုဇုန်၊ နီလာရိုးမဆီဆိုင် အနီးရှိ ကွင်းအမှတ် (၅၆၄)၊ ရွာတန်းရှည်ကွင်း၊ ဦးပိုင်အမှတ် (N/၃)၊ မြေကွက်အမှတ်(၅၄၇/၆၆၀)၊ ပေ( ၅၀×၂၀၀)၊ ဧရိယာ ၀ဒသမ၂၀ဧက မြေနှင့် ယင်းဝိုင်းမြေကွက်ပေါ်ရှိ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်မတစ်ဦးတည်းအမည်ပေါက် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။ ထို့ကြောင့် ကျွန်မ၏ခင်ပွန်း ဦးသန်းထွန်းအောင် ၉/မထလ(နိုင်)၀၄၀၇၄၆နှင့် မည်သို့မျှ ပတ်သက်ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါ။ ယင်းဝိုင်းမြေကွက်ပေါ်ရှိ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်မ ဒေါ်နေခြည်စိုးမှလွဲ၍ မည်သူမှပိုင်ဆိုင်အကျိုးခံစားခွင့် မရှိပါ။ ယင်းမြေကွက်နှင့် ပတ်သက်ပြီး အပြီးအပြတ်ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပေးထားခြင်းလုံးဝမရှိပါ။ သို့ဖြစ်ပါ၍ ၎င်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်မ မသိရှိဘဲ ရောင်းချခြင်း၊ပေါင်နှံခြင်း၊ပေးကမ်းခြင်း၊ အာမခံထားရှိခြင်း စသည့်အရှုပ်အရှင်းများဖြစ်ပေါ်လာပါက ကျွန်မမှ တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နေခြည်စိုး(ခ)တိုးတိုးလွင် ၇/ရတန(နိုင်)၀၇၀၃၄၁**
**ဖုန်း-၀၉-၅၄၁၄၄၅၀**

# ကုန်သွယ်လုပ်ငန်းခွန် ကျသင့်ခြင်းနှင့် ခုနှိမ်ခွင့်နည်းလမ်းများ အသိပေးကြေညာခြင်း

၁။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ**

မည်သူမဆို အောက်ပါဆောင်ရွက်ချက်များ လုပ်ဆောင်ပါက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်ဖြစ်ပါသည်-

(က) ပြည်တွင်း၌ ကုန်စည်ထုတ်လုပ်ရောင်းချခြင်း

(ခ) ပြည်တွင်း၌ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း၌ ဝန်ဆောင်မှုဆောင်ရွက်ခြင်း၊

(ဃ) ပြည်ပမှ ကုန်စည်တင်သွင်းခြင်း၊

(င) ပြည်ပသို့ ကုန်စည်တင်ပို့ခြင်း၊

၂။ **ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် တာဝန်ရှိသူများ**

(က) ပြည်ပမှ ကုန်စည်တင်သွင်းခြင်းဖြစ်ပါက ကုန်စည်တင်သွင်းသူက ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရပါမည်။

(ခ) ကုန်စည်ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ကုန်စည်တင်သွင်း ရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့က ကုန်စည်ဝယ်ယူသူ၊ ဝန်ဆောင်မှုရယူသူထံမှ ကျသင့်တန်ဖိုးနှင့်အတူ ကုန်သွယ်လုပ်ငန်းခွန်ကို တစ်ပါတည်းကောက်ခံ၍ ပေးဆောင်ရမည်ဖြစ်ပါသည်။ သို့ရာတွင် ထုတ်လုပ်ရောင်းချသူ၊ ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည် ကုန်သွယ်လုပ်ငန်းခွန် လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပတခ(ကသခ)- ၂ ရှိမှသာ ကုန်သွယ်လုပ်ငန်းခွန်အား ကောက်ခံနိုင်မည်ဖြစ်ပါသည်။

၃။ **လုပ်ငန်းအလိုက် ခုနှိမ်ခွင့်ရှိသည့် ပေးဆောင်ပြီး ကုန်သွယ်လုပ်ငန်းခွန်များ**

(က) ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော ကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) အခြားကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှ ကုန်စည်တင်သွင်းသူထံမှဖြစ်စေ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်စည်ထုတ်လုပ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(ခ) **ပြည်ပမှ ကုန်စည်တင်သွင်းသူနှင့် ကုန်သွယ်မှုဆောင်ရွက်သူ၊ ဝန်ဆောင်မှုဆောင်ရွက်သူသည်** မိမိရောင်းချသည့် ကုန်စည်အပေါ် ကျသင့်သည့်ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်းအလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ ဝယ်ယူသောကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်သွယ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

၄။ **အခွန်ခုနှိမ်ပေးသွင်းခြင်းဆိုင်ရာသတ်မှတ်ပုံစံများ**

**ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်ရရှိရန်** အောက်ဖော်ပြပါ သတ်မှတ်ပုံစံများအား သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် တင်ပြလျှောက်ထားရမည်။

(၁) ပြည်ပမှ ကုန်ပစ္စည်းတင်သွင်းရောင်းချခြင်းဖြစ်ပါက-

(ကက) သွင်းကုန်ကြေညာလွှာ (Import Declaration form) (မူရင်း/မိတ္တူ)

(ခခ) ပတခ (ကသခ)-၃၂ ပုံစံ (မူရင်း/မိတ္တူ)

(ဂဂ) ပတခ (ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)

(ဃဃ) ပတခ (ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

(၂) ပြည်တွင်းထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်မှုဆောင်ရွက်ခြင်း၊ ဝန်ဆောင်မှုဆောင်ရွက်ခြင်းဖြစ်ပါက-

(ကက) ပတခ (ကသခ)-၃၁ ပုံစံ (မူရင်း/မိတ္တူ)

(ခခ) ပတခ (ကသခ)-၃၃ ပုံစံ (မူရင်း/မိတ္တူ)

(ဂဂ) ပတခ (ကသခ)-၂ ပုံစံ (မူရင်း/မိတ္တူ)

လစဉ်ကျသင့်သော ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရာတွင်လည်း ပေးဆောင်ခဲ့ပြီးသော ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်ပေးသွင်းနိုင်ပါသည်။

**အသေးစိတ်သိရှိလိုပါက** သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများနှင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၃၀၀၀၉၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၈၆၅၄၈ Luojia 110 ယာဉ်လက်ဝယ်ရှိသူ KHWAR NYO TRADING Co., Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၈၇၀)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ ဒေါ်သြီအေး (ဘ)ဦးလှမောင် ၁၃/လလန(နိုင်)၀၃၄၆၅၂ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကျော်လွင် (ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ မှ မြေပေးမိန့်(ပါမစ်) မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၇၂၆၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၈၇၂)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက၊ ဒေါ်မြင့်မြင့်သန်း (ဘ)ဦးသင်း(ခ)ပြင်း ၉/သစန(နိုင်)၀၀၇၈၀၀ အမည်ပေါက်ပါမစ်မြေကွက်အား ဦးအောင်ကျော်လွင် (ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၃၂၈၆၆)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧက ဦးမောင်စန်း (ဘ)ဦးထွန်းစိန် ၉/ကပတ(နိုင်)၁၇၉၈၀၃ အမည်ပေါက် ပါမစ်မြေကွက်အား ဦးအောင်ကျော်လွင် (ဘ)ဦးသိန်းအောင် ၁၂/ကတတ(နိုင်)၀၀၀၀၂၅ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တွင် ကျန်းမာရေးသုံး Ambulance ယာဉ်ထုတ်လုပ်ရန်အတွက် အောက်ပါပစ္စည်းများအား ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Toyota Hiace (2017 Model, Diesel EFJ 3000cc LHD Power Steering Brand New) မော်တော်ယာဉ် (၅၅)စီး | (1) Lot |
| (ခ) | ဆက်စပ်ပစ္စည်း | (1) Lot |
| (ဂ) | Medical Equipment | (1) Lot |

တင်ဒါပုံစံနှင့်အသေးစိတ်သိရှိလိုပါက အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်နှင့်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)၊ ဖုန်း-၀၆၇-၄၀၈၂၈၇၊ ၀၆၇-၄၀၈၃၃၂၊ ၀၉-၇၉၆၅၅၇၃၂၂ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချရက်** - ၂၇-၁၂-၂၀၁၇ ရက် နံနက် ၉း၃၀ နာရီ

**တင်ဒါပိတ်ရက်** - ၉-၁-၂၀၁၈ ရက် ညနေ ၁၆း၀၀ နာရီ

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်-၃/၂၀၁၇-၂၀၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်နယ်(ဖြည့်စွက်)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတား လုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံ၊ ကျောက်စရစ်၊ သဲ၊ သစ်၊ ဘိလပ်မြေ၊ သံချောင်းရှယ်စုံနှင့် ဒီဇယ်ဆီများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုအပ်ပါသည်။

(၁) တင်ဒါလျှောက်လွှာပုံစံများကို လက်ထောက်ညွှန်ကြားရေးမှူး မြို့ပြရုံး၊ ကျောက်ဖြူခရိုင်ရုံးတွင် (၂-၁-၂၀၁၈)ရက်မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၁-၁-၂၀၁၈ ရက် မွန်းလွဲ ၂ နာရီ

(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၂-၁-၂၀၁၈ ရက် နံနက် ၉ နာရီ

(၄) **တင်ဒါဖွင့်မည့်နေရာ** - လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျောက်ဖြူခရိုင်

အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း လူကိုယ်တိုင် (သို့) ဖုန်း-၀၄၃-၄၆၀၃၃ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | CTP Plate (၂)မျိုး | (၆၂၅၀) | ချပ် |
| (ခ) | ပုံနှိပ်မင် (အဝါ၊ အနီ၊ အပြာ၊ အနက်) | (၄၁၅၀) | kg |
| (ဂ) | Insulated Covered Winding Wire | (၉၁၅၀၀) | မီတာ |
| (ဃ) | Heavy Duty Sewer Rod | (၃၀၀) | ချောင်း |
| (င) | ဓာတ်ခွဲခန်းသုံးပစ္စည်းများ | (၆) | မျိုး |
| (စ) | Abate ဆေး | (၅၀၀) | ပုံး |
| (ဆ) | လုပ်ငန်းသုံးစိမ်းလန်းဝတ်စုံ | (၃၅၃၇) | ထည် |
| (ဇ) | လုပ်ငန်းသုံးမိုးကာအင်္ကျီ | (၁၅၅၇) | ထည် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၆-၁၂-၂၀၁၇ ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး၊ အိတ်ဖွင့်တင်ဒါများကို ၉-၁-၂၀၁၈ ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း -၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၇၇၇၇၁၀၂၉၇၊ ၀၉-၇၃၀၃၃၄၀၇၊ ၀၉-၄၃၁၃၇၇၂၁၊ ၀၉-၂၅၀၂၈၃၈၄၊ ၀၉-၂၅၂၅၂၇၁၂၊ ၀၉-၄၃၂၀၀၀၃၄ နှင့် ၀၉-၄၅၉၂၆၆၆၉၇ တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## CLAIMS DAY NOTICE
## M.V LOTUS LEADER VOY:NO(17)

Consignees of cargo carried by M.V LOTUS LEADER VOY: NO (18) are here by notified that the vessel will arrive on about 28-12-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၆၄၆၇၄ Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်အောင် ၉/ပမန(နိုင်)၀၈၂၀၁၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**


Nestlé
BEAR BRAND
Enriched
Malted Milk
ကြံ့ခိုင်ထက်မြက်
သာလွန်ခြင်းအတွက်
သံဓာတ်
NEW!
Net Weight: 20g
✔သံဓာတ်ပိုမိုပါဝင်ခြင်း
✔ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း
NESTLÉ BEAR BRAND Enriched Malted Milk တွင် သံဓာတ်ပိုမိုပါဝင်ခြင်း၊ ကယ်လ်ဆီယမ် ပိုမိုပါဝင်ခြင်း၊
ခန္ဓာကိုယ်အတွက်လိုအပ်သော အခြားဗီတာမင်နှင့် သတ္တုဓာတ်များ ပါဝင်ခြင်းကြောင့် ကြံ့ခိုင်ထက်မြက်သော မိသားစုများ ဖြစ်လာနိုင်ပါသည်၊
အထုပ်သေး တစ်ထုပ်တွင် တစ်နေ့တာ လိုအပ်သော သံဓာတ်ပမာဏ၏ သုံးပုံတစ်ပုံ ပါဝင်ပါသည်၊


၁မိနစ် ဝ
၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရှန်းရှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ်ဆိုလိုက်ပါ
ooredoo

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရတနာပုံတက္ကသိုလ်
# (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်မှ ကြီးမှူးကျင်းပခဲ့သည့် ရတနာပုံတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် ပေါင်းစည်းဆက်သွယ်ထားသော မြင်းခြံဒီဂရီကောလိပ်နှင့် မန္တလာဒီဂရီကောလိပ်တို့မှ ဘွဲ့ရစာမေးပွဲအသီးသီးကိုအောင်မြင်ခဲ့ပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် လျှောက်ထားကြသူများအတွက် ရတနာပုံတက္ကသိုလ်၏ (၂၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ကြရန် ကြေညာလိုက်ပါသည်။

### ဘွဲ့နှင်းသဘင် ပထမနေ့ (၆-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၁ နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ — မနုဿဗေဒ၊ သင်္ချာ၊ (ခုံအမှတ် MRes/Math - ၁ မှ ၆ ထိ)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ — သမိုင်း၊ မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၂ မဟာသခ-၁ မှ ၁၄ ထိ)၊ ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — သမိုင်း၊ မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၃ ဂုဏ်သခ-၁ မှ ၁၇ ထိ)၊ ကုန်ထုတ်ဓာတုဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — သမိုင်း၊ မနုဿဗေဒ၊ သင်္ချာ (ခုံအမှတ် ၄ သခ-၁ မှ ၂၀၃ ထိ) ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၄ကခ- ၁ မှ ၁၈၀ ထိ)

### ဘွဲ့နှင်းသဘင် ပထမနေ့ (၆-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၂ မွန်းလွဲပိုင်း မွန်းလွဲ ၂း၀၀ နာရီ

မဟာသုတေသနဘွဲ့ — မြန်မာစာ၊ သင်္ချာ၊ (ခုံအမှတ် MRes/Math - ၇ နှင့်အထက်)
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ — မြန်မာစာ၊ ပထဝီဝင်၊ သင်္ချာ (ခုံအမှတ် ၂ မဟာသခ-၁၅ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ပထဝီဝင်၊ သင်္ချာ (ခုံအမှတ် ၃ ဂုဏ်သခ-၁၈ နှင့်အထက်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — မြန်မာစာ၊ ပထဝီဝင်၊ သင်္ချာ (ခုံအမှတ် ၄ သခ-၂၀၄ နှင့်အထက်) ကုန်ထုတ်ဓာတုဗေဒ (ခုံအမှတ် ၄ ကခ- ၁၈၂ နှင့်အထက်)

**ပထမနေ့ (အပိုင်း-၁၊ အပိုင်း-၂) အစမ်းလေ့ကျင့်ရက် (၅-၁-၂၀၁၈) နံနက် ၉း၀၀ နာရီ**

### ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၇-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၃ နံနက်ပိုင်း နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ — အင်္ဂလိပ်စာ၊ မြန်မာမှု
မဟာဝိဇ္ဇာဘွဲ့ — အင်္ဂလိပ်စာ (ခုံအမှတ် ၂ မဟာအ-၁ မှ ၂၀ ထိ)၊ မြန်မာမှု
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — အင်္ဂလိပ်စာ၊ မြန်မာမှု၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ နျူကလီယရူပဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — အင်္ဂလိပ်စာ(ခုံအမှတ် ၄အ - ၁ မှ ၁၃၄ ထိ) စိတ်ပညာ၊ မြန်မာမှု၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ နျူကလီယရူပဗေဒ

### ဘွဲ့နှင်းသဘင် ဒုတိယနေ့ (၇-၁-၂၀၁၈)အစီအစဉ်
### အပိုင်း-၄ မွန်းလွဲပိုင်း မွန်းလွဲ ၂း၀၀ နာရီ

မဟာသုတေသနဘွဲ့ — ဒဿနိကဗေဒ၊ ရုက္ခဗေဒ
မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ — အင်္ဂလိပ်စာ(ခုံအမှတ် ၂မဟာအ-၂၁နှင့်အထက်)၊ ဒဿနိကဗေဒ၊ ရုက္ခဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ဒဿနိကဗေဒ၊ ရုက္ခဗေဒ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — အင်္ဂလိပ်စာ(ခုံအမှတ် ၄အ-၁၃၅နှင့်အထက်) ဒဿနိကဗေဒ၊ ရုက္ခဗေဒ၊ ကွန်ပျူတာသိပ္ပံ

**ဒုတိယနေ့ (အပိုင်း-၃၊ အပိုင်း-၄) အစမ်းလေ့ကျင့်ရက် (၅-၁-၂၀၁၈) မွန်းလွဲ ၂း၀၀ နာရီ**

### ဘွဲ့နှင်းသဘင် တတိယနေ့ (၁၀-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၅ နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ — နိုင်ငံတကာဆက်ဆံရေးပညာ၊ ဥပဒေပညာ
မဟာဥပဒေဘွဲ့ — ဥပဒေပညာအထူးပြု (ခုံအမှတ် ၂ မဟာဥ-၁ မှ ၁၃ ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — နိုင်ငံတကာဆက်ဆံရေးပညာ
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — သမိုင်း၊ ရူပဗေဒ (မန္တလာဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — နိုင်ငံတကာဆက်ဆံရေးပညာ၊ သတ္တဗေဒအထူးပြု (ခုံအမှတ် ၄ သတ- ၁ မှ ၁၂၀ ထိ)
ဥပဒေဘွဲ့ — ဥပဒေပညာအထူးပြု (ခုံအမှတ် ၅ ဥ - ၁ မှ ၈၁ ထိ)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — သမိုင်း၊ ရူပဗေဒ(မန္တလာဒီဂရီကောလိပ်)

### ဘွဲ့နှင်းသဘင် တတိယနေ့ (၁၀-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၆-မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

မဟာသုတေသနဘွဲ့ — သတ္တဗေဒ
မဟာဥပဒေဘွဲ့ — ဥပဒေပညာအထူးပြု (ခုံအမှတ် ၂ မဟာဥ - ၁၄ နှင့်အထက်)
မဟာသိပ္ပံဘွဲ့ — သတ္တဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ — အင်္ဂလိပ်စာ၊ ပထဝီဝင် (မန္တလာဒီဂရီကောလိပ်)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — သတ္တဗေဒ
ဥပဒေဘွဲ့ — ဥပဒေပညာအထူးပြု (ခုံအမှတ် ၅ ဥ - ၈၂ နှင့်အထက်)
ဝိဇ္ဇာဘွဲ့ — အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ (မန္တလာဒီဂရီကောလိပ်)
သိပ္ပံဘွဲ့ — သတ္တဗေဒ (ခုံအမှတ် ၄ သတ - ၁၂၁ နှင့်အထက်)

**တတိယနေ့ (အပိုင်း-၅၊ အပိုင်း-၆)၊ အစမ်းလေ့ကျင့်ရက် (၉-၁-၂၀၁၈) နံနက် ၉း၀၀ နာရီ**

### ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၁-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၇ နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ — ရူပဗေဒ
မဟာသိပ္ပံဘွဲ့ — ရူပဗေဒ (ခုံအမှတ် ၂ မဟာရပ - ၁ မှ ၁၉ ထိ)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ရူပဗေဒ (ခုံအမှတ် ၃ ဂုဏ်ရပ - ၁ မှ ၂၀ ထိ)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — သင်္ချာ၊ ရုက္ခဗေဒ (မန္တလာဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့ — မြန်မာစာ၊ ခရီးသွားစီမံခန့်ခွဲမှုပညာ (မန္တလာဒီဂရီကောလိပ်)
သိပ္ပံဘွဲ့ — ရူပဗေဒအထူးပြု (ခုံအမှတ် ၄ ရပ - ၁ မှ ၁၂၂ ထိ)
သိပ္ပံဘွဲ့ — သင်္ချာ၊ ရုက္ခဗေဒ (မန္တလာဒီဂရီကောလိပ်)

### ဘွဲ့နှင်းသဘင် စတုတ္ထနေ့ (၁၁-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၈ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ — စာကြည့်တိုက်နှင့်သုတပညာ၊ ရူပဗေဒ(ခုံအမှတ် ၂မဟာရပ-၂၀မှ ၃၄ထိ)
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — စာကြည့်တိုက်နှင့်သုတပညာ၊ ရူပဗေဒ(ခုံအမှတ် ၃ဂုဏ်ရပ-၂၁နှင့်အထက်)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ဓာတုဗေဒ၊ သတ္တဗေဒ (မန္တလာဒီဂရီကောလိပ်)
ဒီပလိုမာဘွဲ့ — စာကြည့်တိုက်နှင့်သုတပညာ
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — စာကြည့်တိုက်နှင့်သုတပညာ၊ ရူပဗေဒအထူးပြု(ခုံအမှတ် ၄ရပ-၁၂၃မှ ၂၈၂ထိ)
သိပ္ပံဘွဲ့ — ဓာတုဗေဒ၊ သတ္တဗေဒ (မန္တလာဒီဂရီကောလိပ်)

**စတုတ္ထနေ့ (အပိုင်း-၇၊ အပိုင်း-၈) အစမ်းလေ့ကျင့်ရက် (၉-၁-၂၀၁၈) မွန်းလွဲ ၂း၀၀ နာရီ**

### ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၁၄-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၉ နံနက်ပိုင်း၊ နံနက် ၉း၀၀ နာရီ

မဟာသုတေသနဘွဲ့ — ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ
မဟာသိပ္ပံဘွဲ့ — ရူပဗေဒ(ခုံအမှတ် ၂ မဟာရပ - ၃၅ နှင့်အထက်)
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ (၃ ဂုဏ်ဇဓ - ၁ မှ ၅ ထိ)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ဓာတုဗေဒ (မြင်းခြံဒီဂရီကောလိပ်)
ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့ — ရှေးဟောင်းသုတေသနပညာ (ခုံအမှတ် ၄ သု - ၁ မှ ၈၁ ထိ)၊ ဓာတုဗေဒ(ခုံအမှတ် ၄ ဓ - ၁ မှ ၁၁၇ ထိ)၊ ရူပဗေဒ (ခုံအမှတ် ၄ ရပ - ၂၈၃ နှင့်အထက်)
သိပ္ပံဘွဲ့ — ဓာတုဗေဒ (မြင်းခြံဒီဂရီကောလိပ်)

### ဘွဲ့နှင်းသဘင် ပဉ္စမနေ့ (၁၄-၁-၂၀၁၈) အစီအစဉ်
### အပိုင်း-၁၀ မွန်းလွဲပိုင်း၊ မွန်းလွဲ ၂း၀၀ နာရီ

မဟာဝိဇ္ဇာဘွဲ့/မဟာသိပ္ပံဘွဲ့ — ရှေးဟောင်းသုတေသနပညာ၊ ဓာတုဗေဒ
ဝိဇ္ဇာ(ဂုဏ်ထူး)/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — မြန်မာစာ၊ သတ္တဗေဒ (မြင်းခြံဒီဂရီကောလိပ်)
သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ — ဇီဝဓာတုဗေဒ (၃ ဂုဏ်ဇဓ - ၆ နှင့်အထက်)
